www.burmeseclassic.com

ရွှေစင်ဦး
စာပေတိုက်



ကျူးပစ်ကိုယ်တိုင်
မသိခဲ့တဲ့
မြား

ဘကြောင်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်၊
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် ၄ ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေး ဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် ၄ ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## စာရေးသူ၏ ထုတ်ဝေပြီး စာအုပ်များ

၁။ လဆွဲအားနဲ့ မိန်းမ
၂။ အဆင့်မြင့် ချည်တိုင်
၃။ အနေ့သွား လွန်းပျံယာဉ်
၄။ စိတ်ကောက်နတ်သမီး
၅။ လေလုံဇကာ (ကဗျာ)
၆။ အပြာရောင်မှတ်ဉာဏ် အပိုင်းအစများ
၇။ သံယောဇဉ် ဖတ်စာ
၈။ သစ်ရွက်တို့၏ ပေါ့ဆခြင်းများ (ကဗျာ)
၉။ ဝတ်မှုန်ကူးတဲ့ ကြယ်
၁၀။ စက္ကူပန်းတွေရဲ့ သီချင်း

## ယခု

၁၁။ ကျူးပစ်ကိုယ်တိုင် မသိခဲ့တဲ့မြားအကြောင်း

## ဆက်လက်၍

၁၂။ အပျင်းပြေ ဒိုရေမီဖာ (ကဗျာ)
၁၃။ ဗလာကောင်ရေးတဲ့ ဗလာအကြောင်းများ
၁၄။ ချစ်သူပြောတဲ့ တနင်္ဂနွေပုံပြင်
၁၅။ အဆောင်သူအတွက်...
၁၆။ အခန်းဆက်နှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၈၅၂/၂၀၀၃ (၆) |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၉၄၈/၂၀၀၃ (၈) |
| ထုတ်ဝေသူ | – | ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)<br>ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့–၃ |
| မျက်နှာဖုံးနှင့် | – | ဦးမိုဟာမက်ရဖီ |
| အတွင်းပုံနှိပ်သူ | | မွန်းစတား ပုံနှိပ်တိုက်၊<br>အမှတ်(၂၀၈)၊(၃၁) လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးပန်းချီ | – | ကိုကိုနိုင် |
| ထုတ်ဝေသည့်ကာလ | – | ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ၊ |
| အုပ်ရေ | – | ၁၀၀၀ အုပ် |
| မျက်နှာဖုံးဖလင် | – | စတား (stars) |
| အတွင်းဖလင် | – | 'ပုံရိပ်ရှင်' |
| ပုံနှိပ်ခြင်း | – | ပထမအကြိမ် |

တန်ဖိုး – ၇၅၀ ကျပ်


(လုံးချင်းဝတ္ထုသစ်)

ကျူးပစ်ကိုယ်တိုင်မသိခဲ့တဲ့မြားအကြောင်း

---

# ဝေမှူးသွင်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

Cupid is armed and dangerous.

www.burmeseclassic.com

www.burmeseclassic.com

ကျူးပစ်နှင့်ပတ်သက်၍အမှာ – – –

တစ်နေ့ ---။ ကျွန်တော်တီတီတိတ်ဆိတ်ဆိတ်ပဲ ကန်တင်းမှာ ထိုင်ပြီး အတန်းတက်ချင်စိတ်မရှိတဲ့တစ်နေ့ပေါ့။ ကောင်မလေး တစ်ယောက်ကို မတော်တဆတွေ့ခဲ့ရပါတယ်။ ဖျတ်ခနဲမျက်စိထဲ လှုပ်ရှားသွားပေမဲ့ ကျွန်တော်က အမှတ်တမဲ့ပဲထားလိုက်ပါတယ်။

နောက်တော့ နည်းနည်းမျက်မှန်းတန်းမိသွားတယ်၊ ကျွန်တော်က သူမကိုမြင်ရင်လိုက်ကြည့်တာကိုး---။ ဒီလိုနဲ့ တစ်နှစ်နီးပါးလောက် ကြာတော့ ကျွန်တော်တို့နှစ်ယောက်ဟာ မထင်မှတ်ဘဲ သူငယ်ချင်းတွေ ဖြစ်သွားကြတယ်။ ဒါဟာ ကျွန်တော်မမျှော်လင့်ထားတဲ့ အခြေအနေ တစ်ခုပါ။

တဖြည်းဖြည်း ကျွန်တော့်အကြောင်းတွေကို သူမကသိလာတယ်။ သူမအကြောင်းတွေကိုလည်း ကျွန်တော်ကသိလာတယ်။ ဒီလောက်မြန်မြန် ဆန်ဆန်ကြီးရင်းနှီးသွားတော့ သူငယ်ချင်းတွေကတောင် တစ်မျိုးဖြစ်ကြ တယ်။ ကျွန်တော့်ကိုလည်း ဟိုမေးဒီမေးလုပ်ကြတယ်။ ကျွန်တော် ကတော့ငြင်းတာပဲ။ အဲဒီလိုအထင်ခံရရင် သူမက စိတ်တိုတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ မိန်းမတစ်ယောက်အရမ်းလှနေရင် မကြိုက်ဘူး။ ဘာအခြယ်အသမှ မရှိဘဲ ဆွေးရိပ်သမ်းနေတဲ့ မျက်နှာမျိုးကိုတော့ အရမ်းသဘောကျတတ်ပါတယ်။ သူမမျက်နှာဟာ အဲဒီလိုမျက်နှာမျိုးပါ။

ကျွန်တော်တို့နှစ်ယောက်ကြားမှာရှိတဲ့ နောက်ထပ်ကိစ္စတစ်ခုက သူမဟာ လိုချင်တာကို ထပ်ခါထပ်ခါ ပြောပြကာ အေးချမ်းစွာရယူလိုသူဖြစ်ပြီး ကျွန်တော်က တောင်းဆိုတာကို မရရင် တိုက်ယူဖို့ အမြင်ရှိနေတာပဲ ဖြစ်ပါတယ်။ သူမက ကျွန်တော့်ကို ထိုသို့မပြုလုပ်ရန်၊ ပြောင်းလဲရန်ပြောသော်လည်း ကျွန်တော်က မသိကျိုးကျွန်ပြုခဲ့မိတယ်။

နောက်ထပ်တစ်ခုကတော့ ခံစားမှုကိစ္စပေါ့။ လူ့ဘဝကိုကျွန်တော် ဖြတ်သန်းရင်ဆိုင်ခဲ့သမျှ အတွေ့အကြုံအရ သူမလို ကောင်မလေးမျိုးကို အတတ်နိုင်ဆုံး ကျွန်တော်ရိုးသားပေးခဲ့ပါတယ်။ သူမနှင့်ပတ်သက်ပြီး ကျွန်တော်က အစစအရာရာရိုးသားခဲ့တယ်၊ အစစအရာရာ အမှန်တရားကို အလေးအနက်ထားခဲ့တယ်။

တရားမျှတမှုဟာ ဘယ်တော့မှ လူရယ်စရာမဖြစ်နိုင်ကြောင်း ကျွန်တော်ကပြောတော့ သူမ ရယ်နေခဲ့တာကိုလည်း မှတ်မိပါရဲ့။ သူမကို ဘယ်လိုမြင်သလဲလို့ ကျွန်တော့်အမြင်ကို တောင်းခံခဲ့တာကိုလည်း သတိရမိပါရဲ့။

တစ်နေ့မှာတော့ ကျွန်တော်တို့နှစ်ယောက်ဆွေးနွေးတဲ့ အကြောင်းအရာဟာ ကျူးပစ်(မြားနတ်မောင်)ဆီကို ရောက်သွားတယ်။ နှစ်ယောက်သား ငြင်းကြခုံကြလုပ်ကြရင်းက ကျွန်တော့်ခေါင်းထဲကို အတွေးတစ်ခုဝင်လာပါတယ်။ အဲဒီအတွေးကြောင့်ပဲ ကျွန်တော်က သူမရဲ့ ခွင့်ပြုချက်နဲ့ ဒီဝတ္ထုကို ရေးဖြစ်သွားပါတယ်။



ဒီဝတ္ထုကို ရေးဖြစ်တာဟာ သူမကို ကျေးဇူးတင်စရာကောင်းပါတယ်။ ဝတ္ထုရေးနေစဉ် ကာလတစ်လျှောက်လုံးမှာ သူမဟာ ဝတ္ထုကို တစ်ခန်းပြီးတိုင်းတစ်ခန်း ဖတ်ကြည့်ကာ ဝေဖန်ခဲ့ပါတယ်။

ခင်ဗျားတို့ကတော့ ဘာအဓိပ္ပာယ်ပါလိမ့်လို့ ကျွန်တော့်ဝတ္ထုကို သံသယဝင်ချင်ဝင်လိမ့်မယ်။ ကျွန်တော်က အခုဒီဝတ္ထုကို လိပ်ပြာသန့်သန့်ရေးပြီးသွားပါပြီ။

လူဟာ ကိုယ့်အဓိပ္ပာယ်ကိုယ် လိပ်ပြာသန့်ဖို့ လိုအပ်တယ် မဟုတ်လား။

ဝေမှူးသွင်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁–က

ထိုနေ့က ဒဂုံတက္ကသိုလ်ဝင်းထဲ၌ နှင်းတွေဝေနေခဲ့သည်။ ထိုနေ့က ကျွန်တော့်အိတ်ထဲတွင် ပိုက်ဆံလေးရာသာရှိခဲ့သည်။ ထိုနေ့က မနက်စာကို ကြက်ဥကြော်၊ ဝက်အူချောင်းတို့ဖြင့် ကျွန်တော်စားခဲ့သည်။ ထိုနေ့က အဖြူရောင်စပို့(စ်)ရှပ်တစ်ထည်ကို ကျွန်တော်ဝတ်ထားခဲ့သည်။ ထိုနေ့က ကျွန်တော်စီးလာသော ကျောင်းကားသည် ရောက်သင့်သည့်အချိန်ထက် နာရီဝက်နောက်ကျပြီး ကျောင်းကို ရောက်ခဲ့သည်။ ထိုနေ့က ကျွန်တော့်ဘဝအတွက် လှပသော မတော်တဆမှုအဖြစ် သူမကို စတင်တွေ့ရှိခဲ့သည်။

ထိုနေ့က နှင်းတွေကျသော်လည်း ရာသီဥတုကမအေးပါ။ ထိုနေ့က ကျွန်တော်စိတ်မညစ်ပါ။ ထိုနေ့က ကျူတိုရီရယ်အခန်းကို ကျွန်တော် မတက်ပါ။ ထိုနေ့က ကျွန်တော့်ကို လက်ဖက်ရည်တိုက်မည့်သူမရှိပါ။ ထိုနေ့က ဂျင်းဘောင်းဘီ ကျွန်တော်မဝတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က U 2 အဖွဲ့၏ သီချင်းတွေ ကျွန်တော်နားမထောင်ဖြစ်ပါ။ ထိုနေ့က အီးမေဂျာကွင်း မိုးမဍ္ဍူကို ကျွန်တော်လုံးဝမကြည့်ခဲ့ပါ။

ထိုနေ့က ကျွန်တော်သူမကိုပဲ ကြည့်ခဲ့ပြီး သူမကိုပဲ ချစ်ခဲ့ပါသည်။

## အခန်း (၁-ခ)

ဆောင်းဦးရက်စွဲမို့ ကျွန်တော်တို့က ဒီရာသီဥတုကို အသစ်အဆန်းဟန်ဖြင့် တပ်မက်နေခဲ့ကြသည်။ ကျောင်းသားတွေက ဒီနေ့မှ စာသင်ခန်းထဲစောစောဝင်ဖို့ ပျင်းရိနေကြပြီး ကန်တင်းတွေ၌သာ လူတွေကြိတ်ကြိတ်တိုးနေလေ၏။ ကျွန်တော်တစ်ယောက်ဘည်း သမိုင်းဖက်ကို ရည်ရွယ်ချက်မရှိဘဲ လျှောက်လာမိသည်။ ကျွန်တော်က ပုံမှန်ဆိုကိုယ့်မေဂျာ မဟုတ်သော အဆောင်တွေဖက်ကို အကြောင်းမဲ့လျှောက်သွားတတ်သူ မဟုတ်ပေ။ တဖြည်းဖြည်းနှင့် ကျွန်တော်ဖဘော်ဆောင်တွေဆီ ရောက်လာ၏။

ဆောင်း၏ အဦးအဖျားနှင်းစက်တွေက မြက်များပေါ်တွင်တွဲလဲခိုနေကြသည်။ နေရောင်ခြည်က ရောက်မလာသေး။

ရုတ်တရက် ဖလော်ဆောင်ရှေ့ရှိ ကော်ရစ်ဒါပေါ်တွင် အနက်ရောင် သားရေကျောပိုးအိတ်ကို လွယ်ထားသော ကောင်မလေးတစ်ယောက်ကို ကျွန်တော်တွေ့လိုက်ရသည်။ သူမလက်ထဲတွင် ထမင်းချိုင့်နှင့် ရောဘူးထည့်ထားသော ပလတ်စတစ်ဆွဲခြင်းတောင်းကိုကိုင်ထား၏။ သူမ၏ ရေဘူးထိပ်ပိုင်းအဖုံးသည် အပြာရောင်ဟု ကျွန်တော်မှတ်မိလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက ကျွန်တော့်ကို မမြင်သေးဘဲ မျက်နှာချင်းဆိုင်ရှိ သမိုင်းအဆောင်ခေါင်မိုးတွေကို ငေးကြည့်နေ၏။ ကောင်မလေး၏ ထိုပုံစံသည် အနည်းငယ်ထူးခြားသောကြောင့် ကျွန်တော်စိတ်ဝင်စားစွာ မသိမသာ အကဲခတ်ကြည့်မိသည်။

ခဏကြာတော့ သူမနှုတ်ခမ်းတွေက လှုပ်လှုပ် လှုပ်လှုပ်နှင့် တစ်စုံတစ်ရာကို ရေရွတ်နေပြန်သည်။ နောက်တစ်ယောက်တည်း--- စိတ်တိုသလို နှုတ်ခမ်းကိုက်ပြီး မျက်နှာထားကို တင်းသည်။ ကြည့်ရတာစာကို အလွတ်ပြန်ဆိုကြည့်ရင်းမှ မေ့သွားသဖြင့် စိတ်တိုနေတာဖြစ်နိုင်သည်။

ပြီးတော့ သူမသည် ဗီတ်ဆိတ်ခြင်းထဲတွင် ခပ်ဖွဖွရယ်လိုက်၏။ သူမ၏ ရယ်သံသည် နှင်းငွေ့များကြားတွင် ခေါင်းလောင်းသံချိုချိုလေးကဲ့သို့ လွင့်ပါရောနှောသွားသည်။

ကျွန်တော်သည် သူမ၏ လှုပ်ရှားမှုများကို သဘောကျပြီး ပြုံးလိုက်မိ၏။ ထိုစဉ် ကောင်မလေးက ကျွန်တော့်ဖက်ကို မထင်မှတ်ဘဲ လှည့်ကြည့်လိုက်ပါသည်။ တစ်ယောက်တည်းပြုံးနေသော ကျွန်တော့်ကို မြင်သောအခါ ဖျတ်ခနဲမျက်စောင်းထိုး၏။

သို့သော် --- တော်တော်လှလေသည်။

ဝေဝေဝါးဝါးမြူတွေကြားတွင် ငှက်ငယ်နှစ်ကောင်က အဆောင်တံစက်မြိတ်မှ ထပျံသွားသည်။ ကျွန်တော့်ရင်ထဲတွင် ပျော်လာပြီး ဒီကောင်မလေးကို ရင်ခုန်လာမိ၏။

သူမက ရုတ်တရက် ခြေထောက်တွေကို ငုံ့ကြည့်လိုက်ပါသည်။ ဒါ ဘာသဘောပါလိမ့်။



"အားရှီးရှီး"

သူမသည် ပါးစပ်ကအော်ပြီး အဆောင်ရှေ့မလှမ်းမကမ်းရှိ ရေဘုံဘိုင်လေးဆီပြေးကာ ခြေဆေးသည်။ ဒီတော့မှ ကျွန်တော်လည်း သဘောပေါက်တော့သည်။ သူမခြေထောက်တွေက ပုရွက်ဆိတ်အုံကို တက်နင်းမိခြင်းဖြစ်လေသည်။

ကျွန်တော့်မှာ အံ့သြပြီးရင်း အံ့သြနေရသည်။

ဘယ်လိုကောင်မလေးပါလိမ့်ကွယ်။

အချိန်ခဏလေးအတွင်းမှာတောင် ဒီလောက်ကိုးရိုးကားရားတွေဖြစ်နေတာ။ တစ်နေကုန်ဆို မတွေးဝံ့စရာပဲ။

ကျွန်တော်က ကောင်မလေးကို ယဉ်ယဉ်လေးနဲ့ ရူးနေသလားဟု အနည်းငယ် သံသယဖြစ်မိသေးသည်။ (နောင်တွင် ထိုသံသယသည် စိတ်ဝင်စားစရာမကောင်းသော ရယ်စရာများသာ ဖြစ်ခဲ့၏။)

သူမသည် ပုရွက်ဆိတ်ကောင်တွေကို ခြေထောက်မှ သန့်စင်ပြီးသောအခါ ကျွန်တော့်ဖက်သို့ တစ်ချက်လှည့်ကြည့်သည်။

ထိုအချိန်မှာပင် သူမ၏ အတန်းဖော်သူငယ်ချင်းဟု ယူဆရသော ကောင်မလေးသုံးယောက်ရောက်လာသဖြင့် သူမက အာရုံပြောင်းသွားသည်။ ကျွန်တော်လည်း ထိုနေရာတွင် အကြောင်းမရှိဘဲ ဆက်မနေသင့်တော့သဖြင့် သွားဖို့ ခြေလှမ်းပြင်လိုက်သည်။

ဒါပေမဲ့နောက်နေ့တွေကျရင် ဒီအတန်းရှေ့ကို ခဏခဏရောက်ဖြစ်တော့မည်ဟု စိတ်ထဲက ကြိုသိနေ၏။

ကျွန်တော်က ထွက်မသွားခင်နောက်ဆုံးအနေဖြင့် သူမကို တစ်ချက်လှည့်ကြည့်လိုက်ပါသည်။ အကြည့်ချင်းဆုံပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်သော်လည်း ကျွန်တော်က ထိုအချိန်လေးကို ဆွဲဆန့်ထားချင်မိ၏။

ကောင်မလေးက သူမ၏ ဂုဏ်သိက္ခာအတွက် ချက်ချင်းမသိချင်ယောင်ဆောင်ပစ်လိုက်သည်။ ကျွန်တော်ဘာတတ်နိုင်မည်နည်း။

ဒီနေရာမှာတော့ ကောင်မလေးက မရှုံးပါလား။

ကျွန်တော်သည် ကိုယ့်အဖြစ်ကိုယ်တွေးမိရင်း ခပ်ဟာဟာရယ်ချလိုက်မိသည်။ နောက်ထိုနေရာမှလည်း တကယ်ထွက်လာခဲ့၏။ သူမကတော့ သူမသူငယ်ချင်းတွေနဲ့ စကားတွေအလုအယက်ပြောရင်းကျန်ရစ်ခဲ့သည်။

သူမတို့ပြောသောအကြောင်းအရာများတွင် ကျွန်တော့်အကြောင်းပါလိမ့်မည်ဟုတော့ မထင်ပေ။

နောက်နေ့ကျမှ သူမအကြောင်းတွေကို စုံစမ်းရမည်။ ဖလော်ရှိသူငယ်ချင်းတွေကို စဉ်းစားမိသောအခါ ဉာဏ်စိန်နှင့်ချမ်းမင်းတို့ကို စဉ်းစားမိ၏။ ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့ ထူးခြားလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

## အခန်း (၂-က)

အချစ်ဆိုတာ ဘယ်သူက စတင်တီထွင်ခဲ့သလဲ ကျွန်တော်မသိပါ။ ဘရစ်တနီစပီးယားက ယောက်ျားတွေကို တော်တော် ဆွဲဆောင်နိုင်သည်။ ဘောလုံးသမားမိုက်ကယ်အိုဝင်သည် လီဗာပူးအသင်းမှ ပြောင်းလျှင် ဒီထက်ပို၍ အောင်မြင်ကျော်ကြားလိမ့်မည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော်က မနေ့တုန်းက ဆုံခဲ့သော ကောင်မလေးကို သတိရနေမိ၏။ ဒဂုံတက္ကသိုလ်ဝင်းထဲတွင် မလေးရှားပိတောက်ပင်တွေက နေရာအနှံ့ရှိသည်။ ကောင်မလေးလှလှပပများ မေဂျာတိုင်းတွင်ရှိသည်။

ကျွန်တော်တို့သချာတွင် လှသော ကောင်မလေးတွေက ရည်းစားကိုယ်စီရှိကြသဖြင့် အောင်မြင့်၊ ထွန်းထွန်းဦး၊ ဇော်ကိုကိုထွဋ်နှင့် ကျွန်တော်တို့က အီးမေဂျာဖက်တွင် အနေများခဲ့၏။ အီးမေဂျာကွင်းမိုးမဥ္ဇူမှာ အတွဲမရှိဟု သိရသဖြင့် ကျွန်တော်တို့ရှေ့ မကြာခဏသွားကြည့်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇော်ကိုကိုထွဋ်က

ဒိုင်ယာရီရေးခဲ့၏။ ကဗျာရေးခဲ့၏။ သူ၏ နာမည်ကြီးကဗျာအမည်မှာ ''မဥ္စုချစ်ရင် စာကျက်မယ်'' ဟူ၍ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့တွင် ထွန်းထွန်းဦးတစ်ယောက်သာ သမိုင်းမေဂျာကဖြစ်၍ ကျန်သုံးယောက်ကသင်္ချာမှ ဖြစ်သည်။

သို့သော် ထွန်းထွန်းဦးသည် ဒေါက်တာသန်းထွန်းကို ဘယ်မှာ ဆေးခန်းထိုင်သလဲဟု မေးသူဖြစ်၏။

ထိုမျှ သမိုင်းအမြင်ရှိသော ထွန်းထွန်းဦးသည် ဂုဏ်ထူးတန်းတက်ခွင့်ရသောအခါ ကျန်သည့် ဂုဏ်ထူးတန်း ကျောင်းသားတွေက ကိုယ့်နဖူးကိုယ်ရိုက်ကြရသော တတ်နိုင်တော့သည်။

အောင်မြင့်ကတော့ ကျွန်တော်တို့ထဲတွင် မိုးမဥ္စုကို ကြည့်ရာ၌ မျက်လုံးအပြူးဆုံးဖြစ်ပါသည်။

ကျွန်တော်သည် ဖလော်ဆောင်ရှေ့တွင် သူမကို တွေ့ခဲ့ပြီးနောက် မိုးမဥ္စုအပါအဝင် ဘယ်ကောင်မလေးကိုမှ စေ့စေ့မကြည့်ဖြစ်တော့။ ဒါကို သစ္စာတရားဟု ဆိုပါစို့။ သူမက ရယ်ပွဲဖွဲ့ဦးမှာ သေချာသည်။

နောက်တစ်နေ့တွင် သူမ၏ နာမည်ကို ''လင်းလင်း'' ဆိုတာ ချမ်းမင်းကပြောပြခဲ့သည်။ တစ်ဆက်တည်း ''နည်းနည်း ဂေါက်နေတယ်ကွ'' ဟုပြောခဲ့၏။ ကျွန်တော်ယုံပါသည်။

လူဆိုသည်မှာ ကိုယ့်ကိုယ်ကိုယ် မရူးဘူးလို့ပဲ ထင်တတ်ကြ၏။ ကျွန်တော် လုံးဝမရူးပါ။ ထိုကောင်မလေးက နည်းနည်းရူးနေပါသည်။



လင်းလင်းသည် ကောင်မလေးတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် လင်းလင်းက နည်းနည်းရူးနေသည်။

နည်းနည်းရူးနေသော လင်းလင်းက လုံးဝမရူးသော ကျွန်တော့်ကို အများကြီးရူးသွားစေခဲ့ပါသည်။

အချစ်အတွက် ရူးသောသူကို အချစ်ရူးဟုခေါ်လျှင် ကျွန်တော်က အချစ်ရူးဖြစ်သည်။ ဇော်ကိုကိုထွဋ်က ကျွန်တော့်အကြောင်းကို သိတော့ ''ရဲမိုး''ဆိုတဲ့ကောင်က ''ငကြောင်ပဲ'' ဟု မှတ်ချက်ချသည်။

အာဒမ်က ဧဝကို ပန်းသီးကျွေးခဲ့သည်။ လင်းလင်းကတော့ ပန်းသီးကြိုက်၊မကြိုက်ကို ယနေ့တိုင် ကျွန်တော်အခိုင်အမာ မပြောနိုင်ပါ။

သူမတွင် လှပသော သွားတက်ကလေးတွေရှိသည်။ ကလေးဆန်သော စိတ်ဓာတ်နှင့် ဉာဏ်ပညာကို မြတ်နိုးသော နှလုံးသားရှိသည်။ ဆူပါဆလွန်း Sunny ကားအဖြူလေးရှိသည်။ ဟယ်ရီပေါ်တာ အရှုပ်ပါသော အဖုံးအဝါရောင်နှင့် ရေဘူးလှလှလေးရှိသည်။

ကျွန်တော့်တွင် ဘာမှမရှိ။ (ဆိုလိုသည်မှာ သူမတွင်ရှိသော အရာများအားလုံး ဘာမှမရှိ။)

ကျွန်တော့်တွင် လင်းလင်းကိုချစ်သော စိတ်တစ်ခုတည်းသာ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂-ခ)

ယူကာလစ်ပင်အရွက်တွေက လေတိုက်သောကြောင့် လှုပ်ယမ်းနေကြပြီး တိတ်ဆိတ်ခြင်းမှာ ကျွန်တော့်ဆီအရောက်လာဖို့ ချောင်းမြောင်းနေပေလိမ့်မည်။

ကျွန်တော်ကနေရင်းထိုင်ရင်း လင်းလင်းကို သတိရနေပြီး သူမကိုပဲ အမြဲမြင်ချင်မိသည်။ သူမကို မတွေးမိအောင် မနေ့က ကျူရှင်ဆရာက အိမ်စာပေးလိုက်သော သင်္ချာတွေကို ကျွန်တော် တွက်နေမိ၏။

ဒါပေမဲ့ သင်္ချာပုစ္ဆာတွေကြားတွင် သူမက ပေါ်လာသည်။

ခက်ပြီ။ ကျွန်တော်သည် သင်္ချာတွက်မရဘဲ စိတ်တိုလာတော့သည်။

ကဲ --- ဒီလောက်တောင် အနှောင့်အယှက်ပေးတဲ့ ကောင်မလေး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ထိုင်ရာမှ ထလိုက်မိသည်။ တွက်လက်စသချာစာအုပ်ကိုလည်း ပိတ်လိုက်သည်။

ဒါပေမဲ့ လင်းလင်းဆိုသည့် အဲဒီကောင်မလေးကို ဘယ်လိုသွားရှာကြည့်ရမလဲဆိုတာ ကျွန်တော်မသိ။

သူ့အတန်းထဲသွားကြည့်ရင်ရော။

ထိုအတွေးသည် လင်းလင်းကို တွေ့ရဖို့ အနီးစပ်ဆုံးဖြစ်သော်လည်း ဆီပ်တော့မသေချာလှပေ။

သို့သော် ကျွန်တော်ကံကောင်းသွားပါသည်။ အကြောင်းမှာ ကျွန်တော်ထိုင်နေသည့် ''ဆုံဆည်းရာ'' ကန်တင်းထဲသို့ သူငယ်ချင်းတစ်အုပ်နှင့်အတူ လင်းလင်းဝင်လာသောကြောင့်ဖြစ်သည်။

ကျွန်တော်အံ့ဩသည်က တခြားမဟုတ်။ ကျွန်တော့် ရင်ခုန်သံတွေပဲ ဖြစ်သည်။ သူမအောက သူငယ်ချင်းကောင်မလေးသုံးယောက်သည် ဟိုတစ်နေ့မနက်က တွေ့ခဲ့သော ကောင်မလေးတွေသာဖြစ်၏။

ဒါဆိုသူတို့လေးယောက်က အဖွဲ့ပေါ့။

သူမတို့အဖွဲ့သည် ကျွန်တော်နှင့်မလှမ်းမကမ်းတွင် ဝင်ထိုင်ကြသည်။

ကံကောင်းတော့ လင်းလင်းက ကျွန်တော်နှင့် မျက်နှာချင်းဆိုင်နေရာတွင်ဖြစ်သည်။ ကံဆိုးတော့ သူမက ကျွန်တော့်ကို မှတ်မိသွားပြီး မျက်စောင်းထိုးခံရသည်။

ဒီကောင်မလေးကြည့်ရတာ မျက်စောင်းထိုးဖို့ တော်တော်ဝါသနာကြီးပုံရလေသည်။ အခုဆို ကျွန်တော်နှင့်နှစ်ခါဆုံရာတွင် နှစ်ခါမျက်စောင်းထိုးခံရ၏။



စားပွဲထိုးလေးကို မှာစရာရှိတာ မှာပြီးသောအခါ သူမတို့အုပ်စုသည် အော်ဟာစ်နောက်ပြောင်ရယ်မောကြပြန်သည်။ ကျွန်တော်က သူမ၏ သွားတက်လှလှတွေကို ငေးကြည့်နေပြီး သိပ္ပံအလှကုန်ဘာတစ်ခုမှမရှိသော သူမမျက်နှာလေးကို ရင်ခုန်နေမိ၏။

လက်စွပ်၊ နားကပ်၊ ဆွဲကြိုး၊ လက်ကောက်စသဖြင့် မိန်းကလေးအသုံးအဆောင်ပစ္စည်းတွေလည်း သူမဆီ၌ မတွေ့ရ။

ဘယ်လောက်ထူးဆန်းသလဲ။

ချစ်စရာကောင်းသည့် တိတ်ဆိတ်မှုထဲတွင် လင်းလင်းသည် ကျွန်တော့်အတွက် နတ်သမီးအိပ်မက်ဖြစ်ပါသည်။ ဒီလိုကောင်မလေးမျိုးကို ချစ်ရတာ ဘာအကြောင်းပြချက်မှ မလိုဘူးဟု ကိုယ့်ကိုယ်ကိုယ်တွေးမိ၏။

ထိုစဉ် ချမ်းမင်းနှင့် ဉာဏ်စိန်က ဆုံဆည်းရာထဲသို့ ဝင်လာကြသည်။ ချမ်းမင်းက ကျွန်တော့်ကို မြင်သွားပြီး ဟိုတစ်နေ့က လင်းလင်းနာမည်မေးသည့်ကိစ္စနှင့် အခုသူမတို့ဝိုင်းနားတွင် တစ်ယောက်တည်းရှိသော ကျွန်တော့်ကို တစ်ခါတည်း ဆက်စပ်တွေးခေါ်လိုက်ဟန်တူ၏။ ဉာဏ်စိန်ကတော့ အကျိုးကြောင်းဂဃနဏ သိသေးပုံမရ။

''ဟာ ရဲမိုးရာ၊ မင်းကလည်း အသည်းအသန်ကြီးပါလား''

ကျွန်တော့်ဝိုင်းတွင် ဝင်ထိုင်ရင်း ချမ်းမင်းကပြောသည်။ ဉာဏ်စိန်က ဘုမသိဘာမသိမို့ ဝင်စပ်စု၏။

''ချမ်းမင်း ဘာတွေလဲ၊ ငါ့ကိုလည်းပြောဦးကွာ''

ထိုအခါ ချမ်းမင်းက ကျွန်တော့်ဖက်သို့ မေးငေါ့ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်ရဲမိုးပေါ့၊ ငါတို့အတန်းထဲက ဟို ဂေါက်လေးကို စိတ်ဝင်စားနေလို့"

ပြောပြီး ချမ်းမင်းက ဉာဏ်စိန်ကို ဘေးဝိုင်းတွင်ရှိသော လင်းလင်းကို လက်ညှိုးညွှန်ပြ၍ "တိုးတိုးပြော" ဟု တားမြစ်လိုက်သည်။ ပထမတော့ ဉာဏ်စိန်က အံ့သြနေပြီးနောက် ရယ်ချလိုက်ပါ၏။

"မင်းက လင်းလင်းကို"

ကျွန်တော်က ခပ်တည်တည်ခေါင်းညိတ်ပြတော့ ဉာဏ်စိန်က မျက်နှာထားတည်သွားသည်။ ပြီးတော့ ခေါင်းကိုယမ်းလေသည်။ သူက ထပ်မေး၏။

"ရဲမိုး၊ မင်းဟာက မရတော့ဘူးလား"

ဒီတစ်ခါတော့ ကျွန်တော်က ခေါင်းယမ်းပြမိသည်။

မရတော့ဘူးဆိုသည့်သဘော။

ဉာဏ်စိန်က ကျွန်တော့်အဖြေကြောင့် သိသိသာသာကြီးပင် သက်ပြင်းချသည်။ ကျွန်တော်က ဉာဏ်စိန့်အမူအရာကြောင့် ပို၍ စိုးရိမ်သွား၏။ ကျွန်တော်နှင့်လင်းလင်းဆိုသော ကောင်မလေးကြားတွင် ဒီအခြေအနေသည် စိုးရိမ်စရာကောင်း အောင် မနူးညံ့သေးပါ။

ဒါပေမဲ့ စိုးရိမ်နေခဲ့သည်က ကျွန်တော့်ခံစားမှုသက်သက်သာ ဖြစ်သည်။

ထိုအချိန်၌ ချမ်းမင်းကို လင်းလင်းသူငယ်ချင်းတစ်ယောက်က လက်ယပ်ခေါ်သဖြင့် ချမ်းမင်းက သူမတို့ ဝိုင်းသို့ ပြောင်းသွား၏။ အဲဒီအချိန်မှာပဲ အောင်မြင့်၊ ထွန်းထွန်းဦးနှင့် ဖော်ကိုကိုထွဋ်တို့ သုံးယောက်က ဆုံဆည်းရာထဲ ဝင်လာသည်။



"လာ ဖော်ကြီးထိုင်"

ဖော်ကြီးက ဖောက်သည်ချထားသဖြင့် အောင်မြင့်နှင့် ထွန်းထွန်းဦးကပါ လင်းလင်းအကြောင်း စိတ်ဝင်စားနေကြ၏။ အောင်မြင့်သည် ကျွန်တော်မိုးမဥ္ဇူကို မကြည့်တော့ဘူးဟု နုတ်ထွက်လိုက်သဖြင့် လင်းလင်းကို ကျေးဇူးတင်နေလေသည်။

ဉာဏ်စိန်နှင့်ချမ်းမင်းတို့သည် အောင်မြင့်တို့နှင့် သိကျွမ်းပြီးသား ဖြစ်၍ ကျွန်တော်က အထူးမိတ်ဆက်ပေးစရာမလိုတော့၊ ရောက်လာသော စားပွဲထိုးလေးကို လက်ဖက်ရည်ထပ်မှာကြသည်။ အဲဒီအချိန်မှာပဲ ချမ်းမင်းက ကျွန်တော်တို့ဝိုင်းကို ပြန်ကူးလာ၏။ သူက ဖော်ကိုကိုထွဋ်၏ ပခုံးကို ပုတ်လိုက်ရင်း

"ဖော်ကြီး ဘယ်တုန်းကရောက်နေတာလဲ"

"အခုပဲကွ"

ကျွန်တော်သည် ချမ်းမင်းကို မျက်ခုံးပင့်ပြလိုက်မိပါသည်။ ဉာဏ်စိန်ကလည်း ချမ်းမင်းကိုမေး၏။

"ချမ်းမင်း၊ လင်းလင်းက ဘာတဲ့လဲ"

"လင်းလင်းက ဘာမှမပြောပါဘူး။ ပုံ့ပုံ့က ရဲမိုးအကြောင်း မေးလို့"

"ဟုတ်လား၊ မင်းက ဘာပြောလိုက်သလဲ"

"နာမည်ရယ်၊ မေဂျာရယ်၊ ရည်းစားအရှုပ်အရှင်းမရှိဘူး ဆိုတာရယ်၊ ဒီလိုပေါ့ကွာ၊ ကိုယ့်လူ ကိုယ်အကောင်းပဲ ပြောခဲ့တာပေါ့"

ကျွန်တော်က ချမ်းမင်းကို ဖားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း သိပ်တော်ပါလား ချမ်းမင်း၊ ကဲ --- ကဲ လက်ဖက်ရည် ထပ်သောက်"

ဉာဏ်စိန်က ကျွန်တော့်ကို မဲ့ရွဲ့စွာ ကြည့်နေ၏။ ထိုအခါ ကျွန်တော်က ဉာဏ်စိန်ကိုပါ သဘောပေါက်ရတော့သည်။

"မင်းလည်း လက်ဖက်ရည်သောက်လေကွာ၊ ဉာဏ်စိန်ကလည်း ပြောစရာလူတွေမှ မဟုတ်တာ"

ဒီတော့မှ ဉာဏ်စိန်က စပ်ဖြီးဖြီးနှင့် လန်ဒန်တစ်ပွဲပါ အဆစ် ထပ်မှာ၏။ ချမ်းမင်းက ကျွန်တော့်ကို လိုလိုမည်မည် သိထားရအောင်ဟု ဆိုပြီး လင်းလင်းနှင့်တွဲသော ကောင်မလေးများ၏ နာမည်ကို ပြောပြသည်။

"စောစောက ငါ့ကို လှမ်းခေါ်တဲ့တစ်ယောက်က ပုံ့ပုံ့တဲ့။ ပြီးတော့ ဒီဖက်က ခပ်ဝဝတစ်ယောက်က အေမီ။ ကျန်တဲ့အင်္ကျီအဖြူနဲ့ တစ်ယောက်က မေသူအောင်တဲ့"

ကျွန်တော်သည် ချမ်းမင်းပြောပြသော နာမည်များကို သေချာ လိုက်မှတ်နေမိ၏။

နေ့လယ်ခင်း ထမင်းစားချိန်ရောက်လာသဖြင့် ကန်တင်း၌ လူတွေက များသထက်များလာ၏။ ကျွန်တော်သည် လင်းလင်း မျက်နှာကို ခိုးကြည့်လိုက်၊ ဇော်ကြီးနှင့် အောင်မြင့်တို့ပြောသော မိုးမဋ္ဌုအကြောင်း နားထောင်လိုက်၊ ဉာဏ်စိန်နှင့်ချမ်းမင်း စားသောက်ထားသော လက်ဖက်ရည်နဲ့ စီးကရက်ဖိုးကို စိတ်ထဲက တွက်ကြည့်လိုက်နှင့် တစ်ယောက်တည်း ရှုပ်နေလေသည်။



ခဏကြာတော့ သူမတို့အဖွဲ့က ပြန်ဖို့ပြင်ဆင်နေကြ၏။

လင်းလင်းသည် တစ်လျှောက်လုံး ကျွန်တော့်ကို မသိချင်ယောင်ဆောင်နေရာမှ ပြန်ခါနီးတော့ အကြည့်တစ်ချက်ရောက်လာ၏။ ကျွန်တော်က သန့်စင်ကြည်လင်နေသည့် သူမမျက်နှာလေးကို သတိလက်လွတ် ငေးကြည့်နေမိသည်။

ဒီတစ်ခါတော့ သူမသည် ကျွန်တော့်ကို မျက်စောင်းမထိုးတော့။ ထွန်းထွန်းဦး၊ အောင်မြင့်နှင့် ဇော်ကြီးတို့ကလည်း လင်းလင်းကို ဝိုင်းဝန်း အကဲခတ်ကြ၏။

သူမတို့အုပ်စုထွက်သွားသောအခါ ထွန်းထွန်းဦးက လင်းလင်းကို မဆိုးပါဘူးဟု မှတ်ချက်ချပါသည်။

ဉာဏ်စိန်ကလည်း ဘေးမှ ဖြတ်လျှောက်သွားသည့် သူမကို အနည်းငယ်ကြည့်မရ ဖြစ်သွားဟန်တူသည်။

"အလကားပါကွာ၊ ဒီကောင်ရဲ့မိုးကြောင်ပြီး သွားကြိုက်တာ၊ ငါဖြင့်တစ်စက်မှ ကြည့်မရပါဘူး။ ပြီးတော့ သူ့ကိုယ်သူ ရိုးလ်ဝမ်းဆိုပြီး ဘဝင်ကလည်းမြင့်သေးတယ်"

ဉာဏ်စိန်သည် ကျွန်တော့်ကိုပင် အားမနာဘဲ (အထူးသဖြင့် သောက်ထားသည့် လက်ဖက်ရည်ခွက်တွေ၊ လန်ဒန်စီးကရက်တွေပင် အားမနာဘဲ) လင်းလင်းကို ဝေဖန်နေလေသည်။ ချမ်းမင်းက ကျွန်တော့်ကို တစ်ချက်အကဲခတ်လိုက်ပြီး ဉာဏ်စိန်နှင့်ဖက်ပြီး ရန်မဖြစ်စေတော့ဘူး ဆိုတာ သေချာမှ ပြုံးနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဥာဏ်စိန်က ကျွန်တော့်အပေါ်လင်းလင်းနှင့် ပတ်သက်၍ ကောင်းရှာပါသည်။ ဥပမာ–အတန်းထဲတွင် ဘယ်သူက လင်းလင်းကို လိုက်ဖူးကြောင်း၊ ဘယ်မေဂျာက ဘယ်ကောင်ကဖြင့် လင်းလင်းကို လာကြည့်ဖူးကြောင်းစသဖြင့် အသိပေးတတ်၏။

ဒီလိုနှင့်ပင် ကျွန်တော်သည် သချာနှင့်ဖလော်ဆိုဖီကို ကူးချည် သန်းချည်လုပ်ရင်း နေသားကျလာသည်။

အတန်းချိန်တချို့ကို ဖျက်ပြီး ဖလော်ဆောင်တွင် အနေများ လာသည်။ အခုအချိန်အထိ ကျွန်တော်တို့နှစ်ယောက်သည် အကြည့်ချင်း ဆုံလျှင် သိသလို၊ မသိသလိုလုပ်နေသည့်အဆင့်ထက် မပိုသေးပေ။

အကြောင်းမှာ ကျွန်တော်ကိုယ်တိုင်ကလည်း သူမကို ဒီထက် ပို၍ မပတ်သက်ချင်သေးသောကြောင့်ဖြစ်သည်။ ဒါပေမယ့် နေ့တိုင်းလိုလို သူမအနီး၌ ကျွန်တော်ရှိနေတတ်၏။

ဒီအရူးမလေးကို ချစ်ရတာ ကိုယ့်ကိုယ်ကိုယ်လည်း နည်းနည်း အံ့သြမိလေသည်။

သို့သော် အချစ်ဆိုသည်မှာ ထင်ထားသည်ထက် အံ့သြစရာ ကောင်းကြောင်း နောင်တွင် ကျွန်တော်သိလာခဲ့ရသည်။

## အခန်း (၃–က)

မနေ့က အကြမ်းဖက်သမား သန်းကြွယ်သူဌေး အိုစမာ ဘင်လာဒင်အကြောင်းပါသော မဂ္ဂဇင်းတစ်အုပ် ကျွန်တော်ဝယ်ခဲ့သည်။ ကမ္ဘာကျော်ဘောလုံးသမား မာရာဒိုနာသည် ယခုအခါ ဝတုတ်ကြီး ဖြစ်နေပြီ။

အခြေအနေနှင့် အချိန်အခါသည် လူတို့ကို ပြောင်းလဲစေ သည်မှာ မှန်သော်လည်း သမိုင်းအထောက်အထားများနှင့် ယှဉ်ကြည့်ချက် သည် ကြောက်စရာကောင်းသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

အမေရိကား၌ ရူပဗေဒသည် ပို၍ ထိပ်တန်းသို့ ရောက်လာ၏ ကျွန်တော်ကလည်း ကမ္ဘာ့အခြေအနေနှင့် အပြောင်းအလဲများကြားက လင်းလင်းကို ပို၍ ချစ်လာခဲ့သည်။ (ဘာမှ မဆိုင်သော်လည်း ဒီအတိုင်းပဲ ဖြစ်ပါသည်။) အင်ပရက်ရှင်းနစ်ဂီတ၏ ရှေ့ဆောင်မြိုင်သစ်ကြီး (Debussy) ဒီဗူစီသည် ရောမဂီတကျောင်းတော်ကြီးမှ ရှေးဟောင်းဂီတ

www.burmeseclassic.com



စည်းမျဉ်းဘောင်များကို မသင်ချင်သဖြင့် ပဲရစ်မြို့သို့ ပြန်ပြေးလာခဲ့ဖူးသည်။ တစ်ခါတစ်ရံ၌ မလွတ်လပ်မှုနှင့် ကြီးကျယ်ခမ်းနားမှုသည် အနုပညာသမားများကို အခက်အခဲတွေ့စေနိုင်ပါသည်။

တက္ကသိုလ်ပရိဝုဏ်ထဲမှ ထွက်လာသော စာရေးဆရာတချို့သည် တော်တော်ညံ့မှန်း ကျွန်တော်သိခဲ့၏။ ဆေးကျောင်းသား၊ ကျောင်းသူ တချို့ကဗျာရေးလျှင် တော်တော်ရယ်စရာကောင်းမှန်း ကျွန်တော်သိခဲ့၏။ လင်းလင်းဆိုသော ကောင်မလေး ခပ်တည်တည်နေလျှင်ဖြစ်ဖြစ်၊ ပြောင်ချော်ချော်နေလျှင်ဖြစ်ဖြစ် အလွန်ချစ်စရာကောင်းမှန်း ကျွန်တော်သိခဲ့၏။

လူဆိုသည်မှာ ဘာလဲ။ ဘဝအဓိပ္ပာယ်ဆိုတာဘာလဲ။ လင်းလင်းကို ကျွန်တော်သိစေလိုသည်။ ပွင့်လင်းသော လူ့ဘောင်၌ အမှန်တရား၏ တန်ဖိုးအကြောင်း သူမကို ကျွန်တော်သိစေလိုသည်။

ဒီအရူးမလေးနှင့်စကားပြောဖို့ အဆင်ပြေသော တစ်နေ့မှာ သူမကို ကျွန်တော်မေးစရာ မေးခွန်းတွေရှိ၏။

အချစ်အကြောင်း၊ ခံစားမှုအကြောင်းများမပါဘဲ ကျွန်တော်နှင့် လင်းလင်း၏ကြားတွင် ဆက်သွယ်မှုတစ်စုံတစ်ရာရှိခဲ့သော် ထိုတစ်စုံတစ်ရာသည် အသိတရားများသာဖြစ်ပေလိမ့်မည်။

သူမ၏ ရည်မှန်းချက်တွေ၊ မျှော်လင့်ချက်တွေအကြောင်း ကျွန်တော်သိချင်ခဲ့သည်။ (အရူးမရဲ့ ရည်မှန်းချက်က စိတ်ရောဂါကုဆေးရုံပေါ့ကွ ဟု အောင်မြင့် နောက်ပြောင်ပြောဆိုသောအခါ ကျွန်တော်က ရယ်မောနေခဲ့ဖူးသည်။

ဒါဆို ကျွန်တော်ကရော ဘာထူးသေးသလဲ။



အရူးမလေးတစ်ယောက်ကို ချစ်သူအဖြစ် ဆက်ဆံရမည့်ကိစ္စသည်အနည်းငယ်တော့ ရှက်မိပါသည်။ ဒါပေမဲ့ ကျွန်တော် အရှက်နည်းသော တစ်ရက်တွင် လင်းလင်းကို ချစ်ကြောင်း ပြောဖြစ်သွားလိမ့်မည် ထင်သည်။

မမျှော်လင့်သောတစ်ရက်တွင် ဥာဏ်စိန်ဆီမှ သူမ၏ ရည်မှန်းချက်တစ်ခုကို ကျွန်တော်သိခွင့်ရခဲ့သည်။ လင်းလင်းသည် တစ်ချိန်တွင်တစ်လ အမေရိကန်ဒေါ်လာငါးသောင်း လစာရသောသူအဖြစ် သူ့ကိုယ်သူ ထင်ကြေးပေးထား၏။ တခြားသူတွေက ထိုကိစ္စကို ရယ်စရာတစ်ခုလို သဘောထားပြီး "ဂေါက်ပြန်ပြီ"ဟု သဘောထားကြသော်လည်း ကျွန်တော်ကတော့ အံ့သြနေရုံထက်မပိုပေ။

သို့သော်တခြားသူတွေပြောသကဲ့သို့ ဆရာဝန်ကြီးလုပ်မည်၊ စစ်ဗိုလ်ကြီးလုပ်မည်၊ အင်ဂျင်နီယာကြီးလုပ်မည်ဟူသော အလွတ်ကျက်ထားသည့် ရည်မှန်းချက်တွေထက် စာရင်တော့ အများကြီးတော်ပါသေးသည်။

ရည်မှန်းချက်ဆိုသည်မှာ အလွတ်ကျက်ထားသော ဝါကျတွေမဟုတ်ကြောင်း ကျွန်တော်က ဒီနေရာတွင် အခိုင်အမာပြောပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃-ခ)

လေတိုက်သဖြင့် သစ်ရွက်ကြွေတွေက ကတ္တရာလမ်းမ တစ်လျှောက် လူးလွန့်ရွေ့လျားနေကြသည်။ ကျွန်တော်သည် နေ၏ အပူရှိန်အောက်တွင် ကောင်မလေးကို သတိရလာ၏။

"ငါက သူ့ကို ဘာလို့ သတိရရမှာလဲ" ဟု မခံချင်စိတ်ဖြင့် တွေးလိုက်ပြီး ကျွန်တော်က ခေါင်းယမ်းပစ်လိုက်သည်။ ဒါပေမဲ့ ဘာမှမထူးခြား။ ကျွန်တော်က မျက်စိစုံမှိတ်ကာ သတိရစိတ်ကို ခုခံကြည့်မိပြန်သည်။ ဒါလည်းမအောင်မြင်။

နောက်ဆုံးတော့ ကျွန်တော်သည် တစ်ယောက်တည်း ရှုပ်ယှက်ခက်နေသော ကိုယ့်ကိုယ်ကိုယ် အတော်စိတ်မသက်သာဖြစ်မိ၏။

ကောင်းပြီ။ ဒါဆို ငါဒီကောင်မလေးကို ချစ်နေတာ သေချာသွားပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးနှင့်အတူ ဆုံးဖြတ်ချက်တစ်ခုကိုလည်း ချဖြစ်သည်။ လင်းလင်းဆိုသည့် ချစ်စရာကောင်မလေးကို ကျွန်တော်က ဒီနေ့မှစ၍ တရားဝင်ပတ်သက်တော့မည်။

သို့သော် ဘယ်လိုပတ်သက်ရမလဲဆိုတာကို စဉ်းစား၍ မရသေး။

သိပ္ပံကန်တင်း၌ လူတွေ ရှုပ်ထွေးဆူညံနေကြ၏။

ကျွန်တော့်ရှေ့ကဝိုင်းသည် ကျောင်းသားကတ်ပျောက်သွားကြောင်း ပြောဆိုနေတာကို ကျွန်တော်ကြားရသည်။

ရုတ်တရက် ကျွန်တော့်ခေါင်းထဲသို့ အကြံတစ်ခုဖျတ်ခနဲ ရောက်လာပါသည်။ တစ်ဆက်တည်း ထိုအကြံကို အကောင်အထည်ဖော်ပေးမည့် လူတစ်ယောက်နာမည်ကိုလည်း ရေရွတ်မိ၏။

ဉာဏ်စိန်။

ချက်ချင်းပင် ကျွန်တော်က ဉာဏ်စိန်ကိုတွေ့ချင်လာသည်။ အခုချိန်ဆို ဒီကောင်တွေအုပ်စုသည် ပါလာတူး (Parlour II) ထဲတွင် ဂီတာတီးနေပေလိမ့်မည်။

ကျွန်တော်က ပိုက်ဆံရှင်းလိုက်ပြီး သိပ္ပံကန်တင်းမှ ပါလာဖက်ကို လမ်းလျှောက်မိ၏။ ဆယ်မိနစ်ခန့်ကြာသော် ကျွန်တော်က ပါလာကို ရောက်လာသည်။ ယောကျ်ားလေးအုပ်စုတစ်စုက ဂီတာတီးရင်း သီချင်းဆိုနေကြ၏။ ထိုအုပ်စုတွင် ကျွန်တော်တွေ့ချင်သည့် ဉာဏ်စိန်သာမကဘဲ ချမ်းမင်း၊ အောင်မြင့်၊ ဇော်ကိုကိုထွဋ်၊ ထွန်းထွန်းဦးနှင့် ကျွန်တော် မသိသေးသော တခြားကျောင်းသားတစ်ယောက်လည်း ရှိကြသည်။

ကျွန်တော့်ကိုမြင်တော့ အောင်မြင့်က တီးလက်စသီချင်းကို ရပ်ပစ်လိုက်၏။ ဉာဏ်စိန်ပုလည်း ဘာလဲဟု မေးဆတ်ပြသည်။



ကျွန်တော်က ဉာဏ်စိန်တစ်ယောက်တည်းကိုသာ ခေါ်လိုက်ပါသည်။

ဉာဏ်စိန်က ခေါင်းကုတ်၊ ဖင်ကုတ်နှင့် ကျွန်တော့်နားသို့ ရောက်လာ၏။ ကျွန်တော်က သူ့ကို ပါလာထောင့်ရှိ စားပွဲလွတ်တစ်ခုဆီကို ခေါ်သွားမိသည်။

''ရဲမိုး၊ အရေးကြီးလို့လား''

''ကြီးတယ်။ မင်းငါ့ကို ကူညီမှ ဖြစ်မယ်။''

''အေးပါကွာ။ ကူညီမှာပေါ့''

''ဒီလိုကွာ''

''အေး -- ပြော''

''မင်း--- လင်းလင်းဆီကနေ ပစ္စည်းတစ်ခု ခိုးပေးရမယ်။''

ဉာဏ်စိန်က ကျွန်တော့်ကို ခပ်ရူးရူးတစ်ချက်ကြည့်၏။

''မင်းကလည်း ကျောင်းသားအချင်းချင်း ဒါမျိုးတော့ မလုပ်ကောင်းပါဘူး။ ငွေလိုနေရင်ပြောပေါ့။ သူငယ်ချင်းတွေ ဝိုင်းရှာပေးမှာပေါ့''

''ဟေ့ကောင် ဉာဏ်စိန်၊ ငါပြောတာဆုံးအောင် နားထောင်စမ်း''

ကျွန်တော် နည်းနည်းငေါက်လိုက်တော့ ထင်ရာလျှောက်ပြောနေသော ဉာဏ်စိန်ပါးစပ်ပိတ်သွားသည်။ ဒီတော့မှ ကျွန်တော်လည်း စကားကို ဆက်ပြောရ၏။

''မင်း လင်းလင်းဆီက ကျောင်းသားကတ်ခိုးရမယ်''

''ကျောင်းသားကတ် ဟုတ်လား။''

''အေး ဟုတ်တယ်။ မင်းစဉ်းစားစမ်း။ လင်းလင်း ကျောင်းသားကတ်ကို ဘယ်နေရာမှာ ထားတာ တွေ့ဖူးသလဲ။''

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မေးခွန်းကြောင့် ဉာဏ်စိန်က ခဏစဉ်းစားနေ၏။

''အင်း --- တစ်ခါတော့ တွေ့ဖူးတယ်ကွ။ သူ့ကျောပိုးအိတ် အနက် ကလေးရဲ့ အပြင်အိတ်ထဲမှာ''

''ဟုတ်ပြီ။ သူက အပြင်ထွက်ရင် ကျောပိုးအိတ်ကို ယူမသွားဘဲ အခန်းထဲမှာ ထားခဲ့သလား''

''အေး --- ဟုတ်တယ်။ သူတို့အဖွဲ့က အပြင်တွေ၊ ဘာတွေထွက်ရင် ကျောပိုးအိတ်တွေ၊ ထမင်းဘူးတွေ၊ လွယ်အိတ်တွေကို တစ်နေရာတည်းမှာ စုပုံထားခဲ့ကြတာ''

''ကဲ မောင်ဉာဏ်စိန်ရေ ---မင်း လင်းလင်းဆီက ကျောင်းသားကတ်ကို ဖြစ်တဲ့နည်းနဲ့ ခိုးခဲ့ပေတော့။ အောင်မြင်ရင် ဆုငွေတစ်ထောင်ကျပ်''

ကျွန်တော်က ပြောပြောဆိုဆို အိတ်ထဲမှ တစ်ထောင်တန် တစ်ရွက်ထုတ်ပြီး စားပွဲပေါ်တင်လိုက်သည်။ ဉာဏ်စိန်က ပြော၏။

''တစ်ခုတော့ရှိတယ် ရဲမိုးရေ၊ လင်းလင်းက အဲဒီအိတ်မှာ ပိုက်ဆံတွေရော ကျောင်းသားကတ်ရော အတူတူထားတာကွ။ မတော်တဆ မိသွားရင် သူတို့က ငါ့ကို ကျောင်းသားကတ်ယူတယ်ထင်မှာ မဟုတ်ဘူး။ ပိုက်ဆံယူတယ် ထင်ကြမှာကွ ခက်တယ်''

ကျွန်တော်က အိတ်ထဲမှ နောက်ထပ်ငါးရာတန်တစ်ရွက်ကို ထပ်ထုတ်ရပြန်သည်။

''ဟုတ်ပါတယ်။ ခက်တယ်၊ ဒီတော့ နောက်ထပ်ငါးရာကွာ။ စုစုပေါင်း ထောင့်ငါးရာပေါ့။ မင်းလှုပ်ရှားနေတဲ့အချိန်မှာ ငါအခန်း အပြင်ကနေ စောင့်ပေးမယ်။ သူတို့လာရင် မင်းကို အချက်ပြလိုက်မယ် လေ။ ဘယ်လိုလဲ''



ဉာဏ်စိန်သည် ကျွန်တော်ပါ ပူးပေါင်းပါဝင်မည်ဆိုတာရော၊ ငွေတစ်ထောင့်ငါးရာဆိုတာရောကြောင့် ကျွန်တော့်အစီအစဉ်ကို သဘောတူသွားပါသည်။

''အိုကေ''

ကျွန်တော်တို့နှစ်ယောက် လက်ဝါးချင်းပြိုင်တူရိုက်လိုက်ကြသည်။ အောင်မြင့်တို့အုပ်စုက ဇော်ဝင်းထွဋ်၏ ''ဝဋ်ကြွေး'' သီချင်းကို အော်ဆိုနေကြလေသည်။

ဒါ ဝဋ်ကြွေးပဲအချစ်ရေ---မင်းကြောင့် ကိုယ်ရှင်သန်မယ်

ဒါ ဝဋ်ကြွေးပဲအချစ်ရေ---မင်းအတွက်ကိုယ်ကျေနပ်နေမယ်

အချစ်သည် ဝဋ်ကြွေးတစ်ခုလား။ ကျွန်တော်မသိတာ သိပ်သေချာပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄-က)

တိတ်ဆိတ်သော မေတ္တာတရားတွင် ကောင်မလေးတစ်ယောက် ငြိမ်သက်စွာ ထိုင်နေ၏။ အလင်းပွင့်တွေက ကျွန်တော့်မှတ်ဉာဏ်ထဲ၌ ပြေးလွှားခုန်ပေါက်နေကြသည်။

ဉာဏ်စိန်သည် ကျွန်တော်မပါဘဲ လင်းလင်းကျောင်းသားကတ် ခိုးယူခြင်းအလုပ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ဆုငွေ (၁၅၀၀)ကို ဆွတ်ခူးသွားနိုင်၏။

ကျွန်တော်က သူမကျောင်းသားကတ်ထဲမှ ခပ်တည်တည်နှင့် ကောင်မလေးကို သေချာစိုက်ကြည့်နေမိသည်။ ကျွန်တော်က ကျောင်းသားကတ်ထဲမှ သူမလိပ်စာကိုလည်း ကူးပြီးသွားပြီ။ အခုဆို ကျွန်တော်သည် ကျောင်းမှာမဟုတ်ဘဲ သူမအိမ်မှာပါ လင်းလင်း အကြောင်းတွေကိုလေ့လာခွင့်ရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမ၏ ကျောင်းသားကတ်ကလည်း ကျွန်တော့်ဆီမှာ မဟုတ်လား။ အတွေးနှင့်ပင် ကျွန်တော်က ရင်တွေခုန်နေလေသည်။

လင်းလင်းသည် ကွာစေ့တော်တော်ကြိုက်ပုံရ၏။ နောက် အပြာနှင့်အနက်ကိုလည်း နှစ်သက်ပုံရသည်။ အမြဲလိုလိုတွေ့ရသော သူမ၏ ဝတ်စုံများသည် အနက်ရောင်နှင့်အပြာရောင်တွေချည်းပဲဖြစ်ပါသည်။ ကွာစေ့ထုပ်ကလည်း သွားလေရာပါသည်။ ကျွန်တော်ဆို ကွာစေ့ကို အခွံပင်ကောင်းကောင်းမခွာတတ်။ သူမကတော့ ကွာစေ့ကို အမှားအယွင်း မရှိဘဲ ဆက်တိုက်ဆိုသလို အခွံခွာ၍ ကျွမ်းကျင်စွာ စားနိုင်၏။

နောက်ထပ်ထူးခြားမှုတစ်ခုက သူမသည် အမြဲလိုလိုမျက်နှာပြောင် နှင့်ဖြစ်သည်။ ဇော်ကိုကိုထွဋ်က ဒါဆိုမိတ်ကပ်ဖိုးတွေ၊ နှုတ်ခမ်းနီဖိုးတွေ မကုန်တော့ဘူးပေါ့ကွ။ စီးပွားရေးနဲ့တွက်ရင် အဲဒီလို မိန်းမမျိုးရတာ ကိုက်တယ်ဟု နောက်ပါသည်။

အနည်းငယ်ရူးသော၊ အနည်းငယ်လှသော၊ အနည်းငယ်မာန ကြီးသော၊ အနည်းငယ်စာတော်သော၊ အနည်းငယ်မျက်စိနောက်စရာ ကောင်းသော ထိုကောင်မလေးကို ကျွန်တော်က အများကြီးရင်ခုန် နေခဲ့ပြီ။

လူဆိုသည်မှာ မိမိ၏အသိဉာဏ်ကို မိမိသစ္စာဖေါက်ခြင်းအတွက် အရှက်တရားကို ရင်ဆိုင်ကြရသည်။ ကျွန်တော်သည် မိန်းမတစ်ယောက်ကို ချစ်မိခြင်းအတွက် ဘယ်တုန်းကမျှ ကိုယ့်ကိုယ်ကိုယ် သူရဲကောင်းဟု မထင်ခဲ့ဖူးပေ။

မော်နီကာလူဝင်းစကီးကြောင့် နာမည်ပျက်ခဲ့သော အမေရိကန် သမ္မတဟောင်းကလင်တန်ကတော့ အချစ်နှင့်ပတ်သက်ပြီး အောက်ပါ အတိုင်း လူသိရှင်ကြားပြောခဲ့ဖူးသည်။



"ကျွန်တော် မိန်းမတစ်ယောက်ကို ချစ်မိတာဟာ တိုင်းပြည်ကို သစ္စာဖောက်တာမဟုတ်ဘူး။ ကျွန်တော့်မိန်းမတစ်ယောက်တည်းကိုပဲ သစ္စာဖောက်တာဖြစ်ပါတယ်" ဟူ၍ ဖြစ်လေသည်။

ကျွန်တော်ကတော့ အချစ်၊ ဂုဏ်သိက္ခာနှင့် အသိဉာဏ်သည် ဘယ်လိုမှ တိုက်ရိုက်အချိုးမကျနိုင်ဟု ယုံကြည်မိပါသည်။ လင်းလင်းသည် ဘယ်လိုခံနိုင်ရည်မျိုးနှင့် ဒီကာလတရားကြီးကို ဖြတ်သန်းနေထိုင်မည် ဆိုတာ ကျွန်တော်သိလိုလှ၏။ သူမ၏ ရူးကြောင်ကြောင်စရိုက်အချို့နှင့် ကိုးရိုးကားရားပုံစံအချို့သည် တခြားလူတွေအဖို့ အနှောင့်အယှက်တစ်ခု (သို့မဟုတ်) ဟာသတစ်ခုစသဖြင့် ဖြစ်ချင်ရာဖြစ်နိုင်သည်။

သို့သော် ကျွန်တော့်အတွက်တော့ ထိုကောင်မလေးသည် မြတ်နိုးစရာ သတ္တဝါလေးတစ်ကောင်သာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄-ခ)

နန်းချယ်ရီကန်တင်း၌ လင်းလင်းသူငယ်ချင်း အေမီနှင့် ပုံပုံတို့က ရောက်တတ်ရာရာများကို လျှောက်ပြောနေကြ၏။

လင်းလင်းကတော့ သူတို့ပြောသမျှ နားထောင်ရင်း ရှမ်းခေါက်ဆွဲတစ်ပွဲကို သက်သောင့်သက်သာစားနေလေသည်။ ဒီတစ်ခါတော့ သူမတို့အဖွဲ့က မေသူအောင်မပါဘဲ သုံးယောက်တည်းသာဖြစ်ပါသည်။

ကျွန်တော့်ဘေးတွင် ချမ်းမင်းသည် လန်ဒန်တွေကို တစ်လိပ်ပြီးတစ်လိပ်ဖွာနေ၏။ ညာဏ်စိန်ကလည်း လင်းလင်းကျောင်းသားကတ်ကိုဒိုးပေးပြီးကတည်းက အခုထိပျောက်နေသည်။ ကျွန်တော်သည် လင်းလင်းကို ခိုးကြည့်နေမှန်းသိ၍ ချမ်းမင်းသည် ကျွန်တော့်မျက်နှာဘည့်တည့်ကို စီးကရက်မီးခိုးငွေ့တွေ မှုတ်ထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''ဟော့ကောင် --- မနှောင့်ယှက်နဲ့ကွာ''

ထိုအခါ ချမ်းမင်းက ခပ်သောသောရယ်ပြန်သည်။

''ကဲ ၊ ရဲမိုး လုပ်စရာရှိတာသာ မြန်မြန်လုပ်စမ်းပါ။ ဟိုမှာ လင်းလင်းတို့က ပြန်ဖို့လုပ်နေပြီ''

ကျွန်တော်က အခုလင်းလင်းကို ကျောင်းသားကတ်ကောက်ရသလိုနှင့် ပြန်ပေးရင်း ချမ်းမင်းအကူအညီနှင့် မိတ်ဆွေဖွဲ့မည်ဖြစ်သည်။

''ဒါဆိုလည်းထ၊ သွားမယ်''

ကျွန်တော်တို့နှစ်ယောက်သည် လင်းလင်းတို့ဝိုင်းသို့ ခပ်တည်တည်နှင့် ကူးသွားလိုက်ကြ၏။

''ထိုင်မယ်နော်''

ကျွန်တော်က လင်းလင်းကို ဦးတည်ပြီးခွင့်တောင်းလိုက်သော်လည်း အေမီဆီမှ ''ထိုင်'' ဆိုသည့်ခွင့်ပြုသံ ရောက်လာသည်။ ဘာပဲဖြစ်ဖြစ် လောလောဆယ် သူမတို့နှင့် တစ်ဝိုင်းတည်း ထိုင်ခွင့်ရဖို့က အရေးကြီးတယ်ဟု ကျွန်တော်သဘောထားလိုက်သည်။

ချမ်းမင်းက

''လင်းလင်း --- ဒါက ငါ့သူငယ်ချင်းရဲမိုးတဲ့။ သချာက၊ သူ ဟိုတစ်နေ့က နင့်ကျောင်းသားကတ် ကောက်ရထားတာ အခုပြန်ပေးချင်လို့တဲ့''

အမှန့်ဆို ချမ်းမင်းစကားကြောင့် သူမသည် အနည်းနှင့်အများ အံ့သြရမည်။ လှုပ်လှုပ်ရှားရှားဖြစ်ရမည်။ ဝမ်းသာသွားရမည်။ အခုတော့ အဲဒီလိုမဟုတ်။ ဘာခံစားမှုမှမရှိသော မျက်နှာသေကြီးနှင့် ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်သည်။ သူမဘေးတွင် ပုံ့ပုံ့နှင့် အေမီဆိုသည့် ကောင်မလေးနှစ်ယောက်ကတော့ ပြုံးစိစိလုပ်နေကြ၏။



ချမ်းမင်းကလည်း လင်းလင်း၏ အမူအရာကြောင့် ကြောင်နေသည်။ ထိုစဉ်လင်းလင်းဆီမှ စကားသံထွက်လာ၏။

''ပေးလေ၊ ကျောင်းသားကတ်ပြန်ပေးမယ်ဆို''

ထိုအခါ ကျွန်တော်လည်း လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကြားတွင် ညှပ်ထားသည့် သူမ၏ ကျောင်းသားကတ်ကို ပြန်ပေးလိုက်ပါသည်။ ပြီးတော့ လင်းလင်းသည် သူမ၏ ကျောင်းသားကတ်ကို တစ်ခါမှ မမြင်ဖူးသလို သေချာကြည့်နေ၏။

ချမ်းမင်းက ဝင်ပြောပြန်သည်။

''ဟဲ့ --- လင်းလင်း၊ နင်ကလည်း ဒီမှာ ကျေးဇူးတင်စကားလေး၊ ဘာလေးပြောလိုက်ဦးလေ''

ချမ်းမင်းစကားအဆုံးတွင် လင်းလင်းသည် ရုတ်တရက်အားရပါးရရယ်ချလိုက်သည်။ ကျွန်တော်က သူမ၏ ရယ်သံနှင့် သွားတက်လှလှလေးတွေကို ငေးကြည့်နေမိသည်။

အရူးမလေးရယ် ---

ငါ့ကိုတော့ အဲဒီလို မလှောင်ပါနဲ့။

''ဟုတ်ပါပြီ၊ ဒီက ကိုရဲမိုးနော်''

ကျွန်တော်က ယောင်ယမ်း၍ ခေါင်းညိတ်မိပြန်သည်။

''ကိုရဲမိုးကို အရမ်းကျေးဇူးတင်ပါတယ်။ နောက်လမ်းမှာတွေ့ရင်လည်းခေါ်နော်။ အခုသမီးနဲ့ ကိုရဲမိုးက သူငယ်ချင်းတွေဖြစ်သွားပြီပဲ။ ဟုတ်တယ်မှတ်လား'' ပြောပြီး ကောင်မလေးသုံးယောက်လုံးက တဝါးဝါးနှင့် ရယ်ကြပြန်၏။ ကျွန်တော့်စိတ်ထဲတွင် တစ်ခုခုတော့ မှားနေပြီဟု ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ချမ်းမင်းကလည်း အူကြောင်ကြောင်နှင့် ဘာမှန်းမသိ သူမတို့နဲ့ အတူလိုက်ရယ်လေသည်။

သူ့ကိုယ်သူ သမီးဟု သုံးနှုန်းသွားသော လင်းလင်းကိုလည်း နားရင်းအုပ်ပစ်ချင်လာ၏။ ဒီအရွယ်နဲ့ဒီအရွယ်ငယ်လှ နှစ်နှစ်၊ သုံးနှစ်ပေါ့ ဒါကိုများ သမီးတဲ့။

ဒါပေမဲ့ ကျွန်တော်က နာမည်အခေါ်အဝေါ်ကိစ္စကို ခဏမေ့ထား လိုက်ပါသည်။ ထိုစဉ်မှာပဲ သူမတို့အဖွဲ့၏ ရယ်သံတွေ ရပ်သွား၏။

"ဒီမှာ၊ ကိုရဲမိုးစဉ်းစားနေ ရ တာ တော်တော်ပင်ပန်းသွားပြီ လား။ ဒီကောင်ချမ်းမင်းကိုရော မိတ်ဆက်ပေးခ ဆုငွေဘယ်လောက် ပေးရသေးသလဲ"

"အမ်"

ကျွန်တော်နှင့်ချမ်းမင်းတစ်ယောက်ကို တစ်ယောက်ပြိုင်တူ ကြည့်မိကြသည်။ ဒီကိစ္စကို လင်းလင်းက ဘယ်လိုလုပ်ပြီး ကြိုသ နေရသနည်း။

ကျွန်တော်စဉ်းစားရကျပ်သွား၏။ သူမကပဲ ဆက်၍ မေးလေ သည်။

"ဟိုကောင် ဉာဏ်စိန်တစ်ယောက်တော့ ဆုငွေ (၁၅၀၀)ရသွား တယ် မဟုတ်လား။ ချမ်းမင်း။ နင်ရောဆုငွေတွေ ဘယ်လောက် သလဲ။ မှန်မှန်ပြောနော်။ ငါ့ကို တစ်ဝက်ခွဲပေးစရာ မလိုပါဘူးဟဲ့"

ဘုရား၊ ဘုရား။ ကျွန်တော့်မှာ ဘုရားတရုံမှလွဲပြီး ဉာဏ် ဆိုသည့်ကောင်ကို ထိုင်ဆဲနေရုံမှ လွဲပြီး ချမ်းမင်းနှင့်အတူ အံ့အားသ နေရုံမှလွဲပြီး ဘာမှမတတ်နိုင်တော့ပေ။



သေချာတွေးကြည့်လျှင် တော်တော်ရှက်စရာကောင်းသည့် ကိစ္စလည်းဖြစ်လေသည်။

ချမ်းမင်းက လင်းလင်းကို မေးလိုက်ပါသည်။

"ဒီကိစ္စတွေ နင်တို့ဘယ်လိုလုပ် သိတာလဲဟင်"

ထိုအခါ အေမီကဝင်ပြောသည်။

"သိတာ မဟုတ်ဘူးဟေ့ --- မိတာ၊ မိတာ။ နင်တို့ ဉာဏ်စိန်က လင်းလင်းအိတ်ထဲဖွင့်ပြီး ကျောင်းသားကတ်ခိုးနေတာကို လက်ပူး လက်ကြပ်ကိုမိတာ၊ သဘောပေါက်လား"

"ဒါဖြင့် အဲဒီကျောင်းသားကတ်က ရဲမိုးဆီဘာလို့ ရောက်လာ သေးလဲ"

ချမ်းမင်းက အလျင်စလိုမေးတော့ ကျွန်တော်ရဲ့ချစ်စဖွယ် အရူးမလေးက ဆရာကြီးအိုက်တင်နှင့်ပြုံးပါသည်။ ကြည့်စမ်း မခန့် မလေးစားနဲ့။ ဘယ်လောက်တောင် ဖနောင့်နဲ့ပေါက်ပစ်ချင်စရာ ကောင်းတဲ့ ကောင်မလေးလဲ။

ဒါပေမဲ့ ကျွန်တော်က သည်းခံရဦးမည်။ ချစ်မိသူဆိုတာ ဒီလိုပဲ အစစအရာရာ သည်းခံရစမြဲမဟုတ်လား။

"ဒါကဒီလိုလေ ချမ်းမင်းရဲ့၊ ဉာဏ်စိန်က သူကျောင်းသားကတ် ခိုးနေတုန်းမိသွားတော့ တောင်းပန်တယ်လေ။ သူ့ကို ပါမောက္ခနဲ့ မတိုင်ပါနဲ့တဲ့။ သူက သူများ ခိုင်းလို့လုပ်ရတာပါ။ အဲဒီအတွက် သူက ပိုက်ဆံ (၁၅၀၀)ရမှာပါတဲ့၊ ဒီတော့ဟာ ငါတို့လည်း ကိုယ့်အတန်းသားချင်း သနားတာနဲ့ ကျောင်းသားကတ်ကို တမင်ပေးလိုက်တာ။ ပြီးတော့ ဉာဏ်စိန်က ပြောသွားသေးတယ်။ ရဲမိုးဆိုတဲ့ သူငယ်ချင်းက ဆက်ဆက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာပေးလိမ့်မယ်။ ဘာမှမပူနဲ့တဲ့။ ကျောင်းသားကတ်အသစ်လုပ်စရာလည်းမလိုဘူးတဲ့။ အခုတော့လည်း ဉာဏ်စိန်ပြောတာတွေ မှန်သွားပဲ ဟဲ --- ဟဲ --- ဟဲ''

သူမစကားအဆုံးတွင် ကျွန်တော်သည် ဉာဏ်စိန်ဆိုသည့် သတ္တဝါကို စိတ်ထဲက ပျစ်ပျစ်နှစ်နှစ်ကျိန်ဆဲမိလေသည်။

စိတ်လည်းညစ်သည်။ ရှက်လည်းရှက်သည်။ ဘယ်သူ့ကို ဘယ်လိုစကားပြောရမှန်းမသိ။

အရေးထဲ လင်းလင်းသူငယ်ချင်း ကောင်မလေးတွေက ပြုံးစိစိ လုပ်နေသဖြင့် ပိုဆိုးသည်။ ချမ်းမင်းကလည်း အားမကိုးရဘဲ စပ်ဖြဲဖြဲ လုပ်နေ၏။ သို့သော် ကျွန်တော့်အရှူးမလေးက အခြေအနေကို လှပစွာ ထိန်းသွားလေသည်။

''ဒါတွေက အရေးမကြီးပါဘူး ကိုရဲမိုးရဲ့သမီးတို့က အေးဆေးပဲ။ အခုလို ကျောင်းသားကတ်ပြန်လာပို့တာကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ နောက်တစ်ခါတော့ အဲဒီလိုမယူနဲ့ပေါ့ရှင်။ ဘာဖြစ်လို့လဲ ဆိုတော့ ပိုက်ဆံကုန်တာပေါ့။ ကိုယ်တိုင်လာတောင်းရင် သမီးက ကိုရဲမိုးကို ငှားမှာပေါ့။ အိုကေနော်။''

လင်းလင်းစကားအဆုံးတွင် ချမ်းမင်းက ဘေးမှ အော်ရယ်သဖြင့် ကျွန်တော်လည်း အရှက်ပြေလိုက်ရယ်မိပါသည်။ သူမတို့အုပ်စုကလည်း ဝိုင်းရယ်လိုက်သဖြင့်၊ ကျွန်တော်က အတော်ပေါ့ပါးသွား၏။ မဟုတ်ရင် စိတ်ကျဉ်းကျပ်တာနဲ့ သေရပါလိမ့်မည်။ အဖြစ်အပျက်သည် အနည်းငယ် ကိုးရိုးကားယားနိုင်သော်လည်း လှပစွာ အဆုံးသတ်နိုင်ခဲ့သည်။



ဒီလိုမှမဟုတ်ဘဲ ကျွန်တော်ဖန်တီးထားသည့် ဇာတ်လမ်းအတိုင်းဆို သူမနှင့် ယခုလိုရင်းနှီးဖို့ နောက်ထပ်အချိန် သုံးရက်ခန့်လိုဦးမည်။ ဒါတောင်အခုလို နွေးနွေးထွေးထွေးနှင့် ရင်းနှီးခွင့်ရဖို့က မသေချာ။

ထိုအခါ ဉာဏ်စိန်ကိုပင် ကျေးဇူးတင်ရမလို ဖြစ်နေပြန်သည်။ ဒါပေမဲ့ ဉာဏ်စိန်ကိုတော့ နည်းနည်းပါးပါး ဆုံးမရမည်။

ဒီကိစ္စတွင် လင်းလင်းနေရာ၌ ရဲတင်းပွင့်လင်းမှုမရှိသော တခြားမိန်းမတစ်ယောက်သာဆိုပါက ကျွန်တော်ချောက်ကျမည့် အဖြစ် မဟုတ်ပါလား။

ထိုနေ့က သူ၏ ကိုယ့်ကိုယ်ကိုယ် ''သမီး'' ဆိုသည့်ကိစ္စမှ လွဲ၍ ကျန်တဲ့နေရာအားလုံးတွင် ကျွန်တော်အဆင်ပြေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅-က)

ကျောင်းသားရေးရာ အဆောက်အဦးရှေ့တွင် ဥဒဟို သွားလာနေကြသော ကျောင်းသား၊ ကျောင်းသူများကို ကျွန်တော်က အမှတ်တမဲ့ ငေးကြည့်နေမိ၏။ လက်ထဲက ဆေးပေါ့လိပ်မှာ မီးသေနေပြီ၊ မီးခြစ်ပါမလာတာကို သတိရသွားပြီး သိပ္ပံကန်တင်း၌ မီးညှိရန် စိတ်ကူးမိသည်။ ထိုစဉ် မျက်နှာချင်းဆိုင်မှ လျှောက်လာသော ဖော်ကြီးနှင့် အဖော်တစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။ သူက ကျွန်တော့်ကို အဝေးမှ ပြုံးပြနေ၏။

ကျွန်တော်က ဖော်ကြီးကို လက်ထောင်ပြလိုက်ပြီး မီးခြစ်ပါသလားဟု တောင်းလိုက်မိ၏။

ဖော်ကြီးက သူ့အိတ်ကပ်ကို ဟိုစမ်းဒီစမ်းလုပ်နေစဉ် သူနှင့်ပါလာသောအဖော်က ကျွန်တော့်ကို မမျှော်လင့်ဘဲ မီးခြစ်ထုတ်ကာ မီးတစ်တို့ခြစ်ပေး၏။ ကျွန်တော်က ထိုလူကို မြင်ဖူးသလိုရှိရာမှ

www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်နေ့က ပါလာမှာ ဂစ်တာတီးနေသည့် အချိန်တွင် ဖော်ကြီးတို့ အဖွဲ့နှင့် အတူရှိနေသော လူစိမ်းဟု မှတ်မိလိုက်သည်။

ကျွန်တော်က မီးခြစ်ပေးသည့်အတွက် ကျေးဇူးတင်သည့် အနေဖြင့် သူ့ကို ပြုံးပြလိုက်ပါ၏။

ဖော်ကြီးက ထိုပုဂ္ဂိုလ်ကို ရှေးဟောင်းသုတေသနမှ ကိုရှုပဟု မိတ်ဆက်ပေးသည်။ ကိုရှုပဆီတွင် အနီရောင်လက်ကိုင်ပဝါ တစ်ထည်ကို ထူးထူးခြားခြား ကျွန်တော်သတိပြုမိ၏။

ကိုရှုပဆိုသူက လက်ကမ်းပေးသဖြင့် ကျွန်တော်တို့ လက်ဆွဲ နှုတ်ဆက်လိုက်ကြသည်။

ဖော်ကြီးက ကျွန်တော်ကို ပြစရာအသစ်တွေရှိတယ်ဟု ပြောကာ သိပ္ပံကန်တင်းသို့ ခေါ်ဆောင်လာခဲ့၏။

ကျွန်တော်သည် ဖော်ကိုကိုထွဋ် (ခေါ်) ဖော်ကြီးက ကျွန်တော့်ကို ဘာတွေပြတော့မည်ဆိုတာ ကြိုတင်သဘောပေါက်နေပြီဖြစ်သည်။ ဒီလိုနှင့် ကျွန်တော်တို့သုံးယောက်သား သိပ္ပံကန်တင်းသို့ ရောက်လာကြ၏။

လက်ဖက်ရည်သုံးခွက်မှာဟု ဖော်ကြီးက စားပွဲထိုးလေးကို ပြီးစလွယ်မှာလိုက်သည်။ ပြီးတော့ဖော်ကြီးသည် သူ့လွယ်အိတ်ထဲမှ ကဗျာတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် ပေးဖတ်တော့၏။ ကျွန်တော်ကလည်း သူ့ကဗျာတွေကို အပုဒ်တိုင်းကောင်းတယ်ဟု ပြောပေးရသည်။

ထိုဒုက္ခသည် ကျွန်တော်သာမဟုတ်ဘဲ သူငယ်ချင်းအားလုံး၏ ဒုက္ခလည်းဖြစ်လေသည်။ ဖော်ကြီး၏ ကဗျာကိုးပုဒ်တိတိကို ဖတ်ပြီးသော အခါ ကျွန်တော့်ဒုက္ခသည်လည်း ပြီးဆုံးသွားပြီဖြစ်သည်။ ကိုရှုပသည် သူတို့အတန်းထဲတွင် (E.C) အီးစီ။ Executive Committee အမှုဆောင်အဖွဲ့ဝင်ဟု သိရသည်။



ခဏကြာတော့ အောင်မြင့်နှင့်ထွန်းထွန်းဦးတို့က ရောက်လာကြသည်။ သူတို့က မိုးမဍ္ဍူဆီမှ ပြန်လာကြခြင်းဖြစ်၏။ သူတို့သည် ကိုရှုပကို အီးစီဟုလည်းကောင်း၊ ကိုဖစ်ဆစ် (Physics) ဟုလည်းကောင်း အမျိုးမျိုးခေါ်ကြပါသည်။

ကျွန်တော်က စကားနည်းသလောက် သူတို့အဖွဲ့သည် စကားပြောနိုင်ကြ၏။ အိုင်းစတိုင်း၏ ရီလေတီဗစ်တီ သီအိုရီထက် ကွမ်တန် သီအိုရီကပို၍အလုပ်ဖြစ်ကြောင်းပြောကြသည်။ ပို့စ်မော်ဒန်ကဗျာတွေကို မြန်မာလူငယ်များရေးနိုင်ကြပြီဖြစ်ကြောင်း ပြောကြသည်။

လက်တင်အမေရိက (Latin America) မှ နည်းပြ တစ်ယောက်ကို မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် ငှားရမ်း သင့်ကြောင်း ပြောကြသည်။

ဒဂုံတက္ကသိုလ်ကို နိုင်ငံတကာ အဆင့်မီတက္ကသိုလ်ကြီးဖြစ်အောင် တက္ကသိုလ်အနီးတစ်ဝိုက်တွင် စိမ်းစိုလှပသည့် ရေကန်ကြီးတစ်ကန်လောက် တူးပေးသင့်ကြောင်း ပြောကြသည်။

သူတို့သည် ကျွန်တော့်အရှုံးမလေးလင်းလင်းကို အနည်းငယ် အသားမည်းကြောင်းပင် ဝေဖန်လိုက်သေးသည်။

ရှုပ(ခေါ်) အီးစီ(ခေါ်)ဖစ်ဆစ်သည် လင်းလင်းအကြောင်း ပြောတော့ သူ့မျက်လုံးတွေ တစ်မျိုးဖြစ်သွားတာ ကျွန်တော်သတိပြုမိ၏။ ဒါပေမဲ့ ကျွန်တော့်က အမှတ်တမဲ့ပင် မသိချင်ယောင်ဆောင်နေလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်တိုင်းသည် ကျယ်ဝန်းသော စက်ဝိုင်းများကဲ့သို့ မာယာဆန်လေသည်။

လှပသော ပေါက်ကွဲမှုတစ်ခုအဖြစ် ကျွန်တော်က လင်းလင်းကို ချစ်ခဲ့ပါသည်။ လေထဲတွင် စက္ကူပန်းတွေ ပျံ့သန်းလာကြသည်။ ကောင်းကင်သည် ပုစွန်ဆီရောင်ဖြစ်၏။

သိပ္ပံကန်တင်းထဲတွင် နာမည်အတိအကျထည့်မရေးနိုင်သော ကောင်မလေးများစွာမှာ ငိုလိုက်၊ ရယ်လိုက်၊ ထိုင်လိုက်၊ ထလိုက် လုပ်နေကြသည်။

ကျွန်တော်တို့ထိုင်နေသောဝိုင်းတွင် မေတ္တာတရားကို အရောင်း အဝယ် လုပ်နေကြောင်း ကြည့်တတ်ပါက မြင်နိုင်ပါသည်။

## အခန်း (၅-ခ)

ကျွန်တော်နှင့်သူမတို့ သူငယ်ချင်းတွေဖြစ်ခဲ့ပြီး နောက်တစ်နေ့တွင် စာမေးပွဲအချိန်စာရင်း ထွက်လာ၏။ စာမေးပွဲသည် တစ်လလောက် သာလိုတော့သည်။

ဒီကျန်သေးသည့် တစ်လဆိုသော အချိန်၌ ကျောင်းပိတ်ရက်များကို နုတ်လိုက်သောအခါ သူမနှင့်တွေ့ဖို့အခွင့်အရေးသည် အလွန်နည်းနေပြီဖြစ်သည်။ ကျွန်တော်သည် သူမနှင့်ပတ်သက်ခဲ့သမျှ ပထမဦးဆုံး အကြိမ် ဝေးကွာဖို့ကိစ္စကို တွေးကြည့်မိ၏။

ကိုယ့်ကိုယ်ကိုယ် သတိထားမိသောအခါ ကျွန်တော်က တုန်လှုပ်နေလေသည်။ အမှန်ဆို ကျွန်တော်နှင့်လင်းလင်း၏ ဆက်ဆံရေးသည် တုန်လှုပ်စရာကောင်းလောက်အောင် မချည်နှောင်မိသေး။ ဒါကို ကျွန်တော်က ဘာကြောင့် တုန်လှုပ်နေရသနည်း။ ကျွန်တော်ကြိုးစား၍ တွေးကြည့်သော်လည်း အဖြေမရပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်တစ်ယောက်တည်း ကျောင်းဝင်းထဲ၌ ဦးတည်ရာမရှိဘဲ လျှောက်သွားနေမိသည်။ နောက်ခြေထောက်ညောင်းလာသောအခါ ကြုံရာကန်တင်းတွင်ဝင်ထိုင်သည်။ ထိုကန်တင်းသည် ''နန်းချယ်ရီ''ဖြစ်နေ၏။ နေ့လယ်ခင်းမို့ နန်းချယ်ရီ၌ လူခြေတိတ်ဆိတ်လျက်ရှိသည်။

ထိုစဉ်မှာပင် လင်းလင်းသည် နန်းချယ်ရီဆိုင်ထဲသို့ ဝင်လာလေသည်။ အံ့သြစရာကောင်းသည်မှာ သူမတစ်ယောက်တည်း ဖြစ်နေခြင်းဖြစ်ပါသည်။

အမြဲလိုလို အဖော်ပါလာတတ်သော လင်းလင်းကို ယခုလိုတစ်ယောက်တည်းမြင်ရတော့ ကျွန်တော်ပျော်သွား၏။ ကျွန်တော် သူမကိုလက်ထောင်ပြလိုက်ပါသည်။

''လာ၊ လင်းလင်း''

သူမက သွားတက်ကလေးတွေ လက်သွားအောင် ရယ်ပြ၏။ ပြီးတော့ ကျွန်တော့်ဝိုင်းတွင် ဝင်ထိုင်သည်။

''အဖော်မပါဘူးလားဟင်''

''ဟင့်အင်း --- သူတို့နဲ့ စိတ်ကောက်လာတာ ကိုရဲမိုးရဲ့ဒါကြောင့်တစ်ယောက်တည်းထွက်လာတာ'' ကြည့်ပါလား၊ ဘယ်လောက်ချစ်ဖို့ ကောင်းသလဲ၊ သူမမျက်လုံးတွေသည် တကယ့်ကလေးငယ်တစ်ဦးလို အပြစ်ကင်းစင်နေပြန်သည်။

''ဘာစားမလဲမှာလေ''

''မြီးရှည်တစ်ပွဲရယ်၊ သခွားမွှေးဖျော်ရည်ရယ်''

ကျွန်တော်က သူ့အတွက် မှာပေးရ၏။ လင်းလင်းသည်



ကျွန်တော့်ကို သေချာစွာအကဲခတ်နေ၏။

ထိုအခါ ကျွန်တော်လည်း အနေခက်သွားပြီး မျက်နှာလွှဲလိုက်မိသည်။

''ကိုရဲမိုးက အရမ်းရှက်တတ်တာပဲနော်''

ပြောကာမှ ကျွန်တော့်မှာပို၍ ရှက်သွားတော့သည်။ သူမကကျွန်တော့်ကို ကြည့်ကာရယ်နေပြန်၏။

''ဟုတ်တယ်၊ ကျွန်တော်က ရှက်တတ်တယ်။''

ကျွန်တော်က ခပ်တိုးတိုး ဝန်ခံရသည်။

''ဩော် ပြောထားရဦးမယ်၊ ကိုရဲလင်း စိတ်မဆိုးနဲ့နော်၊ သမီးကအရမ်းနောက်တတ်တယ်၊ သိလား။ သမီးနဲ့ပေါင်းရင် အနောက်ခံရမှာပဲ''

ဟော --- လုပ်ပြန်ပြီ၊ သူ့ကိုယ်သူ သမီးတဲ့။ ကျွန်တော်အနည်းငယ် စိတ်ညစ်သွားပြီ ခပ်သာသာရယ်လိုက်မိသည်။

''နောက်တာကတော့ ရပါတယ်။ ဒါနဲ့စကားမစပ် လင်းလင်းအသက်ဘယ်လောက်လဲဟင်''

''လာမယ့် ဧပြီဆို နှစ်ဆယ့်တစ်ပြည့်ပြီ''

ကျွန်တော်တွက်ကြည့်လိုက်သောအခါ သူမသည် ကျွန်တော့်ထက် သုံးနှစ်တိတိငယ်နေလေသည်။

''ကိုရဲမိုးကရော အသက်ဘယ်လောက်လဲ''

''မင်းထက်သုံးနှစ်ကြီးတယ် ကလေးရဲ့''

သူမသည် ကျွန်တော့်စကားအဆုံးတွင် မျက်မှောင်ကုတ်ကာကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းသည် နူးညံ့သိမ်မွေ့မှုအပြည့် ဖြစ်သည်။

"မင်းက ကလေးပဲရှိသေးတဲ့ဥစ္စာ။ ကလေးပေါ့ကွ၊ ဘာဖြစ်သလဲ။ ပြီးတော့ မင်းက ကလေးတစ်ယောက်လိုလည်း ဖြူစင်တယ်လေ"

ကျွန်တော့်ဆင်ခြင်ကို လင်းလင်းကသဘောကျသွားပြီး နှစ်နှစ်ခြိုက်ခြိုက် ရယ်ပြန်၏။

"ကိုရဲမိုးခေါ်ချင်ခေါ်လေ။ ဒါပေမဲ့ သမီးကကိုယ့်ကိုယ်ကိုယ် သမီးလို့ပဲ ပြောတတ်တယ်။ ကိုယ့်ထက်နည်းနည်းလေးကြီးလည်း သမီးလို့ပဲပြောတာ"

ပြောပြီးလင်းလင်းသည် ရောက်လာသည့် မြီးရှည်တွေကို တူနှင့် မွှေနေလေသည်။

"ကလေး"

သူမက၊ ဖြည်းညင်းစွာမော့ကြည့်၏။

"ကိုယ်တို့နှစ်ယောက် စတွေ့ခါစတုန်းကလေ ကလေးက အရမ်းမျက်စောင်းထိုးတာပဲနော်"

"ဟိဟိ --- ဟုတ်တယ်။ အဲဒီတုန်းက သမီးလေ ကိုရဲမိုးကို ခေါ်တဲ့နာမည်တစ်ခုရှိသေးတယ်။ အေမီတို့၊ ပုံပုံတို့လည်း သိတယ်"

"ဘယ်လိုခေါ်တာလဲ"

"ဘီလူးကြီးလို့ခေါ်တာ"

ဘုရား၊ ဘုရား ငါ့ကိုများ ဘီလူးကြီးတဲ့။ သူကျတော့ ဘယ်လောက်လှလို့လဲ။ ကြောင်ချီးရုပ်။



စိတ်ထဲကသာ ထိုသို့ပြောနေသော်လည်း မျက်နှာကတော့ ပြုံးချိုထားရမည်။

"သြော် ကိုရဲမိုးကို မေးရဦးမယ်။ မောင်နှမဘယ်နှစ်ယောက် ရှိသလဲဟင်"

"ကိုယ့်အောက်မှာ ညီမလေး နှစ်ယောက်ရှိတယ်။ စုစုပေါင်း သုံးယောက်ပေါ့"

"မိဘတွေကရော"

"မိဘကတော့ နှစ်ယောက်ပေါ့။ အဖေတစ်ယောက် အမေ တစ်ယောက်"

တွေ့လား။ ဒီကောင်မလေးဟာ သူများထက်တော့ထူးမှ။ မဟုတ်ရင်လည်း ရူးနေတာပဲဖြစ်မယ်။

"ကလေးမှာရော မောင်နှမ ဘယ်နှစ်ယောက်ရှိသလဲ"

"Only one"

သူမက ခပ်တည်တည်ပင် ဘိုလိုဖြေလိုက်၏။

"ဟယ်ရီပေါ်တာ အရုပ်ပါတဲ့ ရေဘူးလေးကလှတယ်နော်။ ဘယ်မှာဝယ်တာလဲ"

"ခစ် ခစ် ခစ် --- မသိဘူး ကိုရဲမိုးရဲ့။ အဲဒါ အိမ်က ဝယ်ပေးတာ"

"ကလေးက နှုတ်ခမ်းနီတွေ၊ မိတ်ကပ်တွေလည်း မလိမ်းတတ်ဘူးနော်။ ပြီးတော့ နားကပ်တွေ၊ လက်ကောက်တွေလည်း ဝတ်တာ တစ်ခါမှမတွေ့ဖူးဘူး"

"ဟုတ်တယ်။ အင်း--- ကိုရဲမိုးကြီးက သမီးအကြောင်းတွေ အကုန်လုံး သိနေတာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



သူမက ထိုကဲ့သို့ ပြောလိုက်သောကြောင့် ကျွန်တော်က နည်းနည်းရှက်သွားပြန်သည်။ ဒါပေမဲ့ သူမ မသိအောင် ကျွန်တော်က ကာကွယ်လိုက်နိုင်သည်။

''ကိုရဲမိုးကို နောက်မှ သမီးအကြောင်းတွေ ပြောပြမယ်။ အခုတော့ ကိုရဲမိုးအကြောင်းတွေ အရင်မေးမယ်''

''ကဲ မေးစေဗျာ''

ထိုအခါ လင်းလင်းသည် မေးမည့်အကြောင်းအရာကို အနည်းငယ် စဉ်းစားနေ၏။

''ကိုရဲမိုးမှာ ရည်စားဘယ်နှစ်ယောက်ရှိသလဲ''

''အာ ---ကလေးကလည်း ရည်းစားဘယ်နှစ်ယောက် ထားဖူးသလဲလုပ်ပါ။''

''ခစ် ခစ် ---ဟုတ်သားပဲ။ ဆောရီးနော်။ ဒါဆို ပြန်မေးမယ်။ ကိုရဲမိုးရည်းစားဘယ်နှစ်ယောက်ထားဖူးသလဲ''

''လေးယောက်''

''အားပါးပါး --- အများကြီးပဲ''

''မများပါဘူး ကလေးရဲ့။ ကိုယ့် သူငယ်ချင်းတွေဆို ဆယ်ယောက် အထက်မှာချည်းပဲ''

''ဪ --- ကိုရဲမိုးကအခု ငါးယောက်ဖြစ်အောင် သမီးကို ဒါမျိုးလာလုပ်တာပေါ့လေ။ ဟုတ်လား''

''အမ်''

မြတ်စွာဘုရား။ ကယ်တော်မူပါ။ ဒီမေးခွန်းကို ကျေလည်အောင် မဖြေနိုင်ရင် ငါတော့ဒုက္ခပဲ။ ဒါကြောင့် နေရာတကာအမှန်ကို မပြောရဘူး ဆိုတဲ့ စကားပေါ်လာတာဖြစ်မယ်။



''သမီး မေးတာကိုဖြေလေ''

ကျွန်တော်က ဝေ့လည်ကြောင်ပတ်လုပ်ရင်း ---

''ကလေးကို ဒါမျိုးလုပ်တယ်ဆိုတာဘာလဲ''

''ဒါမျိုးဆိုတာ ကိုရဲမိုးကသမီးကို အီစီကလီ မြည့်မြည့် မြည့်မြည့် လာလုပ်တာကို ပြောတာပေါ့''

ဗုဒ္ဓေါ။ စကားလုံးတွေကလည်း ဆန်းလှချည်လား အီစီကလီ မြည့်မြည့် မြည့်မြည့် တဲ့။ ကျွန်တော် ကိုယ်တိုင် ဒီအသက်အရွယ်အထိ တစ်ခါမှ မကြားဖူးသေး။ သို့သော် သူမ၏ ဆိုလိုရင်းကို ကျွန်တော် သဘောပေါက်ပါသည်။

''မဟုတ်ပါဘူး ကလေးရဲ့။ အဲဒါမျိုး မဟုတ်ပါဘူး''

ကျွန်တော်က ငြင်းမယ့်သာငြင်းရသော်လည်း ကိုယ့်ကိုယ် ကိုယ်လည်း ဘာကိုငြင်းမှန်းမသိပေ။ သူမကို ငါးယောက်မြောက် ရည်းစားလို့ မရည်ရွယ်တာလား။ အီစီကလီ မြည့်မြည့် မြည့်မြည့် မလုပ်ဘူးဆိုတာလား။

သို့သော် လင်းလင်းက ထိုကိစ္စကို ကျေနပ်သွားသဖြင့် ကျွန်တော့်မှာ သက်ပြင်းချနိုင်၏။

သူမက နောက်တစ်မျိုးပြောင်းမေးပြန်သည်။

''ကိုရဲမိုးက သမီးထက်သုံးနှစ်တောင်ကြီးပြီးတော့ အတန်းက ဘာဖြစ်လို့ အတူတူဖြစ်နေရတာလဲ''

''အဲဒါကဒီလိုလေ။ First Year တုန်းက ကျောင်းကို သုံးဝ သွားမအပ်ဘူး။ အဲဒါက တစ်နှစ်။ နောက်တစ်နှစ်ကျတော့ စာမေးပွဲသွား မဖြေဘူး။ အဲဒါက တစ်နှစ်''

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး နေပါဦး။ ဘာဖြစ်လို့ ကျောင်းသွားမအပ်တာလဲ"

"ခရီးလွန်နေလို့"

"ဒါဖြင့်စာမေးပွဲသွားမဖြေတာကရော"

"အဲဒီနှစ်ကလည်း အတန်းမှမမှန်တာ။ ဘာစာမှလည်းမရဘူး။ သွားဖြေလည်း စာမေးပွဲကကျမှာပဲ။ အဲဒါကြောင့် သွားမဖြေတာပေါ့။ နောက်တစ်နှစ်က ကျောင်းနေနောက်ကျတာ"

"ဟွန်း --- ပညာရေးကို အရမ်းပေါ့တာပဲ"

လင်းလင်းသည် ကျွန်တော့်ကို အပြစ်တင်လိုက်ပြီး စိတ်ပညာအဆောင်များဖက်သို့ ငေးမောနေ၏။ အချိန်တွေက တလွင့်လွင့် ကုန်ဆုံးနေကြသည်။ အခုတော့ လင်းလင်းဆိုသည့် ချစ်စရာအရူးမလေးသည် ကျွန်တော်ရှေ့တွင် ငြိမ်ငြိမ်ကလေးထိုင်နေပြီ။

"ကလေး"

"ဘာလဲ။ ပြောလေ"

"ညကျရင် ကလေးဆီဖုန်းဆက်လို့ရမလားဟင်"

"ကိစ္စရှိရင်တော့ ဆက်ပေါ့"

"ဒါဆို ဖုန်းနံပါတ်က"

သူမက ကျွန်တော့်ကို ဖုန်းနံပါတ်တစ်ခုရွတ်ပြ၏။

ကျွန်တော်ကလည်း လက်ဖဝါးမှာ ရေးမှတ်လိုက်ပါသည်။ အမှန်တော့ လင်းလင်းဖုန်းနံပါတ်ကို ချမ်းမင်းဆီမှ ကျွန်တော်သိပြီး ဖြစ်သည်။

ထိုသို့ မုသားသုံးလိုက်ခြင်းကပင် ယောကျ်ားမာယာတစ်မျိုး ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။



ကျွန်တော်တို့ နှစ်ယောက်စလုံးသည် ထိုနေ့က အတန်းမတက်တော့ဘဲ ကန်တင်းဆက်ထိုင်ဖြစ်ကြသည်။

ကံကောင်းသည်မှာ ကျွန်တော်တို့ကို အနှောင့်အယှက်ပေးမည့် ကျွန်တော့်သူငယ်ချင်းတွေရော၊ သူမသူငယ်ချင်းတွေရော နန်းချယ်ရီကို တစ်ယောက်မှ ရောက်မလာကြခြင်းပင်ဖြစ်၏။

ဒီလိုနှင့် အိမ်ပြန်ချိန်ရောက်လာ၏။

"ကလေး ဘာနဲ့ပြန်မှာလဲ။ ဖယ်ရီစီးမှာလား။"

"ဟင့်အင်း သမီးမှာကားပါတယ်။ နောက်နေ့ကျမှ ကိုရဲမိုးနဲ့ ဖယ်ရီအတူတူစီးမယ်"

"ကလေး"

လင်းလင်းက လှည့်ကြည့်သည်။ ပြီးတော့ပြော၏။

"ကိုရဲမိုးကို တစ်ခုမှာဦးမယ်။ တခြားလူတွေရှေ့မှာ သမီးကို ကလေးလို့မခေါ်နဲ့နော်။ ဟိုကောင်တွေသိရင် နောက်လို့ဆုံးမှာ မဟုတ်တော့ဘူး"

"အင်းပါ ကလေးရဲ့ ကိုယ်နားလည်ပါတယ်။ နှစ်ယောက်တည်းကျမှ"

လင်းလင်းသည် ဘာမှပြန်မပြောဘဲ တစ်ချက်ပြုံး၏။ ထိုအဓိပ္ပာယ်သည် လျှို့ဝှက်သည်ဟု ကျွန်တော်ခံစားရ၏။

ပွင့်လင်းသော ကောင်မလေးနှင့် လျှို့ဝှက်သောအပြုံးသည် ကျွန်တော့်ကို ဖြားယောင်းနိုင်လေသည်။ ကန်တင်းမှထတော့ ဖယ်ရီကားတွေပင် ထွက်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းသည် သူမ၏အဖြူရောင် ဆူပါဆလွန်း Sunny ကားလေးကို ကျွမ်းကျင်စွာ မောင်းထွက်သွား၏။ သူမ ထွက်သွားပြီးနောက် ကျွန်တော်တစ်ယောက်တည်း ပင်လယ်ကမ္ဘီးပင်တွေကို ထိုင်ကြည့်နေမိသည်။ နေ့လယ်မှ ညနေခင်းသို့ ကူးပြောင်းလာ၏။

ဖယ်ရီကားတွေပင် ထွက်ကုန်ပြီ။

ထိုနေ့က ကျွန်တော်သည် ပထမဆုံးအကြိမ် ကျောင်းကားမစီးဘဲ အချိန်တော်တော်နောက်ကျမှ ဘတ်(စ်)ကားဖြင့် အိမ်ပြန်ခဲ့ပါသည်။

အချစ်သည် ကျွန်တော့်အတွက် အိမ်ပြန်နောက်ကျစေသော ခြေလှမ်းတွေဖြစ်လေသည်။

## အခန်း (၆–က)

ကျွန်တော်နှင့် ဇော်ကိုကိုထွဋ်တို့သည် အချစ်အကြောင်း ဆွေးနွေးကြသည်။ မိုးမဥ္ဇူ၏ ခန္ဓာကိုယ်ပေါ်မှ အလှအပနှင့် ဆွဲဆောင်မှုအကြောင်း ငြင်းခုန်ကြသည်။ ဇော်ကြီး၏ ကဗျာတွေကို အရမ်းပုဂ္ဂိုလိကဆန်သည်ဟု ကျွန်တော်ကဝေဖန်ခဲ့၏။

ဒဂုံတက္ကသိုလ်ဝင်းထဲတွင် ကျွန်တော်တို့သည် နေ့စဉ်လမ်းလျှောက်ကြသည်။ တာဒ်ပင်ရိပ်ကြီးတွေမရှိသော်လည်း မယ်ဇယ်လီပင် အရိပ်သေးသေးလေးအောက်မှာ ထိုင်ကြ၏။ ထိုသို့ထိုင်ရင်း ဖုန်တွေတထောင်းထောင်းထနေသည့် ဘောလုံးပွဲကို အားပေးကြရသည်။

ကျွန်တော်တို့တက္ကသိုလ်တွင် သင်္ချာအသင်း၊ ဘူမိအသင်း၊ ဓာတုအသင်းတို့က အသင်းကြီးတွေဖြစ်ကြ၏။ မြန်မာစာ၊ ရူပဗေဒ၊ ပထဝီ၊ ဥပဒေ၊ သမိုင်းတို့အလယ်အလတ် အသင်းတွေဖြစ်သည်။ ဒဿနိက၊ ရှေးဟောင်း၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေးအသင်းတို့မှာ ကန်တိုင်းရှုံးအသင်းများဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်၊ ထွန်းထွန်းဦး၊ ဖော်ကိုကိုထွဋ်၊ ဉာဏ်စိန်၊ ချမ်းမင်းနှင့် ကျွန်တော်တို့သည် ကဗျာတွေကြိုက်ကြသည်။ ဘောလုံးပွဲကို ဝါသနာကြီးကြသည်။ ကောင်မလေးတွေကို ရင်ခုန်ကြသည်။ ကဗျာ၊ ဘောလုံးပွဲနှင့် ကောင်မလေးများက ကျွန်တော်တို့၏ ဘာသာစကားလည်း ဖြစ်သည်။ တစ်ခါတရံဂစ်တာကို တစ်နေကုန် ထိုင်တီးကြ၏။ ကောင်မလေးတွေကို ကြည့်ပြီး ဘယ်သူက မိန်းမအတု၊ ဘယ်သူက မိန်းမအစစ် စသည့် ခွဲခြားတတ်ကြသေးသည်။ ထိုသို့ ခွဲခြားရာ၌ အောင်မြင့်က အထူးချွန်ဆုံးဖြစ်၏။

မိုးမဥ္စူနှင့်ပတ်သက်၍ ကျွန်တော်တို့အဖွဲ့ထဲတွင် ဖော်ကြီးက အရေးပေးအခံရဆုံးဖြစ်သည်။

ထို့ကြောင့် ကျန်တဲ့လူတွေကို လူကြီး၊ လူကောင်းပီသပေးဖို့ ကျွန်တော်က ဦးဆောင်၍ ဆုံးမရသည်။ ကျန်သူများကလည်း အားလုံး အေးအေးဆေးဆေးပဲ ဖြစ်ပါသည်။ ဖော်ကြီး၏ အခြေအနေက ပုံမှန်တိုးတက်နေ၏။

အခုအခါတွင် ဖော်ကြီးသည် မိုးမဥ္စူနှင့်အတန်းအတူတက်ခွင့် ရသည်။ ကန်တင်းအတူထိုင်ခွင့်ရသည်။ မိုးမဥ္စူ ဟိုဟိုသည်သည် သွားလျှင် ဘေးမှာ အဖော်အဖြစ် လိုက်ပါခွင့်ရသည်။

ဒီလိုနှင့်ပင် ကျွန်တော်တို့သည် ပျော်စရာမကောင်းသော ကျောင်းတက်ရက်များကို ပျော်ရွှင်အောင်နေတတ်လာခဲ့၏။ လင်းလင်းသည် လည်းကောင်း၊ မိုးမဥ္စူသည်လည်းကောင်း ကျွန်တော်တို့အဖွဲ့တွင် ရောပန်းစားလာခဲ့၏။



ဖော်ကြီးသည် မိုးမဥ္စူကို အတော်ပင်ခံစားနေလေပြီ။ ''မဥ္စူကို ချစ်ရတာ အရမ်းပင်ပန်းတာပဲ'' ဟု ကျွန်တော်နှင့်နှစ်ယောက်ထဲ ရှိနေချိန် ဖွင့်ဟဝန်ခံခဲ့သည်။ ကျွန်တော်သည် လင်းလင်းအတွက် ပင်ပန်းသလား ဟု စဉ်းစားမိသောအခါ ယခုအချိန်အထိ သူမသည် ကျွန်တော်ကို ဘာဝန်ထုပ်၊ ဝန်ပိုးမှ မဖြစ်ဖူးသေးပေ။

လူ သည် ကိုယ့်မှာ အသိဉာဏ်ရှိသလောက်သာ ပင်ပန်းကြ ရသည်။ U2 အဖွဲ့မှ ဘိုနိုသည် သီချင်းတွေဆိုဖို့ ပင်ပန်းမည်၊ တာရာမင်းဝေသည် ဝတ္ထုတွေရေးဖို့ပင်ပန်းမည်။ ဒေးဗစ်ဘက်ခမ်သည် ဘောလုံးကစားဖို့ပင်ပန်းမည်။ မုတ်သုံသည် ပန်းချီရေးဖို့ပင်ပန်းမည်။ အိန္ဒြာကျော်ဇင်သည် ဗွီဒီယို၊ ရုပ်ရှင်ရိုက်ဖို့ပင်ပန်းမည်။ ကိုဖီအနန်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ပင်ပန်းမည်။ လမ်းထိပ်က ဆိုက်ကားဆရာ သိန်းလွင်သည် ဆိုက်ကားနင်းရသဖြင့် ပင်ပန်းမည်။ ဖော်ကြီးသည် မိုးမဥ္စူကိုချစ်ရသဖြင့် ပင်ပန်းမည်။ ဒါဘာထူးဆန်းသနည်း။

လောကကြီးသည် ဖြစ်လွယ် ပျက်လွယ် အမှန်တရားနဲ့ ဖွဲ့စည်း ထားကြောင်း ကျွန်တော်သိနှင့်ခဲ့သည်မှာ ကြာပြီ။ လင်းလင်းအကြောင်း များကို လာပြောပြနေသော သူငယ်ချင်းအချို့အား ကျွန်တော်က ဘာခံစားမှုမှ မရှိသလို နေပြနိုင်ခဲ့သည်။ ဒါတွေကရော ဘယ်လို အသိဉာဏ်တွေပါလိမ့်။

ကျွန်တော်အထင်ပြောရလျှင် လင်းလင်းသည် ကျွန်တော်အတွက် ပင်ပန်းစရာမလိုသော အသိဉာဏ်တစ်မျိုးဖြစ်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆–ခ)

ကျူတိုရီရယ်ရှိသဖြင့် အတန်းထဲတွင် စာကြည့်[illegible] ကျွန်တော့်အား အောင်မြင့်က သတင်းတစ်ခုကို [illegible] လာပေးလေသည်။

''ရဲမိုး --- ဟေ့ကောင်၊ မင်းကို သတင်း[illegible] ရှိတယ်ကွ''

''ဟုတ်လား။ လုပ်စမ်းပါဦး။''

အောင်မြင့်က ချက်ချင်းမပြောသေးဘဲ ကျွန်တော့်ဘေးနားရှိ ခုံလွတ်တွင် ဝင်ထိုင်သည်။

''ဒီနေ့ မင်း --- လင်းလင်းကို တွေ့ပြီးပြီလား''

''ဟင့်အင်း မတွေ့ရသေးဘူး။ ဘာဖြစ်လို့လဲ''

''မပြောချင်ပါဘူးကွာ''

''မပြောချင်လည်းမပြောနဲ့ကွာ။ ငါ့ဘာသာ ငါသွားကြည့်မယ်''

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါအောင်မြင့်က ကျွန်တော့် လက်ကို လှမ်းဆွဲကာပြော၏။

"မပြောချင်ပါဘူးဆိုတာ ပြောချင်လွန်းလို့ စကားပလ္လင်ခံတာကွ ပြောမှာပေါ့"

"ဒါဆိုလည်း မြန်မြန်ပြော"

"လင်းလင်းလေ ဒီနေ့ကျောင်းကို ဘယ်သူတွေ ခေါ်လာသလဲ သိလား"

ကျွန်တော်က လျှင်မြန်စွာ ခေါင်းခါပြလိုက်မိ၏။

အောင်မြင့် အားရပါးရပြောပြလေသည်။

"ဒိုဘာမင် ခွေးအနက်ကြီးနှစ်ကောင်ကို ခေါ်လာတယ် မောင်ရေ"

"ဘာခွေးနက်ကြီးနှစ်ကောင်။ ဟုတ်လား"

"ဟုတ်တယ်။ ဘာလုပ်ဖို့လဲတော့ မသိဘူး။ သူက ကိုယ်ပိုင်ကားနဲ့ဆိုတော့ စတန့်ထွင်တာနေမှာပေါ့"

ကျွန်တော်က အောင်မြင့်ကို ဘာမှပြန်မပြောဖြစ်သော်လည်း လင်းလင်းစတန့်ထွင်တာ မဟုတ်ဘူးဟုတော့ စိတ်ထဲက ကြိုသိနေ၏။ သူမမှာ အကြောင်းတစ်ခုခုရှိရမည်။

မျက်စိထဲတွင် ဒိုဘာမင်ခွေးအနက်ကြီးနှစ်ကောင်နှင့် ကျွန်တော်ရဲ့ ချစ်စရာအရှုံးမလေးလင်းလင်းကို မြင်ယောင်လာမိသည်။

အဲဒီအချိန်မှာ ကျူတိုရီရယ် စစ်မည့်ဆရာရောက်လာသဖြင့် ကျွန်တော်တို့လည်း အတန်းထဲမှာ ဝင်ထိုင်လိုက်ကြရသည်။ လင်းလင်း အကြောင်းကို ခေါင်းထဲက ခဏထုတ်၍ သင်္ချာပုစ္ဆာတွေကို ခေါင်းထဲ ထည့်သွင်းရတော့၏။ ဒီနေ့က ကျူတိုရီရယ်ရှိသဖြင့် အတန်းထဲမှာ လူစုံကြလေသည်။



ကျွန်တော်သည် ကျူတိုရီရယ်ကို အမြန်ကြိုးစားကာ ဖြေနေမိသည်။ လင်းလင်းရှိသော ဖလော်ဆိုဖီဖက်ကို သွားချင်လှပြီ မဟုတ်လား။

လက်ပတ်နာရီကို ကျွန်တော်တစ်ချက်ကြည့်သည်။ ဒီအချိန်ဆို သူမသည် အတန်းထဲမှာပဲ ရှိလိမ့်မည်။ ကျွန်တော်က အဖြေလွှာကို ဆရာ့ဆီမှာအပ်ပြီး သူမတို့ဖလော်ဆောင်ဖက်သို့ ကူးလာခဲ့၏။

ဟော တွေ့ရပါပြီ။ ကော်ရစ်ဒါမှာ ခွေးအနက်ကြီးနှစ်ကောင်ကို သံကြိုးဖြင့်ချည်ထားတာတွေ့ရသည်။ လင်းလင်းက အနက်ရောင် ဝမ်းဆက်ကို ဝတ်ထားသောကြောင့် ခွေးရော၊ သခင်ပါ အနက်ရောင် ဖြစ်နေကြ၏။

ကျွန်တော့်ကို မြင်တော့ လင်းလင်းကပြုံးပြသည်။ သူမဘေးတွင် ပုံ့ပုံ့နှင့် မေသူအောင် ရှိနေ၏။ မေသူအောင်က ခွေးကြီးတွေနှင့် ရင်းနှီးနေပုံရသည်။

"ဘယ်လဲ ကိုရဲမိုး။ ကန်တင်းသွားမလို့လား"

"အင်း"

အမှန်ဆို ကျွန်တော်က "လင်းလင်းဆီလာတာ" ဟုပြောလိုက်ဖို့ ကောင်းသည်။ ဒါပေမဲ့ ရှိစေတော့ --- ။

"ဒီခွေးကြီးတွေက ---"

"ဟုတ်တယ်။ အဲဒါသမီးခွေးတွေ၊ ကိစ္စရှိလို့ခေါ်လာတာ"

သူမစကားကြောင့် ကျွန်တော်အံ့သြသွားပါသည်။

"ဘာကိစ္စလဲဟင်"

ကျွန်တော်က ကလေးဟုခေါ်မလို့ ဟန်ပြင်လိုက်ပြီးမှ ဘေးမှာ မေသူအောင်တို့ရှိနေတာ သတိရသွားကာ မနည်းအရှိန်သတ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

''ဘာကိစ္စလဲဆိုတာ နောက်တော့ ကိုရဲမိုးသိမှာပါ။''

ပုံ့ပုံ့က အနီရောင်လက်ကိုင်ပဝါတစ်ထည်ကို ကိုင်ထားသည်။ ထိုလက်ကိုင်ပဝါကို ကျွန်တော်မြင်ဖူးသလိုရှိပေမယ့် ဘယ်နေရာမှာ မြင်ဖူးသလဲဆိုတာ စဉ်းစား၍မရ။

ကျွန်တော်တို့သည် ကော်ရစ်ဒါတွင် တန်းစီရပ်နေကြသလို ဖြစ်နေသည်။ ကျွန်တော်သည် ကန်တင်းဆိုပြီး လင်းလင်းတို့အခန်းရှေ့တွင် ရပ်နေမိ၏။ ခဏကြာတော့ ဉာဏ်စိန်နှင့် ချမ်းမင်းပါ အတန်းထဲက ထွက်လာပြီး ကော်ရစ်ဒါရှိ ကျွန်တော့်အနားမှာ လာရပ်၏။

သူတို့အားလုံးသည် တစ်ယောက်ကိုတစ်ယောက် စကား မပြောကြဘဲ အခြေအနေတစ်ခုကို ခပ်စိမ်းစိမ်းစောင့်နေကြပါသည်။

ထိုစဉ် လူတစ်ယောက်က သမိုင်းဌာနဖက်မှ ကွေ့ဝင်လာ၏။ လင်းလင်းနှုတ်ခမ်းတွေဆီမှ အသံထွက်လာပါသည်။

''လာပြီ''

တစ်ဆက်တည်း ပုံ့ပုံ့သည် လက်ကိုင်ပဝါအနီလေးကို လင်းလင်းဆီ ပေးလိုက်၏။ လင်းလင်းသည် ဒိုဘာမင်ခွေးကြီးနှစ်ကောင်၏ နှာခေါင်းတွင် လက်ကိုင်ပဝါအနီကို အနံ့ခံစေသည်။ ပြီးတော့ သံကြိုးတွေကို ဖြေပေးလိုက်၏။

ကျွန်တော်သည် သူမဘာလုပ်နေသည်ကို သဘောပေါက်သွား၏။ သို့သော် --- တားမြစ်ဖို့ရာ နောက်ကျသွားပြီဖြစ်ပါသည်။ ခွေးတွေမှာ သံကြိုးဖြေပြီးသွားပြီ။

စောစောတုန်းက ကျွန်တော်တို့ဖက်သို့ ကွေ့ဝင်လာသော သူသည် ကိုရှုပဖြစ်နေ၏။ အီးစီး ကိုဖစ်ဆစ်။

''စနိုဘီ --- ရှူးရှူး --- ဘော်ဘီရှူး''

လင်းလင်း၏ ဒိုဘာမင်ခွေးအနက်ကြီး နှစ်ကောင်သည် ရှုပဆီသို့ တစ်ဟုန်ထိုး ပြေးဝင်သွားကြ၏။



''ဝုတ် --- ဂုတ် --- ဝုတ်။ ဝေါင်း''

ရှုပလည်း အခြေအနေမဟန်မှန်းသိပြီး တစ်ကြိုးတည်း ထဲလစ်ပြေး၏။ ဒါပေမဲ့ ဒိုဒိုဘာမင်ခွေးကြီးနှစ်ကောင်လက်က လွတ်ဖို့ တတ်နိုင်မည်တော့ မဟုတ်ပေ။

ချက်ချင်း ရှုပနှင့်ခွေးကြီးနှစ်ကောင်မှာ မြန်မာစာဖက်သို့ ကွေ့ဝင်ပျောက်ဆုံးသွားသည်။ ကျွန်တော်က လှည့်ကြည့်လိုက်သောအခါ လင်းလင်းမျက်နှာပေါ်တွင် အားရကျေနပ်မှုကို အထင်းသားမြင်ရ၏။

''မင်း သူ့ကို အဲဒီလို လုပ်ဖို့မကောင်းဘူး''

သူမက ကျွန်တော့်ဖက်သို့ ဆက်ခနဲလှည့်ကြည့်သည်။

''ကိုရဲမိုးက ဒီလူအကြောင်း ဘယ်လောက်သိလို့ သမီးကို အပြစ်တင်ရတာလဲ''

''မဟုတ်သေးဘူးလေကွာ။ ကိုယ်ပြောတာက မင်းသူ့ကို ဘယ်လောက်ပဲ မုန်းမုန်း အဲဒီလိုတော့ မလုပ်သင့်ဘူး။ မတော်တဆ မင်းခွေးကြီးတွေ လက်ချက်နဲ့ သူ့ကိုယ်အင်္ဂါတစ်ခုခု ချို့တဲ့သွားရင် မင်းဒုက္ခများနိုင်တယ်''

ထိုအခါ လင်းလင်းမျက်လုံးလေးတွေ ဝိုင်းသွားသည်။

''ဟယ် အဲဒါဆိုရင် သမီးအဖမ်းခံရမှာပေါ့နော်''

''အင်းပေါ့''

''အင်း။ ဒါပေမဲ့ စနိုဘီတို့က အဲဒီလောက်ထိအောင်တော့ ကိုက်မှာမဟုတ်ပါဘူး။ နည်းနည်းပါးပါးလောက်ပဲ ကိုက်မှာ''

ကြည့်ပါလား။ ဘယ်လောက်တောင် မာရေကျောရေနဲ့ သူ့ကိုယ်သူ စိတ်ချယုံကြည်လိုက်သလဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပြောလို့ရမလား လင်းလင်းရဲ့။ မင်းခွေးတွေက လူလို အသိဉာဏ်ရှိတာမဟုတ်ဘူး။ တိရစ္ဆာန်ဆိုတာ ဘယ်လောက်ယဉ်ယဉ် စိတ်ချယုံကြည်လို့ဖြစ်တာမဟုတ်ဘူး"

ထိုအခါ ဉာဏ်စိန်ကပါ ကျွန်တော့်ဘက်ကဝင်ပြော၏။

"ဟုတ်တယ် လင်းလင်း။ ခွေးဆိုတာမျိုးက အခန့်အသင့်ရင် သခင်တောင်ပြန်ကိုက်တာ နင်ထင်သလို လျှောက်ပြောမနေနဲ့"

လင်းလင်းသည်မျက်နှာငယ်လေးနှင့် ဟိုဟိုသည်သည် လျှောက်ကြည့်သည်။ ချမ်းမင်း၊ မေသူအောင်၊ ပုံ့ပုံ့၊ ဘယ်သူမှ သူမဖက်က ဝိုင်းပြောမည့်သူမရှိ၊

"ဒါဆိုသမီးမှားသွားတာပေါ့နော်။"

"ဟုတ်တယ်လင်းလင်း။ မင်းမှားတယ်"

အဲဒီအချိန်မှာပင် လင်းလင်းခွေးကြီးနှစ်ကောင်သည် တဝေါင်းဝေါင်းဟောင်ရင်း ပြန်ရောက်လာသည်။

"ကိုရဲမိုး သမီးအခု ဘာဆက်လုပ်ရမလဲဟင်"

ကျွန်တော်လည်း ဦးနှောက်နည်းနည်းစားသွားပါသည်။ ကျွန်တော်စဉ်းစားနေချိန်မှာ လင်းလင်းကခွေးတွေကို သံကြိုးပြန်ချည်နေ၏။

"ဒီလိုလုပ်"

"ဟုတ်"

အခုတော့လည်း ဒီကောင်မလေးက ဘာမှနားမလည်တဲ့ ကလေးငယ် တစ်ယောက်လိုပါပဲလား။

"လင်းလင်း ဒီနေ့အတန်းတက်စရာမရှိတော့ဘူးမှတ်လား"



"အင်း မရှိတော့ဘူး"

"ကောင်းတယ်၊ ဒါဆိုအခု ခွေးတွေကို ကားနဲ့ခေါ်ပြီး အမြန် အိမ်ပြန်တော့။ ပုံ့ပုံ့နဲ့မေသူအောင်က လင်းလင်းနဲ့ အဖော်လိုက်သွားပေါ့"

"ကိုရဲမိုး ဒါဖြင့်ဟိုတစ်ယောက် အခြေအနေ"

ကျွန်တော်က လက်ကာပြရင်း

"အဲဒါကတော့ အခုမှ ကိုယ်စုံစမ်းရမှာ၊ ညကျရင်မင်းဆီ ကိုယ်ဖုန်းလှမ်းဆက်လိုက်မယ်။ ဟုတ်ပြီလား။ သိပ်လည်း စိုးရိမ်မနေပါနဲ့"

"ဟုတ်ကဲ့"

"ဒါဆို လင်းလင်းအမြန်သွားတော့၊ အချိန်သိပ်မရှိဘူး"

ချက်ချင်းဆိုသလို သူမသည် ခွေးတွေနဲ့ကားParking ထိုးသည့်နေရာသို့ ထွက်ခွာသွား၏။ ပုံ့ပုံ့နဲ့မေသူအောင်လည်းပါသွားသည်။

ကျန်ရစ်ခဲ့သည့် ကျွန်တော်မှာသာ ဉာဏ်စိန်နှင့်ချမ်းမင်းကို ကြည့်ပြီး သက်ပြင်းချရ၏။

"ကဲ ဉာဏ်စိန်ရေ မင်းတို့သော်ဒါ ဒီးစီကြီး ဘာဖြစ်သွားသလဲ ဆိုတာ သွားစုံစမ်းမှ ဖြစ်မယ်။ လာလိုက်ခဲ့"

ဉာဏ်စိန်သည် ဘာမှပြောချင်စိတ်မရှိတော့သူတစ်ယောက်လို ခေါင်းငိုက်စိုက်လျက် ကျွန်တော့်နောက် လိုက်ပါလာခဲ့၏။ ချမ်းမင်းကိုတော့ ရှယ်၏ အတန်းဖြစ်သည့် ရှေးဟောင်းသုတေသနဖက်မှာ စနည်းနာခိုင်း လိုက်ရသည်။ စရပ်ကို ယာယီအားဖြင့် ဆုံဆည်းရာကန်တင်းမှာ သတ်မှတ် ထားသည်။

www.burmeseclassic.com



မြန်မာစာဖက်ရောက်တော့ ခွေးကြီးနှစ်ကောင်က နာမည်ကြီး နေ၏။ ဒါပေမဲ့ မြင်ရသူတွေကကလည်း ဘာမှ ရေရေရာရာ မပြောနိုင်ကြ။

ကျွန်တော်တို့လည်း ရှုပကိုရှာ၍မရဖြစ်နေစဉ် အောင်မြင့်နှင့် လမ်းမှာတွေ့၏။ ချမ်းမင်းက ဆီးမေးသည်။

''အောင်မြင့် ရှုပကို တွေ့မိသေးလား''

''တွေ့တယ်ကွ၊ ပါလာထဲမှာ ခွေးကိုက်ခံရတယ်ဆိုလား၊ ဘာလားကွာ။ ထော့နဲ့ ထော့နဲ့ ဖြစ်နေတယ်''

''ဟာ --- ဒါဆိုအတော်ပဲ။ ငါတို့ အဲဒီကို သွားကြမယ်။ မင်းလိုက်ဦး''

အောင်မြင့်က

''အေးပါ၊ ဗိုလ်တာပေါ့။ အခုဟာ ဘယ်လိုဖြစ်ကြတာလဲ''

ချမ်းမင်းက အောင်မြင့်ကို ရှင်းပြရတော့သည်။ စကားပြောရင်းနှင့် ကျွန်တော်တို့က ပါလာဆီကို လမ်းလျှောက်လာခဲ့ကြ၏။ အောင်မြင့်က ချမ်းမင်း ပြောသမျှကို နားထောင်ရင်းမှ အံ့သြနေ၏။

''လင်းလင်းက ရှုပကို တိုက်ခိုက်ဖို့ ဒီခွေးကြီးနှစ်ကောင်ကို တမင်ခေါ်လာတာပေါ့နော်''

''အေးပေါ့။ အခုလက်ရှိ အခြေအနေအရတော့ အဲဒီအတိုင်း ဖြစ်နေတာပေါ့''

တဖြည်းဖြည်း ကျွန်တော်တို့လမ်းလျှောက်လာတာ ပါလာနှင့် နီးလာပြီ။ ပါလာထဲမှာ ရှုပကို အဝေးကပင် လှမ်းမြင်ရ၍ ကျွန်တော် ပျော်သွား၏။ အဖြစ်မှန်ကို သိရတော့မည် မဟုတ်လား။



''ကိုရှုပ၊ ခွေးကိုက်ခံရလို့ဆို''

ချမ်းမင်းက ခပ်အေးအေးပဲ မေးလိုက်ပါသည်။

''ဟုတ်တယ်။ ဒါပေမဲ့ အကိုက်ခံရတာ မဟုတ်ဘူး။ ရှူးတိုက်ခံရတာကွ။ လင်းလင်းရှူးတိုက်လိုက်တာ''

ထိုအခါ ကျွန်တော်တို့က မသိချင်ယောင်ဆောင်ရ၏။

''ဟုတ်ပါ့မလား ကိုရှုပရာ၊ သူနဲ့ခင်ဗျားနဲ့က ဘာရန်ငြိုးတွေများ နို့လို့လဲ''

ရှုပသည် ဟန်ပါပါဖြင့် အဝေးကြီးကို ငေးကြည့်လိုက်သည်။ သူ့ကို ခွေးကိုက်သည့်ဒဏ်ရာမှာ သိပ်အများကြီးမဟုတ်မှန်း ကျွန်တော် သဘောပေါက်သွား၏။ ဒီတော့ လင်းလင်းအတွက် ရင်အေးသွားရသည်။

''ငါနဲ့ အဲဒီကောင်မလေးက အရင်တုန်းက ဘာညာဘာညာ ပေါ့ကွာ။ နောက်တော့လည်း ဒီလိုပဲပေါ့။ လူဆိုတာ ကိုယ့်ဘဝနဲ့ ကိုယ်ပဲ။ ငါလည်း နောက်ထပ်တခြားတစ်ယောက်နဲ့ ထပ်တွဲတာပေါ့။ အဲဒါသူက ငါ့ကို အရမ်းတင်းသွားတယ်။ မင်းတို့ ဟိုစကားပုံကြားဖူးတယ်မဟုတ်လား။ အချစ်ကြီးတော့ အမျက်ကြီးဆိုတာလေ။ အခုလည်း အဲဒီလိုပေါ့''

ရှုပ၏ စကားတွေသည် ဘယ်လိုမှ ယုံနိုင်စရာမရှိသော်လည်း ကျွန်တော်တို့က ဘာမှ ပြန်မပြောဖြစ်ကြ။ ငြိမ်သက်စွာပဲ နားထောင်နေခဲ့ကြ၏။

လင်းလင်းနှင့်ပတ်သက်၍ ရှုပဘာကြောင့် ဒီလိုပြောသလဲဆိုတာ ကိုတော့ သေချာသဘောမပေါက်ပေ။

အပြန်တွင် အောင်မြင့်ရော၊ ချမ်းမင်းပါ တိတ်ဆိတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ ညနေတစ်ခုလုံး ကျွန်တော့်ခံစားမှုတို့မှာ ရော်ဖြ တောက်ပနေ၏။ ညနေခင်းသည် ကုန်ခဲလှသည်။

အိမ်ပြန်ရောက်တော့ ရေချိုးလိုက်သည့်တိုင်အောင် စိတ်တွေက ပေါ့ပါးမသွားဘဲ လေးလံနေဆဲဖြစ်သည်။

ကျွန်တော်သည် တယ်လီဖုန်းပေါ်က ခလုတ်လေးကို ငေးကြည့် ကာ ရင်ခုန်လာ၏။ အလွတ်ရထားသော သူမ၏ ဖုန်းနံပါတ်ကို ကျွန်တော် နှိပ်လိုက်ပါသည်။

"ဟဲလို"

"ကလေးလား"

"ဟုတ်"

"ကိုယ်ပါ၊ ရဲမိုး"

"သိသားပဲ"

"ဘယ်လိုလုပ်သိတာလဲ"

"သမီးကို ကလေးလို့ခေါ်တာ ကိုရဲမိုးတစ်ယောက်ပဲရှိတဲ့ဥစ္စာ"

"ထားပါတော့၊ ဒါနဲ့ကလေး အခုအကျီအင်္ကျီဘာရောင်ဝတ်ထားသလဲ"

"အပြာရောင်"

"လုံချည်ကရော"

"လုံချည်မဟုတ်ဘူး။ ဘောင်းဘီဝတ်ထားတာ --- အပြာဝမ်းဆက်ပေါ့"

"ဆံပင်တွေကရော ဖြန့်ထားတာလား"



"အင်း ဒါပေမဲ့အရှေ့ပိုင်းလေးကို ကျစ်ဆံမြီးကျစ်ထားတယ်"

"ဟုတ်လား။ မြင်ဖူးချင်လိုက်တာ၊ နောက်နေ့ကျရင် ကျောင်းကို အဲဒါမျိုးလုပ်လာပါလား"

"အာ --- မလုပ်ပါဘူး။ ရှက်စရာကြီး"

"မရှက်ပါနဲ့ကွာ။ ကိုယ်မြင်ဖူးချင်လို့"

"သူများတွေက သမီးကို အရူးလို့ ဝိုင်းပြောမှာပေါ့"

"ကလေးက သူများတွေကို ဂရုစိုက်တတ်သလားဟင်"

"ဟင့်အင်း --- မစိုက်ပါဘူး"

"အဲဒါဆို ကျစ်ဆံမြီးလုပ်လာခဲ့"

"အင်း ပြီးရော၊ ဒါပေမဲ့ ကိုရဲမိုးမရယ်ရဘူးနော်"

"စိတ်ချပါ။ မရယ်ပါဘူး"

"ကိုရဲမိုး"

"ပြောလေ ကလေး"

"သမီးက နောက်ကျရင် နိုင်ငံခြားသွားမှာ၊ မြန်မာပြည်မှာ မနေဘူး။ အဲဒီကျရင် ကိုရဲမိုးလိုက်မလား"

သူမ၏ နောက်ရွတ်ရွတ် စကားကြောင့် ကျွန်တော်က ရယ်မိ၏။ ထိုအခါ သူမကလည်း လိုက်ရယ်သည်။

"မလိုက်ချင်ပါဘူး"

"ပြီးရော --- အဲဒါဆိုလည်းမခေါ်တော့ဘူး"

ကျွန်တော်သည် လင်းလင်းစကားကို သံသယများစွာဖြင့် တွေးစားနေမိသည်။ သူမဆီမှ အသံတွေထွက်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ကိုရဲမိုး၊ ဟိုတစ်ယောက် အခြေအနေဘယ်လိုလဲ၊ ဘာမှ မဖြစ်ဘူး မဟုတ်လား။"

"ဘာမှ မဖြစ်ပါဘူး။ အေးဆေးပဲ"

"သူက ဘာပြောသေးသလဲ"

"အမှန်အတိုင်းပြောရမှာလား"

"ပြော --- အမှန်အတိုင်းပဲပြော။ ပြီးရင် ကိုရဲမိုးကို သမီးအဲဒီကိစ္စပြောပြမယ်"

"ရှုပက ပြောတယ်။ သူနဲ့ကလေးက အရင်တုန်းက ဘာညာဘာညာတဲ့။ အခုသူက တခြားတစ်ယောက်နဲ့ ပြောင်းတွဲလို့ ကလေးက အရမ်းစိတ်ဆိုးပြီး အခုလိုမြွေနဲ့ရှူးတိုက်တာတဲ့"

"ဟွန်း --- ထင်တဲ့အတိုင်းပဲ။ အဲဒီလူက သမီးကို သိက္ခာလိုက်ချနေတာ။ ကိုရဲမိုးက အဲဒီလူပြောတာ ယုံသလား"

"ဟင့်အင်း --- မယုံပါဘူး ကလေးရဲ့"

"သမီးပြောပြမယ်။ အဲဒီလူကလေ၊ မနှစ်တုန်းက သမီးကိုစပြီး ချဉ်းကပ်လာတာ။ ပြီးတော့ သမီးကို ချစ်လို့တဲ့၊ ရည်းစားစကားပြောတယ်။ သမီးက No ပဲ။ အပြတ်ငြင်းထားပြီးသား ဒါပေမယ့် သူနဲ့သမီးနှစ်ခါ သုံးခါလောက် ဖုန်းပြောဖူးတယ်။ လေး၊ ငါးခါလောက် ကန်တင်းထိုင်ဖူးတယ်၊ ဒါလောက်ပဲ။ အဲဒါကို သူက သမီးကို သူများတွေ တလွဲထင်အောင် လျှောက်ပြောတယ်။ အရမ်းမိန်းမဆန်တာပဲ"

"အဲဒါကတော့ ဟုတ်လိမ့်မယ်။ ပုံစံကြည့်ရတာ သိသာပါတယ်။ ဒါပေမဲ့ ကလေးရယ် သူ့ကို မကျေနပ်ရုံနဲ့ မြွေကြီးတွေနဲ့တော့ ရှူးမတိုက်သင့်ဘူးပေါ့"



"အဲဒါက သမီးတစ်ယောက်တည်း အပြစ်ရှိတာမဟုတ်ဘူး။ ပုံ့ပုံ့တို့၊ ဉာဏ်စိန်တို့ကလည်းအကြံပေးတယ်။ ဉာဏ်စိန်ဆို အဲဒီလူရဲ့ လက်ကိုင်ပဝါတောင် ယူလာပေးသေးတာ"

ကျွန်တော့်စိတ်ထဲတွင် ဉာဏ်စိန်ကို ကျိတ်ပြီးဆဲလိုက်မိ၏။ ဒါကြောင့် အဲဒီ လက်ကိုင်ပဝါအနီရောင်ကြီး မြင်ဖူးပါတယ် မှတ်တာ။ ဉာဏ်စိန် လက်ချက်ကိုး။

"ကဲ --- ပြီးတာတွေကတော့ ထားလိုက်ပါတော့။ အခုပြဿနာက ကလေးကို ရှုပကမကျေနပ်ဘဲ လက်စားချေရင် ဘယ်လိုလုပ်မလဲ"

"သူက သမီးကို အဲဒီလို လုပ်မှာလား"

"မဟုတ်ဘူးလေ။ ကိုယ်က သဘောကိုပြောတာပါ။ ရှုပက သိပ်ကျေနပ်မှာ မဟုတ်ဘူး"

"ကိုရဲမိုးက ဒါဆိုသမီးနားမှာနေပေးပေါ့။ ဒါဆို သမီးကို ရန်ပြုချင်တဲ့ လူတွေက ဘယ်လာရဲတော့မလဲ"

"အင်းပေါ့လေ၊ ကိုယ်က ဘီလူးကြီးပဲဥစ္စာ"

"ခစ်ခစ် --- ခစ်"

သူမရယ်သံတွေက ဖုန်းခွက်ထဲမှာ ပြည့်လျှံစီးဆင်းလာသည်။ ကျွန်တော့်ကမ္ဘာကြီးတစ်ခုလုံး ဖုန်းနားထောင်ခွက်ထဲတွင် ပြည့်စုံနေတော့သည်။

"ကိုရဲမိုး"

"ပြောလေ --- ကလေး"

www.burmeseclassic.com

www.burmeseclassic.com



''သမီးလေ အိမ်ပြန်ရောက်တော့ စနိဘီတို့၊ ဘော်ဘီတို့ကို အမဲသားကြော်တွေ ကျွေးပြီးဆုချတယ်သိလား''

''ကောင်းတာပေါ့''

''ဩော် ကိုရဲမိုး မနက်ဖြန်အားလားဟင်''

''အားပါတယ်''

''မနက်ဖြန်စနေနေ့ဆိုတော့ ကျောင်းပိတ်တယ်မဟုတ်လား။ အဲဒါသမီးက မြို့ထဲက စာအုပ်တန်းတွေမှာ စာအုပ်တွေ လျှောက်ကြည့်မလို့။ အဲဒါကိုရဲမိုးလိုက်မလား''

ကျွန်တော်သည် သူမနှင့် နှစ်ယောက်တည်းတွေ့ရမည့် အခွင့်အရေးကို သဘောတူလိုက်ပါသည်။

''သိပ်လိုက်တာပေါ့''

''အဲဒါဆို မနက်ဖြန် မနက်ဆယ်နာရီမှာ ပန်းဆိုးတန်းက အမေ့အိမ် စာအုပ်ဆိုင်ရှေ့မှာ စောင့်နေသိလား''

''အင်း''

''ပြီးတော့ ကိုရဲမိုးဆီမှာ ရှပ်အင်္ကျီလက်ရှည်အကွက် ရှိတယ်မဟုတ်လား။ အဲဒါဝတ်ခဲ့''

သူမပြောသောအင်္ကျီကို ကျွန်တော်မှာ မနည်းစဉ်းစားရသည်။

''နေဦးကလေး၊ အဲဒီအင်္ကျီကိုဝတ်တာ ကလေးမြင်ဖူးလို့လား''

''မြင်ဖူးတယ်၊ သမီးနဲ့ ကိုရဲမိုးနဲ့ ဆုံဆည်းရာမှာ တစ်ခါတွေ့ကြသေးတယ်လေ။ အဲဒီတုန်းက ကိုရဲမိုးအဲဒီအင်္ကျီ ဝတ်ထားတာ''

လင်းလင်းပြောမှ ကျွန်တော်လည်း သေချာပြန်စဉ်းစားမိသည်။



သူမပြောသောအင်္ကျီ ကျွန်တော်ပုံဖော်၍ ရသွားပြီ။ ကျွန်တော်က ကိုယ်ဘယ်နေ့မှာ ဘာအင်္ကျီဝတ်တယ်ဆိုတာ မှတ်ထားသူမျိုးမဟုတ်ပေ။

''ကိုရဲမိုး မှတ်မိပြီလား''

''အင်း မှတ်မိပြီ''

''အဲဒါဆို အဲဒီအင်္ကျီဝတ်ခဲ့''

''ကလေး''

''ပြော''

''မနက်ဖြန်ကျရင် ကလေးလည်း ဆံပင်အရှေ့ပိုင်းလေးကို ကျစ်ဆံမြီးလုပ်ခဲ့နော်''

''ဟုတ်''

''အဲဒါဆို ဒါပဲ''

''ဟုတ်''

လင်းလင်းသည် ပြောပြီးဖုန်းချသွား၏။ ကျွန်တော်က လေယူကွေ့ကို မှတ်ထုတ်လိုက်ရ၏။

ဒီအရူးမလေးသည် ကျွန်တော့်ကို လှုလှုပပ ဖျားတက်စေခဲ့ပြီ။ ရင်ထဲတွင် ခံစားမှုတွေက ပန်းရောင်သမ်းနေသည်။

ပန်းရောင်ဆိုသည်မှာ အချစ်၏သင်္ကေတဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇-က)

ကျွန်တော်နှင့် ဇော်ကိုကိုထွန်းသည် ''ဆုံဆည်းရာ''တွင် ထိုင်ပြီး တစ်နေကုန်အတန်းမတက်ဘဲ နေကြသည်။ ဇော်ကိုကိုထွန်းက လှူငနွားလေးများကို အမြဲသရော်တတ်သည်။

ကျွန်တော်တို့သည် ကြီးကျယ်သောအရာများမှာ မတော်တဆ တွေ့ရှိခြင်းဖြစ်ကြောင်းကို ရဲရဲဝံ့ဝံ့ယုံကြည်ကြ၏။ ကဗျာတစ်ပုဒ်၏ ခမ်းနားမှုကို သာမန်မတော်တဆမှုတစ်ခုနှင့် အချိုးချကြည့်ကြသည်။ ဒီကမ္ဘာပေါ်ရှိ ကဗျာဆရာများနှင့် ကဗျာများအကြောင်းကို ဒလေးဒနက်ထားဖို့ သဘောတူကြသည်။

အမေရိကန်သမ္မတရောင်၏ သမ္မတကျမ်းသစ္စာ ကျမ်းကျိန်ဆိုပွဲတွင် ကဗျာဆရာ ရောဘတ်ဖရော့(စ်)က ကဗျာရွတ်ဆို ဖျော်ဖြေပေးခဲ့၏။ ရုရှကဗျာဆရာ ယက်ဗ်တူရှင်ကို၏ ကဗျာရွတ်ပွဲတွင် ရှေ့ဆုံးတန်း၌ နားထောင်ခွင့်ရသူမှာ ဘုရားပေးသော ဆုဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရှပ်ရှင်မင်းသမီး ကတ်သရင်းဖီတာဂျန်းက ကဗျာဆရာဒိုင်လန်တောမတ်စ်ကို ဂုဏ်ပြုသောအားဖြင့် သူမ၏ ရင်သွေးလေးကို ဒိုင်လန်ဟု အမည်ပေးခဲ့၏။ ဂျာမန်၌ အမျိုးသမီးများသည် သူမတို့ ကလေးများကြီးလာလျှင် ကဗျာဆရာသာ ဖြစ်စေချင်ကြသည်ဟု ကျွန်တော်ဖတ်ဖူး၏။ ကဗျာဆရာသည် တရားဝင်ခန့်အပ်ထားခြင်းမဟုတ်သော ယဉ်ကျေးမှုသံအမတ်ဖြစ်သည်။

ကျွန်တော်တို့က အနုပညာနှင့် နိုင်ငံတကာအမြင်သည် အရေးကြီးသည်ဟု ယူဆကြသည်။

မိန်းမတစ်ယောက်ကို ကာမဆန္ဒမပါဘဲ မေတ္တာစစ်စစ်ဖြင့် ချစ်နိုင်သူအား စိန်လက်စွပ်တစ်ကွင်းဆုချမည်ဟု ကျွန်တော်က ကြေညာသောအခါ အောင်မြင့်နှင့် ထွန်းထွန်းဦးတို့က ရယ်ကြ၏။

ကိုရှုပ (ခေါ်) ကိုဖစ်ဆစ် (ခေါ်) အီးစီသည်လည်း ခွေးကိုက်ခံရပြီးနောက် ကျွန်တော်တို့ဆီ သိပ်မလာတော့။ ခွေးကြီးနှစ်ကောင်နှင့် ဆော်ဆိုမှ အရှုံမလေးလင်းလင်းမှာ ကျောင်းဥပိုရှဲနာမည်ကြီးသွားသည်။

သူမကို အနည်းအကျဉ်းစိတ်ဝင်စားမိသော ယောက်ျားလေးတချို့မှာ ခွေးကြီးနှစ်ကောင်နှင့် သူမ၏ထင်ရာလုပ်တတ်သော စရိုက်ကို နားမလည်နိုင်ဘဲရှိ၏။

အချစ်ဆိုတာ ဘာမှရှည်ရှည်ဝေးဝေး လျှောက်ပြောစရာမလိုသော ဆွေးအောင်ကြွေသည့်ခံစားမှုတစ်ခုဟုသာ လင်းလင်းက ထင်မှတ်ခဲ့ပါသည်။ ကျွန်တော်တို့နှစ်ယောက်၏ သူငယ်ချင်းဘဝသည် ရယ်စရာကောင်းသော သစ်ရွက်စိမ်းကလေးများကဲ့သို့ ဖြစ်သည်။ ဆူးမရှိသော နှင်းဆီပန်းတွေလိုပဲ အန္တရာယ်ကင်းသည်။ ဘယ်မျက်နှာဖုံးမှ တပ်စရာမလိုသော ဟန်ဆောင်မှုများဖြစ်သည်။



နောင်တစ်ချိန်တွင် ကျွန်တော်၏ ဆက်ဆံရေးမှာ မည်သို့ရှိလာလိမ့်မည်ဟု မပြောနိုင်သော်လည်း သေချာသည်ကတော့ ကျွန်တော်ဖက်က အလွမ်းများဖြစ်ပါသည်။ နွေဦးသည် တိတ်ဆိတ်စွာရောက်ရှိလာခဲ့ပြီ။ အေးစက်မှောင်မိုက်သည့် ရနံ့များအတွင်း လင်းလင်းကို လုံခြုံစေချင်ပါသည်။

ကျွန်တော့်ရင်ခွင်ထဲမှာ သူမကို ငြိမ်ငြိမ်ကလေးအိပ်ပိုက်နေစေလိုသည်။ ချစ်စရာကောင်းသော လိပ်ပြာကလေးများအား သူမကစားဖို့ ကျွန်တော်က ဖမ်းပေးချင်သည်။

ဒီထက်မက တတ်နိုင်ဦးမည်ဆိုလျှင် ''ခစ်'' ခနဲ ရယ်လိုက်သော သူမ၏ ရယ်သံလေးများကို ကမ္ဘာအနှံ့ပျံ့သန်းနိုင်အောင် အတောင်ပံတပ်ပေးထားမည်။

တကယ်တော့ နူးညံ့သည့်မေတ္တာတရားနှင့် ဒီကောင်မလေးကို အလိုလိုက်နိုင်သူသည် ကမ္ဘာပေါ်တွင် ကျွန်တော်တစ်ယောက်တည်းသာ ရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇-ခ)

ပန်းဆိုးတန်းသည် လူတွေရှုပ်ထွေးလွန်းသည့် ရန်ကုန်မြို့လယ်လမ်းများစွာအနက် တစ်လမ်းအပါအဝင်ဖြစ်သည်။ ကျွန်တော်က နာရီကိုကြည့်လိုက်၊ တဖြည်းဖြည်းမြင့်တက်လာသော နေလုံးကြီးကို ကြည့်လိုက်နှင့်တစ်ယောက်တည်း ပင်ပန်းနေမိသည်။

လင်းလင်းသည် ဆယ်နာရီရောက်မည်ဟု ပြောခဲ့သော်လည်း ဆယ့်တစ်နာရီ ထိုးခါနီးအချိန်အထိ ရောက်မလာသေးပေ။

လူတွေကြားထဲတွင် သူမနှင့်ပုံစံနည်းနည်းသူသည့် ကောင်မလေးတချို့ကိုတွေ့လျှင် ကျွန်တော်ကသဲကြီးမဲကြီး လိုက်ကြည့်ရ၏။ လိုက်ကြည့်ပြီးမှ သူမမဟုတ်လျှင် ကျွန်တော်ကကိုယ့်ကိုယ်ကိုယ် သရော်မိနေသည်။ ကျွန်တော်သည် သူမ ရောက်မလာတော့ဘူးဟုပင် ထင်လာ၏။

စောင့်ရသူဆိုသည်မှာ ပင်ပန်းလွန်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကျွန်တော်ကခပ်လှမ်းလှမ်းတွင် ဟိုဟိုသည်သည် လျှောက်ကြည့်နေသည့် ကောင်မလေးတစ်ယောက်ကို မြင်လိုက်ရသည်။ ပျော်လည်းပျော်သွားမိ၏။

လင်းလင်း။ မင်းကို ငါသိပ်ချစ်တာပဲ အရှုးမလေးရယ်။

သူမကလည်း ကျွန်တော့်ကိုမြင်သွား၏။ လှစ်ခနဲ ပြုံးပြသည်။ ကျွန်တော်က ထိုအမှုအရာများတွင် အခါခါသေဆုံးခဲ့သူလည်း ဖြစ်လေသည်။

လင်းလင်းသည်ဆံပင်ရှေ့ဖျားကို ကျစ်ဆံမြီးကျစ်ထား၏။ အပြာနုရောင် ဂျင်းအပျော့နှင့် တီရှပ်အဖြူလွလွ တစ်ထည်ကို လိုက်ဖက်စွာ ဝတ်ဆင်ထားသည်။ ကျောပိုးအိတ်အနက်သေးသေး တစ်လုံးကိုလည်း လွယ်ထား၏။

''ကလေးက ဒီနေ့တယ်လှပါလား။ နောက်အမြဲ အဲဒါမျိုး ဝတ်နော်''

သူမက ခေါင်းညိတ်ပြသည်ဟု ထင်ရသည်။ ကျွန်တော်က လင်းလင်းမျက်နှာပေါ်က အရိပ်အကဲများအား စူးစမ်းမိ၏။ လင်းလင်းက ထိုကိစ္စကို မသိချင်ယောင်ဆောင်နေသည်။

ထို့နောက်တွင်တော့ ကျွန်တော်တို့နှစ်ယောက်သည် စာအုပ်အဟောင်းတန်းတွေဆီသို့ လမ်းလျှောက်လာခဲ့ကြလေသည်။ နေသည် ပို၍ပူလာ၏။

''ကလေး နေအရမ်းပူတယ်။ ထီးဖြစ်ဖြစ် ဦးထုပ်ဖြစ်ဖြစ်တစ်ခုခု ဆောင်းထားပါလား။''



''အာ --- မဆောင်းပါဘူး ဒီအတိုင်းပဲ နေပူထဲမှာ လမ်းလျှောက်မယ်။ ဘာလဲ ကိုရဲမိုးက နေပူမခံနိုင်ဘူးလား''

အံမယ် သူများက ငါ့ကို ဒီစကားမျိုးပြောရသေးတယ်။ ဘယ်လောက် တောင်လူနဲ့ စကားနဲ့ မလိုက်တဲ့ကောင်မလေးလဲ။

''ကိုယ်ကနေပူခံနိုင်ပါတယ်။ ကလေးအတွက်ပြောတာ''

''ရပါတယ် ကိုရဲမိုးရဲ့။ သမီးလည်း နေပူခံနိုင်ပါတယ်။ဒီနေ့ သမီးက အခုလိုလျှောက်သွားချင်လို့ ကားကို တမင် ထားခဲ့တာ။ စာအုပ်တွေကြည့်ပြီးရင် သမီးတို့နှစ်ယောက် လမ်းဘေး မှာတွေ့တဲ့ မုန့်တွေလျှောက်စားမယ်နော် ကိုရဲမိုး''

လင်းလင်းသည် ဒီလိုအခွင့်အရေးမျိုးကို တစ်ခါတစ်ရံမှသာ ရသူဖြစ်လေသည်။ ကျွန်တော်က သူမ၏ချစ်စရာတောင်းဆိုမှုကို အလိုလိုက်ချင်လာ၏။

''အင်းပါ၊ ကလေးသဘော''

''ပြီးတော့ ဟစ်ခါတည်းပြောထားမယ်နော် ကိုရဲမိုး၊ ဒီနေ့စားတာ၊ သောက်တာ၊ သုံးတာ၊ စွဲတာ အားလုံးသမီးပေးမှာ ကိုရဲမိုး မပေးရဘူး''

''ပြီးရော၊ အဲဒါဆို ကိုယ်က လမ်းမှာတွေ့သမျှ အကုန် လျှောက်စားပစ်မယ်။ ကလေးပိုက်ဆံလိုက်ရှင်း''

''ဟာ အဲဒီလိုတော့ တစ်ယောက်တည်း အကုန်လျှောက်မစားနဲ့လေ။ ဟဲဟဲ သမီးနဲ့အတူတူစား''

သူမသည် ကျွန်တော်တကယ်စားမည်အထင်နှင့် ကပ်ခွေးနှာကာ စိုးရိမ်နေပြန်သည်။ ကျွန်တော်က ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် ကျွန်တော်တို့သည် စာအုပ်အဟောင်းဆိုင်တွေသို့ ရောက်လာ၏။ သူမသည် တကယ့်လူတတ်ကြီး ပုံစံနှင့် စာအုပ်များကို လျှောက်ကြည့်နေပြန်သည်။ တချို့စာအုပ်တွေကို စာမြည်းကြည့်နေပုံမှာ တစ်စက်မှ အချိုးမပြေ။ သိန်းဖေမြင့်၏ ''အရှေ့မှ နေဝန်းထွက်သည့်ပမာ'' စာအုပ်မျိုး၊ သခင်တင်မြ၏ ''ဘုံဘဝမှာဖြင့်'' စာအုပ်မျိုးကို သူမလို ဂျင်းဘောင်းဘီနှင့်၊ ကျောပိုးအိတ်သေးသေးလေးနှင့် ၊ အရှေ့မှာ ကျစ်ဆံမြီး နှစ်ချောင်းသုံးချောင်း ကျစ်ထားသည့် ဆံပင်ပုံစံနှင့် ကောင်မလေးတစ်ယောက်က ဆရာကြီးဟန် အပြည့်ဖြင့်ဖတ်နေပုံမှာ ကျွန်တော့်ကို ရင်ခုန်စေလေ၏။

ကျွန်တော်က သူမနှင့် မလှမ်းမကမ်းမှာ ကဗျာစာအုပ်တစ်အုပ်ကို ဖတ်ကြည့်ရင်း စောင့်ရ၏။ လင်းလင်းသည် ထိုစာအုပ်တွေ ဖတ်နေရင်းမှ ပြုံးရယ်လိုက်သေးသည်။

ခဏကြာတော့ ကျွန်တော်တို့သည် ရေသန့်ဘူးခပ်သေးသေးလေး နှစ်ဘူးကို ဝယ်ကြသည်။ သူမက ကျွန်တော့်ကို ငါးသုံးလုံးစီးကရက်တစ်လိပ်ကိုလည်း ဝယ်တိုက်၏။

လင်းလင်းသည် သွားရင်း၊ လာရင်းမှ ပျော်ရွှင်နေပုံရသည်။ စာအုပ်အဟောင်းဆိုင်လောကတွင် နာမည်ကြီး ''ဖိုးသင်းနိုင်'' ဆိုင်ကို ရောက်တော့ သူမက ဝမ်းသာအံ့သြနေ၏။ ရှေးခေတ်က သတင်းစာအဟောင်း တွေကြားမှာ ခုံတစ်လုံးနှင့် သတင်းစာတွေကို လျှောက်ဖတ်ပြန်သည်။

ကျွန်တော်ကလည်း လင်းလင်းဘေးမှာထိုင်ပြီး သူမမျက်နှာကို ငြိမ်ငြိမ်ကလေးငေးနေမိ၏။ ထိုအခါ လင်းလင်းကို အဆုံးအရှုံး မခံနိုင်သော စိတ်တွေက ပို၍ သေချာလာသည်။



သူမသည် သတင်းစာအဟောင်းတွေကြားမှာ လျှောက်သွားနေ၏။ ကြမ်းပေါ်တွင် မညီမညာ အစထွက်နေသော ကော်ဖော့များ၊ စာအုပ်များ မိုးမစိုစေရန် ဖုံးထားသော မိုးကာစများနှင့် သူမက ခလုတ်တိုက် ချော်လဲသေးသည်။

''သမီးက ဒီလိုပဲ ဖြစ်နေကျ ကိုရဲမိုးရဲ့၊သိလား ကျောင်းမှာဆိုလည်း ခဏခဏ ချော်လဲတယ်၊ သမီးဒူးမှာဆိုရင် အနာရွတ်တွေချည်းပဲ။ ငယ်ငယ်ကဆို သမီးက အရမ်းဆော့တာ''

ကျွန်တော့်မှာ သူမစကားတွေကို တအံ့တသြဖြစ်နေရ၏။ ဖိုးသင်းနိုင်ဆိုင်က ပြန်ထွက်တော့ မဟာဗန္ဓုလ လမ်းတစ်လျှောက်ရှိ စာအုပ်အဟောင်းဆိုင်တွေကို နေပူထဲ လျှောက်ကြည့်ပြန်၏။

''ကလေးက အခုထိတစ်အုပ်မှလည်း မဝယ်သေးဘူး''

''သမီး စိတ်ကြိုက်မှ မတွေ့သေးတာကြီးကို''

''ဒါဆိုကိုယ်ရွေးပေးမယ်''

''အင်း --- ရွေးပေးလေ''

ကျွန်တော်က သူမအတွက် စာအုပ်အဟောင်းမဟုတ်ဘဲ ဘွက်တာသိပ်မကြာသေးသည့် ဒေါက်တာသန်းထွန်း၏ ''ငါပြောချင်သမျှဒါအကြောင်း'' စာအုပ်ကို ရွေးပေးလိုက်ပါသည်။

ထိုစာအုပ်ကို ဝယ်ပြီးနောက် ကျွန်တော်တို့က လမ်းတွေဆက်လျှောက်ကြပြန်သည်။ ရေဘူးနှင့် တစ်ရှူးထုပ်တွေကို ထပ်ဝယ်ကြရ၏။

''ကိုရဲမိုး --- သမီးဗိုက်ဆာပြီ''

''ကလေးက ဘာစားချင်လို့လဲ''

''မုန့်ဟင်းခါး''

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျွန်တော်က မုန့်ဟင်းခါးရောင်းသော ဆိုင်ကောင်းကောင်းဘစ်ဆိုင်ကို စဉ်းစားရတော့သည်။ စဉ်းစားလို့ မရခင် သူမကဖြတ်ပြော၏။

''ကိုရဲမိုး -- မုန့်ဟင်းခါးဆိုင် ကြီးကြီးတွေဆိုရင် သမီးမစားချင်ဘူး။ လမ်းဘေးဆိုင်မှ''

သူမသည် ထိုထို့ထင်ရာလုပ်တတ်သော ကလေးဆိုးတစ်ယောက်လည်း ဖြစ်လေသည်။

ကျွန်တော်က သူမစိတ်တိုင်းကျ လမ်းဘေးမုန့်ဟင်းခါးဆိုင်တစ်ဆိုင်ကို ဝင်ထိုင်လိုက်ရ၏ လင်းလင်းသည် လမ်းဘေးမုန့်ဟင်းခါးကိုမြိန်ရေရှက်ရေ စားနေပြန်သည်

သူမပုံစံသည် တစ်ခါတစ်ရံ အိမ်ကခိုးထွက်လာသော ကလေးတစ်ယောက်၏ လုပ်ချင်ရာလျှောက်လုပ်နေပုံမျိုးဖြစ်သည်။ မုန့်ဟင်းခါးစားပြီးတော့နာရီကြည့်သောအခါ နေ့လယ်နှစ်နာရီထိုးနေပြီ။

''ကိုရဲမိုး၊ သမီးက နှစ်နာရီခွဲပြန်ရမှာ။ အခုနှစ်နာရီထိုးနေပြီ။ နာရီဝက်ပဲ ကျန်တော့တယ်။ လာ --- လာ မြန်မြန်လျှောက်သွားကြမယ်။ တော်ကြာမနဲ့ဘဲ နေလိမ့်မယ်။

ကျွန်တော့်မှာ သူမစကားကြောင့် အမြန်ထရပြန်၏။ နောက်ဘယ်ကို ဦးတည်မှန်းမသိသော လမ်းတွေကို လျှောက်ကြရသည်။

လင်းလင်းသည် နဖူးပေါ်က ချွေးများကို တစ်ရှူးတွေနှင့်သုတ်ပစ်နေ၏။ ဒီလိုနှင့် (၃၇) လမ်း၊ ဆိပ်ကမ်းသာလမ်းများကိုပတ်ပြီးသောအခါ ကျန်သေးသည့် အချိန်နာရီဝက်လည်း ကုန်သွားပြီ။



''အခုလို နေပူကြီးထဲမှာ သမီးကို လိုက်လျှောက်ပို့ပေးတာကျေးဇူးတင်ပါတယ်''

''ရပါတယ် ကလေးရဲ့''

''သမီးတို့ နောက်တစ်ခါဒီလိုပဲ လျှောက်သွားဦးမယ်နော်။ သိလားကိုရဲမိုး''

ကျွန်တော်က ငြိမ်သက်စွာခေါင်းညိတ်ပြမိသည်။ သူမကသွားတက်ကလေးတွေပေါ်အောင် ရယ်ပြ၏။

''ဒါဆို တာ့တာ''

ကျွန်တော့်ကို လက်ပြနှုတ်ဆက်နေသည့် ကောင်မလေးသည် ကျွန်တော့်စိတ္တဇဖြစ်သည်။ ကျွန်တော့်ဝိညာဉ်ဖြစ်သည်။ ကျွန်တော့်အတ္တဖြစ်သည်။ ပြီးတော့ ဘာမျှော်လင့်ချက်မှမပါသော ကျွန်တော့်မနက်ဖြန်လေးလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈–က)

ကျွန်တော်တို့နှစ်ယောက်သည် အခုဆိုရင်းနှီးသော သူငယ်ချင်းများဟု ဆိုရမည်။ (ကျွန်တော့်ဖက်က မရိုးသားတာကတော့ တစ်ပိုင်းပေါ့။) လင်းလင်းအကြောင်းတွေကိုလည်း ကျွန်တော်က ပို၍ သိလာခဲ့သည်။ သူမသည် တယောထိုးသည့် ဗင်နက်ဆာမေး (Vanessa Mae) ကိုအားကျသူ၊ တိရစ္ဆာန်တွေချစ်တတ်သူ၊ ဝေ့လည်ကြောင်ပတ်လာလုပ်သော ကောင်လေးတချို့ကို မာရေကျောရေ တုံ့ပြန်တတ်သူ၊ ထိုကဲ့သို့ အကြောင်းများ၏ အကျိုးဆက်မှာ သူမဆီတွင် ကျွန်းရောင် တယောပြားလေးတစ်လက်ရှိသည်။

ချိုးငှက်တစ်ကောင်၊ ခွေးနှစ်ကောင်၊ ရွှေငါးသုံးကောင်၊ ကြောင်လေးကောင်ကိုလည်း သူမကမွေးထားသေးသည်။ ယောကျ်ားလေးတွေကြားထဲတွင် သူမနှင့်ပတ်သက်သော အံ့ဩစရာပုံပြင်တွေရှိသည်။ (ဥပမာ–ကိုရှုပကို ခွေးနှင့် ရှူးတိုက်သည့် ကိစ္စမျိုး။)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ထိုအံ့ဩစရာအရူးမလေးကိုမှ ချစ်နေမိသည့်အခါ ဘာကိုမှမရှက်တော့ပေ။

လူသားတစ်ယောက်အနေဖြင့် တခြားဂုဏ်သိက္ခာတွေကို မေ့ထားပြီး လုပ်ချင်ရာကိုလုပ်ရသည်မှာ တော်တော်အရသာရှိသည့် ကိစ္စဖြစ်သည်။ ခံစားမှုအား ဦးစားပေးသော ကျွန်တော်က သူမကို မေတ္တာတရားဟု ယုံယုံကြည်ကြည်နာမည်ပေးလိုက်ပါသည်။

ရနံ့တချို့ကိုလည်း ကျွန်တော့်အတွက် သူမကထားရစ်ခဲ့သည်။ မာကျောသော မျက်နှာပြင်များကို ကျွန်တော်က နူးညံ့မှုဖြင့် အိပ်မက်ခဲ့သူမျှသာဖြစ်သည်။

ဘာကိုမဆို စွန့်လွှတ်ရဲသူသည်သာ တကယ့်သတ္တိဟု ကျွန်တော်က ယူဆခဲ့ပါသည်။

တိတ်ဆိတ်သော ချောကလက်အရသာများက လေထဲတွင် ဝေ့ပါလာကြသည်။ အစိမ်းရောင်သစ်ပင်များ၊ မှောင်မိုက်မှုများ၊ လမ်းမများ၊ ဖုန်းခေါ်သံများ၊ ဖယ်ရီကားများ၊ ကန်တင်းများ၊ ကျွန်တော့်ရူးသွပ်မှုများ။

အားလုံးသည် လင်းလင်းတစ်ယောက်တည်း ဖြစ်သွား၏။ ကျွန်တော်က ကမ္ဘာအပြင်ဖက်ကို လွင့်စင်သွား၏။ ကျွန်တော်နှင့် သူမကြားတွင် စကားလုံးဖြင့်ပြောပြ၍မရသော ခြားနားမှုတွေရှိနေသည်။

ဒါပေမဲ့ ကျွန်တော်က ထိုခြားနားမှုတွေကို ကျော်လွှားနိုင်လိမ့်မည်ထင်ခဲ့ပါသည်။

## အခန်း (၈-၁)

''ဆုံဆည်းရာ'' ကန်တင်းသည် ထမင်းစားချိန်မို့ လူတွေရှုပ်ထွေးစည်ကားလျက်ရှိသည်။ လင်းလင်းသည် သူမ၏ စိတ်ကြိုက်အရောင်ဖြစ်သော အပြာနှင့် အနက်ကို တွဲဖက်ဝတ်ဆင်ထား၏။

ကျွန်တော်တို့ ထိုင်နေသောဝိုင်းတွင် ကျွန်တော်နှင့် လင်းလင်း အပြင် တတိယမြောက်ရှိနေသူမှာ ပုံ့ပုံ့ဖြစ်သည်။ ကျီးကန်းတစ်ကောင်က ကန်တင်း၏ တံစက်မြိတ်မှ ထပျံသွား၏။

''ကိုရဲမိုး''

သူမကခေါ်သဖြင့် ကျွန်တော်က ငေးနေရာမှ လှည့်ကြည့်လိုက်ပါသည်။

''ဟိုတစ်နေ့က သမီးအိမ်ပြန်ရောက်တော့ အရမ်းပင်ပန်းပြီး ဖျားချင်သလိုဖြစ်သွားသေးတယ်။ အဲဒါနဲ့ ဆေးသောက်ပြီး အစောကြီး အိပ်ပစ်လိုက်ရတယ်။ ကိုရဲမိုးရော မပင်ပန်းဘူးလား''

www.burmeseclassic.com

www.burmeseclassic.com



''ကိုယ်ကဘာမှ မဖြစ်ပါဘူး။ အေးဆေးပဲ''

ထိုစဉ်မှာပင် ပုံ့ပုံ့က ဓားလက်စ၊ ဆီချက်ပွဲကို လက်စသတ်လိုက်ပြီး လက်သုတ်ပဝါနှင့်ပါးစပ်ကို သုတ်သည်။

''ကိုရဲမိုးနဲ့ လင်းလင်း ထိုင်ဦးမှာ မဟုတ်လား။ ငါအဝေးသင်က ညီမဝမ်းကွဲတစ်ယောက်ကို ကျောင်းသားရေးရာဖက်မှာ အောင်စာရင်းသွားကြည့်ပေးလိုက်ဦးမယ်။ ဒီကိုပြန်လာခဲ့မယ်၊ စောင့်နေနော်။''

''မြန်မြန် ပြန်လာခဲ့နော်ပုံ့ပုံ့။ ငါဒီနေ့ နင်တို့ဖယ်ရီနဲ့ အပြန်လိုက်စီးမှာ''

''အေးပါ၊ ငါကနာရီဝက်လောက်ပဲကြာမှာ။ ကျောင်းဆင်းဖို့က အဝေးကြီးလိုသေးတယ်။ ပူမနေနဲ့''

ပုံ့ပုံ့က ခပ်သွက်သွက်ပြောပြီး ကျောင်းသားရေးရာဖက်ကို ထွက်သွားသည်။ တခြားကျောင်းသားများကလည်း ထမင်းစားပြီး အတန်းပြန်တက်ဖို့ အသီးသီးထွက်ခွာနေကြ၏။ ဆုံဆည်းရာသည် တဖြည်းဖြည်းလူပြန်ပါးသွားသည်။

လင်းလင်းသည် လှုပ်ရှားနေသော တိမ်သားများကို လိုက်ကြည့်နေမိ၏။

''ကလေး''

ကျွန်တော်က အခုမှသူမကို ကလေးဟုခေါ်ခွင့်ရတော့သည်။

''ပြောလေ''

''ကလေးဘဝမှာ လိုချင်တာတွေ၊ ဖြစ်ချင်တာတွေ အမြဲရခဲ့သလား''

ကျွန်တော့်မေးခွန်းကြောင့် သူမက အနည်းငယ်စဉ်းစားပါသည်။



''အင်း --- အားလုံးနီးပါးတော့ရပါတယ်။ ဘာဖြစ်လို့လဲဟင်''

''ဒါဆိုကလေးက ကိုယ့်ထက်အများကြီး ကံကောင်းတာပေါ့၊ ကိုယ်ဆိုရင် ငယ်ငယ်လေးကတည်းက အခုချိန်အထိ အရမ်းလိုချင်တဲ့ ပစ္စည်းကို ဘယ်တော့မှ မရဖူးဘူး။ ဥပမာ–အင်္ကျီတစ်ထည်ကို အရမ်းကြိုက်နေပြီ ဆိုပါတော့။ ပိုက်ဆံမရှိဘူး၊ ရှိတဲ့အခါ သွားဝယ်ရင် ရတော့ရပါရဲ့။ ဒါပေမဲ့ အင်္ကျီမှာ အပေါက်ကလေး၊ အပြောကလေးကတော့ ပါလိုက်ရမှ။ တစ်ခါမှ အရမ်းလိုချင်ရင် အကောင်းအတိုင်း မရဖူးဘူး''

သူမသည် ကျွန်တော့်စကားကို ငြိမ်ငြိမ်ကလေးနားထောင်နေ၏။ ပြီးတော့ သူမ၏ မျက်တောင်နက်နက်လေးတွေကို ပုတ်ခတ် ပုတ်ခတ်လုပ်သည်။ ကျွန်တော်တို့ နှစ်ယောက်ကြားရှိ ငြိမ်သက်မှုသည် ရင်ခုန်စရာကောင်း လာ၏။

''ကိုရဲမိုးကို သမီးမေးစရာရှိတယ်''

''မေးလေ''

''အင်း --- အခုသမီးတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် ဘာမျှော်လင့်ချက်တွေနဲ့ ဆက်ဆံနေကြတာလဲ။ ပြီးတော့ ဘာဖြစ်လာနိုင်မလဲ။''

လင်းလင်းမျက်လုံးတွေက ရဲ့ရဲ့နေ၏။ ကျွန်တော့် ဆီမှ တုံ့ပြန်မှုကိုလည်း စိတ်အားထက်သန်နေပုံရသည်။

''ကိုယ်မလိမ်ချင်ပါဘူး ကလေးရယ်။ မင်းကို ကိုယ်ချစ်တယ်''

သူမ၏နှုတ်ခမ်းထောင့်စွန်းလေးမှာ တွန့်ကွေးသွား၏။ ဒါပေမဲ့ လင်းလင်းသည် ရည်းစားစကားအပြောခံလိုက်ရသဖြင့် ရှက်ကိုးရှက်ကန်း ဖြစ်မနေတာကတော့ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



''အခု ကိုရဲမိုးက သမီးကို ရည်းစားစကားပြောနေတာပေါ့နော်''

''ဟောဗျာ''

''ခစ် -- ခစ် --- ခစ် သမီးသိပါတယ် ကိုရဲမိုးရဲ့။ ဒါပေမဲ့ သေချာအောင် ထပ်မေးရတာပါ''

''အင်း --- တစ်ခုတော့ရှိတယ်နော် ကလေး။ ကိုယ်ကမင်းကို ရည်းစားစကားပဲပြောတာ။ အဖြေမတောင်းဘူးနော်။ ကိုယ်ကမင်းကို ချစ်တယ်။ ဒါပေမဲ့ မင်းအနေနဲ့ ဘာဘာညာညာတွေ စဉ်းစားပြီး စိတ်ညစ်မနေနဲ့။ ဘော်ဒါတွေလိုပဲ နေကြမယ်''

''ဟာ --- အဲဒါကောင်းတာပေါ့။ ကောင်းတယ်၊ ကောင်းတယ်။ သမီးသဘောတူတယ်။''

သူမသည် ပြောပြီး ခန္ဓာကိုယ်အား နောက်ကိုလှန်ကာ ခပ်သောသော ရယ်နေပြန်သည်။

''ကိုရဲမိုး၊ ဒီနေ့ကျောင်းဆင်းရင် သမီးတို့ ဖယ်ရီကားကို လိုက်စီးနော်''

''အင်း ကလေးစီးစေချင်ရင်စီးမှာပေါ့''

''ကိုရဲမိုးတို့ အဖွဲ့က ကဗျာတွေ၊ ဘောလုံးပွဲတွေ သိပ်ဝါသနာပါတာပဲနော်။ ချမ်းမင်းတို့ ဉာဏ်စိန်တို့တောင် ကိုရဲမိုးနဲ့ပေါင်းလို့ အဲဒါမျိုးတွေ ဖြစ်ကုန်ပြီ''

ကျွန်တော်က လင်းလင်း၏ မှတ်ချက်ကို သဘောကျစွာ ပြုံးမိပါသည်။

''ကလေး အခုကွာစေ့ သိပ်မစားတော့ဘူးလား''



''ဟုတ်တယ် ကိုရဲမိုးရဲ့။ ကွာစေ့က သမီးတို့ အိမ်နားမှာ ဝယ်ရတာ နည်းနည်း ခက်တယ်။ နေကြာစေ့ကသာ ဝယ်ရလွယ်တာ။ ကွာစေ့က တော်ရုံဆိုင်မှာ မရှိဘူး''

''ဒါဆို ကလေးကို တစ်နေ့ကွာစေ့ တစ်ထုပ်ကိုယ်ဝယ်ကျွေးမယ်။ ဟုတ်ပြီလား''

''တကယ်နော်။ ပျော်စရာကြီး''

လင်းလင်းသည် အပေါ်ကိုမော့ပြီး မိုးတိမ်များကို လှောက်ကြည့်နေပြန်သည်။

''ကိုရဲမိုးကို သမီးပြောရဦးမယ်။ အခုတလော သမီးကို ကောင်လေးနှစ်ယောက်က လိုက်နှောင့်ယှက်နေတယ်''

''ဒီကျောင်းကပဲလား''

''တစ်ယောက်က ဒီကျောင်းက။ နောက်တစ်ယောက်က အိမ်နားက။ အဲဒီတစ်ယောက်က သမီးတို့လမ်းထိပ်မှာနေတယ်''

''ဘာလဲ။ ဒီကျောင်းက တစ်ယောက်ဆိုတာ ကိုရှုပ(ခေါ်) အီးစိကြီးတော့ မဟုတ်ပါဘူးနော်''

''မဟုတ်ပါဘူး။ အဲဒီအီးစိကြီးက အခုမှတ်သွားပါပြီ။''

www.burmeseclassic.com

www.burmeseclassic.com



သူမစကားကြောင့် ကျွန်တော် အားရပါးရ ရယ်ချလိုက်မိသည်။

ဒီလိုချစ်စရာထက်မြက်မှုမျိုးရှိတဲ့ အရှုးမလေးဟာ အခုတော့ ကျွန်တော့်ဘေးနားမှာထိုင်ပြီး သူများတကာကို လှောင်ပြောင်နေလေသည်။

ပုံ့ပုံ့သည် နာရီဝက်ဆိုပြီးထွက်သွားတာ တစ်နာရီနီးပါးကြာမှ ပြန်ရောက်လာသည်။ လင်းလင်းသည် သူ့ကို နှောင့်ယှက်သည်ဆိုသော လူနှစ်ယောက်အကြောင်းကို ထပ်မပြောတော့ပေ။

ကျောင်းပိတ်ရက်တွေက တစ်နေ့တခြားနီးလာပြီ။

အဲဒီနေ့က ကျွန်တော်ရယ်၊ လင်းလင်းရယ်၊ ပုံ့ပုံ့ရယ် ဖယ်ရီ အတူတူစီးကာ အိမ်ပြန်လာခဲ့ကြသည်။ အပြန်လမ်း တစ်လျှောက် လင်းလင်းနှင့်ပုံ့ပုံ့က ကျူရှင်တက်ဖို့အကြောင်း ပြောနေကြပါသည်။

ကျွန်တော်က တိတ်ဆိတ်သောဘဝတစ်ခုကိုသာ ရချင်နေမိ၏။

## အခန်း (၉-က)

ဇော်ကိုကိုထွဋ်သည် မိုးမဥ္ဇူနှင့် အခုတလော အဆင်သိပ်မပြေပြန်။ ကျောင်းပိတ်ခါနီးပြီမို့ တချို့က အတန်းပိုတက်နေကြ၏။ အောင်မြင့်၊ ထွန်းထွန်းဦး၊ ဉာဏ်စိန်၊ ချမ်းမင်း။ သူတို့ကလည်း အခုမှ ကျူတိုရီရယ် အစားထိုးတွေ လုပ်ကြရ၏။ တချို့ကျတော့လည်း သူငယ်ချင်းများနှင့် ခွဲရခါနီးပြီမို့ ကျောင်းကိုမှန်မှန်လာကြသည်။ သို့သော် အတန်းတော့ မတက်ချေ။

ကျွန်တော်တို့ ဒဂုံတက္ကသိုလ်တွင် အံ့သြစရာ ယဉ်ကျေးမှု တစ်ခုရှိသည်။ တခြားတော့မဟုတ်။ စာမေးပွဲမဖြေခင် တစ်ပတ်လောက် ကတည်းက ကျောင်းသားတွေအချင်းချင်း ရေလောင်းကြခြင်းဖြစ်၏။

ထိုကိစ္စကို တစ်ကျောင်းလုံးအနေအထားနှင့်စာလျှင် မဖြစ်စလောက်သောအရေအတွက်ကသာ စိတ်ဆိုးတတ်ကြသည်။ ကျွန်တော်တို့တွေသည် ရေဆော့ရတာကို ပျော်ကြသောကလေးများကဲ့သို့ အူမြူးနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းသည် ထိုရက်များအတွင်း စာမေးပွဲကိစ္စများကို လုံးပန်းနေပြန်သည်။ တစ်ခါတလေ သူမပြောပြသော ဖလော်ဆော်ဖာ နာမည်တချို့မှာ ရှုပ်လှ၏။ သူမသည် ပညာနှင့်ပတ်သက်၍ လေးနက်သည့် အမြင်ရှိသူဖြစ်သည်။

ကျွန်တော်က လင်းလင်းကို အတတ်နိုင်ဆုံး ရိုးရိုးသားသား ဆက်ဆံနေထိုင်ခဲ့သည်။ သူငယ်ချင်းများရှေ့တွင် အမှားတစ်ခုမှမရှိစေရ။ သူမကလည်း ထိုအခြေအနေကိုကျေနပ်သည်။

အကယ်၍ပြောစရာရှိလျှင် ညရောက်မှဖုန်းဆက်ပြော၏။ ဒီလိုနှင့်ပင် ကျွန်တော်တို့သည် သာမန်ဆက်ဆံရေးဟု အားလုံးမြင်သာအောင် ပြသထားရသည်။ အရမ်းရင်းနှီးသည့် ဘော်ဒါတွေဆိုတာ ကျွန်တော်တို့နှစ်ယောက်ပဲသိသည်။

ဒီအခြေအနေသည် မှန်ကန်သင့်မြတ်ပြီး တခြားသူများ၏ နောက်ပြောင်ခံရခြင်းမှ ကင်းဝေးစေသည်။

အရာရာသည် လှပသောအပြာရောင်ကဲ့သို့ တည်ကြည်နိုင်ခဲ့လာခဲ့၏။ သေးငယ်သည့် မုန်တိုင်းများသည် ကျွန်တော်တို့ နှစ်ယောက်ကြားတွင် ချစ်စရာကောင်းခဲ့၏။

ထိုကာလများအတွင်း ကျွန်တော်သည် သူမနှင့်ကန်တင်းအတူ ထိုင်ခွင့်ရသည်။ သူမ၏ ဟယ်ရီပေါ်တာအရုပ်ပါသော ရေဘူးအဝါလေးကို သောက်ခွင့်ရသည်၊ သူမထမင်းချိုင့်ထဲမှ ဟင်းတချို့ကို နှိုက်စားခွင့်ရသည်။

လင်းလင်းကားပါမလာသော နေ့များတွင် ကျွန်တော်တို့ ဖယ်ရီ အတူတူစီး၍ အိမ်ပြန်ကြသည်။

အိမ်ပြန်ချိန်ဆိုသည်မှာ ဘာမျှော်လင့်ချက်မှ မထားသူ တစ်ယောက်အတွက် ပို၍ အဓိပ္ပာယ်ရှိစေပါသည်။

## အခန်း (၉-၁)

ဒီနေ့သည် တစ်ကျောင်းလုံးနီးပါး ရေပက်ကြသော၊ လင်းလင်းက အနက်ရောင်ဝမ်းဆက်ဝတ်လာသော၊ ကျွန်တော်က ကဗျာဆရာ ဝင်းမြင့်၏ "ချစ်သောအနက်ရောင်" ကဗျာကိုဖတ်ထားသော နွေဦးရက်စွဲတစ်ခု ဖြစ်လေသည်။

"ကိုရဲမိုး၊ ဒီနေ့အတန်းသွားတက်ဦးမှာလား"

"တက်မှာပေါ့၊ အင်္ဂလိပ်စာ ကျူတိုရီရယ် အစားထိုးဖြေရဦးမယ်"

"ဒါဖြင့် ကျူတိုရီရယ်ပြီးရင် သမီးတို့အတန်းရှေ့ကိုလာခဲ့၊ ရေပက်ကြမယ်လေ"

"အင်း ကိုယ်လာခဲ့မယ်"

ကျွန်တော်သည် အင်္ဂလိပ်စာကျူတိုရီရယ်ကို စိတ်မပါဘဲ [illegible]ာင်မြင်စွာ ဖြေဆိုနိုင်ခဲ့၏။ လင်းလင်းဆီသို့သွားရန် ဟန်ပြင်နေစဉ်မှာပင် [illegible]ဌာနမှ ဆရာကန်တော့ပွဲအတွက် အ[illegible]ငွေလာ[illegible]ကောက်သဖြင့်

www.burmeseclassic.com



ငွေထည့်ရသေးသည်။ ဆရာတစ်ယောက်ကလည်း အတန်းထဲမှာ ဩဝါဒခြွေနေပြန်သည်။

ဒီလိုနှင့် အချိန်တစ်နာရီခန့် နောက်ကျပြီးမှ ကျွန်တော်က လင်းလင်းတို့အဆောင်ဆီသို့ ကူးလာနိုင်သည်။ သူမတို့အဆောင်ရှေ့တွင် လူတွေစုံနေပြီ။ ကျွန်တော်က သူမအတွက်ဝယ်လာသော ကွာစေ့ထုပ်ကို ပေးတော့ သူမက ကျောပိုးအိတ်ထဲထည့်သိမ်း၏။

ဉာဏ်စိန်၊ ချမ်းမင်း၊ အောင်မြင့်၊ ထွန်းထွန်းဦး၊ လင်းလင်း အမေ၊ ပုံ့ပုံ့၊ မေသူအောင် စသူတို့အပြင် ကျွန်တော်နာမည် မသိသေးသော သူမတို့အတန်းသားများလည်း ရှိကြ၏။

သူတို့အားလုံးသည် ရေသန့်ဘူးခွံများထဲ ရေဖြည့်ပြီး ပက်နေကြသည်။ လင်းလင်းက သူမ၏ ရေဘူးအဝါလေးဖြင့် ပက်နေ၏။ ကျွန်တော်လင်းလင်းကို ပထမဆုံးစတွေ့သောနေ့က သူမခြေဆေးသည့် ရေဘုံဘိုင်လေးတွင် သူတို့က ရေဖြည့်ကြပါသည်။ အောင်မြင့်တို့က ကျွန်တော့်အတွက် ရေသန့်ဘူးခွံတစ်ခုကို ရေပက်ဖို့ ယူလာပေး၏။

ထိုစဉ် လင်းလင်းက ရေမစိုသေးသည့် ကျွန်တော့်ကို ရေလာလောင်းသည်။

"နောက်ကျလှချည်လား"

"ဟုတ်တယ်။ အတန်းထဲမှာ ဆရာတစ်ယောက်က လေပစ်နေ လို့၊ အဲဒါနားထောင်ပေးနေရတာ"

ကျွန်တော်ကရေဘူးကို ရေဖြည့်နေစဉ် လင်းလင်းက သူ့ ရေဘူးကို လာပေးသဖြင့် သူမအတွက်ပါ ရေဖြည့်ပေးရ၏။ လင်းလင်း တစ်ကိုယ်လုံး ရေတွေရွှဲနေသည်။



"ဖျားမယ်နော် ကလေး"

ရေဘုံဘိုင်နားမှာ နှစ်ယောက်တည်းမို့ ကျွန်တော်က သူမကို ကလေးဟုခေါ်လိုက်မိ၏။

"ကိုရဲမိုးကလည်း အဲဒီလိုမခေါ်နဲ့လေ။ ဒီနေရာကြီးမှာ မတော်တဆ တစ်ယောက်ယောက်က ကြားသွားရင် တစ်မျိုးထင်မှာပေါ့"

"ဆောရီးကွာ၊ ကိုယ်အမှတ်တမဲ့ဖြစ်သွားလို့"

ထိုခဏ၌ ကျွန်တော်သိလိုက်သည်မှာ လင်းလင်းသည် အကာအကွယ်ဖြင့် နေထိုင်ချင်သူဖြစ်သည်။

နောက်တော့ ကျွန်တော်တို့အတူတူရေပက်ဖြစ်ကြ၏။ သူမသည် ကျွန်တော့်ဘေးမှာ လာရပ်ရင်း ရေစိုဆံပင်များကို သပ်တင်နေသည်။

"အခုအိမ်ပြန်ရောက်လို့ရှိရင် ခေါင်းကို သေချာသုတ်နော်။ ပြီးတော့ ဆေးသောက်ပြီးနွေးနွေးထွေးထွေးနေ၊ ကြားလားလင်းလင်း"

"ဟုတ်"

လင်းလင်းက ဖြတ်သွားသော ကျောင်းသူနှစ်ယောက်ကို ရေဖြင့်လှမ်းပက်လိုက်သည်။ ကျွန်တော်က ကုန်သွားသော သူမရေဘူး ထဲသို့ ကျွန်တော့်ရေတွေကို ပြောင်းထည့်ပေးလိုက်ပါသည်။

"လင်းလင်း --- ကိုယ်ညကျရင်ဖုန်းဆက်လိုက်မယ်နော်"

"အရေးကြီးလို့လား"

"ကြီးတာပေါ့"

"ဘယ်လိုအရေးကြီးတာလဲ"

"ညကျရင် ကိုယ်လင်းလင်းကို သတိရနေတော့မယ်လေ။ အဲဒါ အရေးကြီးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကိုကြားတော့ လင်းလင်းက ခစ်ခနဲရယ်၏။

''Is From is get air''

''လင်းလင်း --- အဲဒါဘာတွေပြောနေတာလဲ။ ကိုယ်နားမလည်ဘူး''

''အာ --- ကိုရဲမိုးကလည်း ဒါတောင်မသိဘူးလား Is From is get air ဆိုတာ မြန်မာလို ဘာသာပြန်ရင် ''ဖြစ်မှဖြစ်ရလေ'' လို့ အဓိပ္ပာယ်ရတယ်''

သူမ၏ ထိုသို့ပေါက်ကရ အင်္ဂလိပ်စကားကို ကျွန်တော် သဘောကျပြီး ရယ်လိုက်မိ၏။ ညဏ်စိန့်တို့အုပ်စုက သကြန်သီချင်းတွေကို အော်ဆိုနေကြပြန်သည်။

ကျွန်တော့်ဘေးနားတွင် တစ်ဝက်တစ်ပျက်ရေစိုနေသော အနက်ရောင်ကောင်မလေးသည် ငြိမ်ငြိမ်ကလေး ထိုင်နေလေသည်။

''ကိုရဲမိုး၊ ညကျရင်ဖုန်းကို ကိုးနာရီကျော်မှဆက် သမီးကရှစ်နာရီလောက်မှာ Dinner တစ်ခုသွားစရာရှိလို့၊ ဒီည သမီးဆီကိုဖုန်းဆက်ဖြစ်အောင်ဆက်နော် ကိုရဲမိုး သမီးက ကိုရဲမိုးကို Two body tiger တိုင်ပင်စရာရှိတယ်''

ဒီတစ်ခါတော့ ကျွန်တော်က သူမ၏ အင်္ဂလိပ်စကားကို ဘာသာပြန်တတ်သွားပြီဖြစ်သည်။

''နှစ်ကိုယ်ကြား တိုင်ပင်မယ်ပေါ့လေ''

''အင်းပေါ့''



ကျောင်းဆင်းချိန်ရောက်တော့ လင်းလင်းသည် ချမ်းနေလေပြီ။

''ပြောသားပဲ။ တစ်ချိန်လုံး ရေဆော့နေတာကိုး''

''ကိုရဲမိုး၊ သမီးတို့ ကော်ဖီသွားသောက်ကြမယ်''

''နှစ်ယောက်တည်း ဘယ်ကောင်းမလဲ။ ဟိုကောင်တွေပါ ခေါ်လိုက်မယ်။ ပုံ့ပုံ့၊ အေးမီတို့၊ ချမ်းမင်းတို့၊ ညဏ်စိန်တို့''

''အင်း၊ ကောင်းတယ်''

ဒီလိုနှင့်ပင် ကျွန်တော်တို့တစ်ဖွဲ့လုံး ရေကစားတာကို ရပ်ပြီး ဖယ်ရီဝင်းထဲက ကန်တင်းတွေဆီရောက်လာခဲ့ကြသည်။ ဇော်ကြီးနှင့် မိုးမဥ္စုတို့က နှစ်ယောက်တည်း ကန်တင်းမှာ ကြိုရောက်နေသဖြင့် ဝိုင်းနောက်တာကို ခံလိုက်ရသည်။

ကော်ဖီသောက်ပြီးတော့ ကျောင်းကားတွေ ထွက်ခါနီးနေပြီ။ တချို့ကျောင်းသားများက ကားထွက်ခါစတွင် အိုးမည်းသုတ်ဖို့ ကြိုးစားကြသေး၏။ ကျွန်တော်၏ ချစ်စရာအရူးမလေးသည် သူများတွေ အိုးမည်းပေနေတာကို ကြည့်ပြီး သဘောကျနေပြန်သည်။

ထိုနေ့က ပျော်စရာများနှင့် အလွမ်းသည် လှပစွာ ပေါင်းစပ်သွား၏။ ကျွန်တော်က သူမကို ပိုမိုတပ်မက်နေမိသည်။

အချစ်ဆိုတာ နူးညံ့မှုတစ်ဝက်ပါတဲ့ ရမ္မက်များသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀-က)

ကျွန်တော်တို့အဖွဲ့တွင် ထွန်းထွန်းဦးသည် ကုမ္ပဏီတစ်ခု၌ အလုပ်ရသွား၏။ ထိုအကြောင်းကို ဇော်ကိုကိုထွဋ်က ''စောင်းတီးတတ်သွားသော မောင်ပုံသည် ကုမ္ပဏီတစ်ခုတွင် အလုပ်ရသွားပြီ'' ဟု သူ့ကဗျာထဲတွင် စောင်းရေးသဖြင့် ပြဿနာဖြစ်ကြလေသည်။

ကျန်သူများကလည်း အချင်းချင်းရန်မဖြစ်ကြရန် ဝိုင်းဝန်းဖျန်ဖြေကြရ၏။ ဇော်ကြီးကိုလွန်သည်ဟု အားလုံးက ဆုံးဖြတ်ကြသော်လည်း ထွန်းထွန်းဦးကလည်း အချိုးမပြေသူဖြစ်သည်။ F.E.C နှင့် သူလစာရကြောင်းကို စကားဝိုင်းများတွင် မဆီမဆိုင်ထည့်ပြောသဖြင့် ဇော်ကြီးက ထွယ်ထည့်လိုက်ခြင်းပင်။ ထွန်းထွန်းဦးကလည်း မိုးမဍ္ဍူကိစ္စကြောင့် ဇော်ကြီးကို သိပ်မကျေနပ်။ သူတို့နှစ်ယောက်က ဒီလိုသမိုင်းကြောင်းလေးရှိခဲ့ဖူး၏။

ကဗျာအကြောင်းဆွေးနွေးလျှင် ဇော်ကြီးက စာအတတ်အားနည်းသော ထွန်းထွန်းဦးကို ပိုပိုသာသာ နှိပ်ကွပ်တတ်၏။ ကျွန်တော်က ဇော်ကြီးကိုတားရသည်။

www.burmeseclassic.com

www.burmeseclassic.com



တိမ်များကို မွေးမြူ၍ မိုးအတုလုပ်ကြောင်း အောင်မြင့်က လာပြောပြနေ၏။ ချမ်းမင်းသည် မိုးမဍ္ဍူတွင် ညီမ တစ်ယောက်ရှိသေးသည်ဆိုသော စကားအား ကျွန်တော်တို့အဖွဲ့သို့ သယ်ဆောင်လာသည်။ ဖော်ကြီးက သူတောင်မသိပါဟု ငြင်းသော်လည်း အားလုံးက ဖော်ကြီး လိမ်နေတာသိကြ၏။

နောက်ဆုံး ဖော်ကြီးဆီမှ မိုးမဍ္ဍူ၏ညီမကို ဝေစုခွဲကြတော့သည်။ အောင်မြင့်က ဖော်ကြီး နှမြောနေပုံကိုမြင်တော့ သရော်၏။ ဉာဏ်စိန်ကလည်း မိုးမဍ္ဍူ၏ညီမကို နှစ်ခါတိတိသွားခိုးကြည့်ပြီးသွားပြီ။

ဖော်ကြီးသည် ထိုအခါဂန္ထဝင် စကားတစ်ခွန်းကို ပြောတော့သည်။ ထိုစကားမှာ ''ဘဝဆိုတာတိုက်ပွဲ၊ ခယမဆိုတာ လိုက်ပွဲ'' ဟူသတည်း။ ထွန်းထွန်းဦးက ထိုစကားကို မိုးမဍ္ဍူနားပေါက်ကြားအောင် လုပ်မည်ဟု ဖော်ကြီးအားခြိမ်းခြောက်၏။

ဒီလိုနှင့်ပင် ကျွန်တော်တို့သည် တစ်ယောက်ကိုတစ်ယောက် လုပ်ကြရင်းဖြင့် အချိန်တွေ ကုန်လာခဲ့သည်။ ဒါဗင်ချီသည် ဘုရင့်မိဖုရားမောင်းမများအတွက် အင်္ကျီဒီဇိုင်း တီထွင်ပေးရမည်ဟု အမိန့်ချခံရသောအခါ မည်သို့ရှိမည်နည်း။

ကတ်စထရိုကတော့ ကျူးဘားကို အုပ်ချုပ်နေဆဲဖြစ်၏။

ကျွန်တော်တို့အဖွဲ့သည် ထရူးမင်းကားပို့နှင့် ဖူးကိုးတို့ကို မိန်းမလျာများဖြစ်ကြောင်းသိသွားပြီးနောက် မိန်းမလျာများအား အထင်မသေးရဲတော့။ ဒီကြားထဲ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲကလည်း ပညာရေးဝန်ကြီးရာထူးကို မိန်းမလျာ တစ်ယောက်အား ခန့်အပ်လိုက်သဖြင့် ပိုဆိုးသွား၏။

သို့သော် ကျွန်တော်တို့က အောက်စဖို့တက္ကသိုလ်မှာတော့ ကျောင်းတက်ချင်ကြဆဲဖြစ်လေသည်။

## အခန်း (၁၀-ခ)

ကျွန်တော်သည် အနည်းငယ်တုန်ယင်နေသော လက်ချောင်းများဖြင့် လင်းလင်းဖုန်းနံပါတ်ကို နှိပ်လိုက်ပါသည်။

နာရီလက်တံက (၉) နာရီ (၁၀) မိနစ်ကို ညွှန်ပြနေ၏။

''တူ --- တူ --- တူ''

''ဟဲလို''

''လင်းလင်းနဲ့ စကားပြောချင်ပါတယ်။''

''ပြောနေပါတယ်ရှင်။ အခုပြောနေတာ ကိုရဲမိုးလား''

''ဟုတ်''

ကျွန်တော်က သူမပြောသလို ''ဟုတ်'' ဟု ပြန်ပြောလိုက်ပါသည်။ ထိုအချက်ကို လင်းလင်းကလည်း သတိထားမိသွားပုံရ၏။ ကျွန်တော်က သူမကို အခုလိုပဲ အမြဲတမ်းပျော်ရွှင်ရယ်မောနေစေချင်ပါသည်။ တိတ်ဆိတ်နေသော အနေအထားကို ကျွန်တော်က တင်ဖြိုခွင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကလေး"

"ဘာလဲ"

"အခုကလေး ဘာအရောင်အင်္ကျီဝတ်ထားသလဲ"

"ထုံးစံအတိုင်းပေါ့"

"ဒါဆို အင်္ကျီကအပြာရောင်ရယ်၊ လုံချည်က အနက်ရောင်ရယ် ဟုတ်ရဲ့လား"

"ဟုတ်တယ်"

"တော်တယ်နော် --- ကိုယ်က"

"အင်း --- တော်တယ်"

"ကလေး၊ ကိုယ့်ကို သတိမရဘူးလားဟင် --- ဟု အမှန်အတိုင်းပဲ ဖြေနော်"

"အင်း --- တစ်ခါ၊ နှစ်ခါလောက်တော့ သတိရပါတယ်"

"တကယ်လား"

"တကယ်ပေါ့၊ သမီးက လုံးဝလိမ်မပြောတတ်ဘူး"

"ကိုယ်ကယုံပါတယ် ကလေး။ ဒါနဲ့ကိုယ့်ကို Two body tige တိုင်ပင်စရာရှိတယ်ဆို"

"သြော် --- ဟုတ်တယ်။ ကိုရဲမိုး တိုင်ပင်မလို့ ။ ဒီလိုလေ လာမယ့် တနင်္ဂနွေနေ့ကျရင် ကိုရဲမိုးက သမီးနဲ့ တစ်နေရာကို အဖော်လိုက် ပေးရမယ်"

"အင်း၊ ပြောပါဦး"

"ဟိုတစ်ခါ ကိုရဲမိုးကို သမီးပြောဖူးတာ မှတ်မိလား၊ သမီး ကနှစ်ယောက်လိုက်နှောင့်ယှက်နေတယ် ဆိုတာလေ"



"အင်း"

"အဲဒါ အခုသူတို့ နှစ်ယောက်စလုံးက သမီးကို ရည်းစား စကားပြောပြီး အဖြေတောင်းနေကြတယ်။ သမီးက သူတို့ကို မချစ်ပါဘူး။ မချစ်တဲ့အပြင် အရမ်းမုန်းတာပဲ။ အခုသမီးက သူတို့ကို ပညာပေးမလို့ အဲဒါကောင်းသလား"

"ကောင်းတာပေါ့၊ လုပ်သာလုပ် ကလေး"

ကျွန်တော်သည် ထိုကောင်မလေးဘာလုပ်မည်ကို မသိရသေးဘဲ ရမ်းသမ်းထောက်ခံလိုက်မိ၏။ ဟိုတစ်ခါ ရုပ်ကို ခွေးနဲ့ရှူးတိုက်တာ မျိုးထက်တော့ ပိုမဆိုးနိုင်ဘူး ထင်ပါရဲ့။

"အင်း ကိုရဲမိုး သဘောတူရင်ပြီးတာပဲ၊ အဲဒါဆိုရင် တနင်္ဂနွေနေ့ ညနေလေးနာရီလောက်မှာ Junction(8) ထဲက J'Donuts ဆိုင်မှာ စောင့်နေသီလား"

"အင်းပါ --- ကလေး အဲဒီနေ့ကျရင် ကျစ်ဆံမြီးကို ဟိုတစ်နေ့ကလို ကျစ်ခဲ့နော်"

"ဟုတ်"

"ဒီည ကလေးဘယ်အချိန်အိပ်မှာလဲ"

"အဲဒါ မပြောတတ်သေးဘူး။ ရွှေငါးတွေကို ရေလဲရဦးမယ်။ ချိုးလေးကို အစာကျွေးရမယ်။ ပြီးရင် ကြောင်လေးတွေနဲ့ တီဗွီကြည့်ဦးမှာ"

"ဟွန်း --- ကလေးဥစ္စာက စာကျက်တာလည်း မပါဘူး။ ဘုရားရှိခိုးတာလည်း မပါဘူး"

"စာတွေကရပြီးလို့ ဟိုဖက်တောင်ငွေန်နေပြီ၊ ဘုရားကျ ? အိပ်ခါနီး ဦးသုံးကြိမ်ချလိုက်တာ ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ။ ကျွန်တော့်အရှုးမလေးက သူလုပ်ချင်ပြီဆို ဘယ်သူ့စကားကိုမှ နားထောင်မည့်ပုံမပေါ်ပါ။ ကျွန်တော်ငေးငိုင်ကာ စဉ်းစားနေမိ၏။

''ကိုရဲမိုး''

''ခင်ဗျာ''

''ဘာငိုင်နေတာလဲ''

မြတ်စွာဘုရား --- ကျွန်တော်ငိုင်နေတာ သူမဘယ်လိုလုပ်သိသွားပါလိမ့်။ ကျွန်တော်သူမ၏ ပါးနပ်မှုကို နည်းနည်းလန့်လာ၏။

''မငိုင်ပါဘူးကလေးရဲ့၊ ကလေးအကြောင်း စဉ်းစားနေတာပါ''

''သမီးအကြောင်းမစဉ်းစားနဲ့။ စာမေးပွဲအကြောင်း စဉ်းစား–တော်ကြာ ဆပ်ပလီထိနေဦးမယ်''

သူမ၏စကားကြောင့် ကျွန်တော်ရှက်သွားပြီး အသံထွက်ကာ ရယ်မိသည်။ လင်းလင်းသည် ကျွန်တော့်ကို တစ်ခါတစ်ရံ ဝမ်းနည်းစေသူ၊ တစ်ခါတစ်ရံ ကြည်နူးစေသူ၊ တစ်ခါတစ်ရံ ခွန်အားဖြစ်စေသူ၊ တစ်ခါတစ်ရံ ပျော်ရွှင်စေသူ။

ထိုစဉ်ဖုန်းထဲမှာ အပြန်အလှန် စကားပြောသံတွေ ကြားရ၏။

''ကိုရဲမိုး --- ဒီမှာအမေက ဖုန်းပြောတာ ကြာလို့တဲ့၊ ဆူနေပြီ၊ ဒါပဲနော်''

''ဟုတ်''

လင်းလင်းသည် ကျွန်တော့်စကားကြောင့် ခစ်ခနဲရယ်ကာ ဖုန်းချသွားသည်။ ထိုညက ကျွန်တော်အိပ်မရတော့။ ကျွန်တော်သည် မိန်းမတစ်ယောက်အတွက် ပထမဆုံးအကြိမ် အိပ်ရေးပျက်ခဲ့လေသည်။

## အခန်း (၁၁–က)

ကျွန်တော်သည် လင်းလင်းကို ချစ်ပါသည်။

ကျွန်တော်သည် အရှုးမလေးကို ချစ်ပါသည်။

ကျွန်တော်သည် သူမကို ချစ်ပါသည်။

ကျွန်တော်သည် ထိုကောင်မလေးနှင့် ပတ်သက်သော ဘာကိုမဆို ချစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁-ခ)

J'Donuts ဆိုင်သည် ဖြူနီပြာဝါရောင်စုံကောင်မလေးများဖြင့် စည်ကားနေ၏။ ကျွန်တော်က စီးကရက်တစ်လိပ်ကို ဖွာရင်းလင်းလင်းကို မျှော်နေမိသည်။ နာရီက လေးနာရီပင်ခွဲနေပြီ။

နောက်ထပ်ကော်ဖီတစ်ခွက်ကို ကျွန်တော်ထပ်ဝယ်လိုက်၏။ ထိုကော်ဖီခွက်ကို မွှေနေစဉ် ဆိုင်ထဲသို့ ကြောက်လန့်တကြားပြေးဝင်လာသော လင်းလင်းကို ကျွန်တော်မြင်လိုက်ရသည်။ သူမသည် ကျွန်တော့်ကို မြင်သွားပြီး ကျွန်တော့်ဆီ ပြေးလာ၏။ လင်းလင်းနောက် မလှမ်းမကမ်းတွင် ချာတိတ်နှစ်ယောက်ကလည်း ပြေးလိုက်လာကြသည်။

''ကိုရဲမိုး၊ ကိုရဲမိုး သမီးကို ကယ်ပါဦး''

ကျွန်တော်သည် ဘာအကျိုးအကြောင်းမှ မသိရသေးသော်လည်း အခြေအနေကို အနည်းငယ် သဘောပေါက်သွား၏။ ကျွန်တော်က ထိုင်ရာမှ ဆတ်ခနဲထလိုက်ပါသည်။ သူမကစားပွဲကိုပတ်ပြီး ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



နောက်တွင် ဝင်ကွယ်၏။ စောစောတုန်းက ချာတိတ်နှစ်ယောက်ကလည်း ကျွန်တော်ရှေ့သို့ရောက်လာသည်။ ချာတိတ်တွေက ကျွန်တော့်ကိုတော့ နည်းနည်းရှိန်သွားသည်။

"ကိုရဲမိုး သူတို့သမီးကို လိုက်သတ်နေကြတယ်။"

ဆိုင်ထဲ၌ ရုတ်တရုတ်သဲသဲဖြစ်ကုန်ပြီး တခြားဝိုင်းတွေကလည်း ဝိုင်းကြည့်ကုန်ကြ၏။

"ကဲ ညီလေးတို့ ဘာကို မကျေမနပ်ဖြစ်သလဲ။ အစ်ကို့ကိုပြော။ အစ်ကိုရှင်းပေးမယ်။ အေးအေးဆေးဆေးထိုင်ပြောကြ၊ ဟုတ်ပြီလား"

ချာတိတ်နှစ်ယောက်က တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ခေါင်းတစ်ချက်စီညိတ်လိုက်ကြသည်။ ကျွန်တော်က ဦးအောင်ထိုင်လိုက်တော့ သူတို့နှစ်ယောက်ကပါ လိုက်ထိုင်လေသည်။ လင်းလင်းက ကျွန်တော့်နောက်မှာ မတ်တပ်ရပ်နေဆဲ။

"သူက ကိုယ့်ညီမ ဝမ်းကွဲပါ။ ဒါပေမဲ့ ညီလေးတို့ဖြစ်ပျက်သမျှကို အားလုံးမခြွင်းမချန် ပြောလို့ရတယ်"

လင်းလင်းအစ်ကိုဆိုသဖြင့် ထိုချာတိတ်တွေက ပို၍ ရှိန်သွားကြ၏။ အံ့လည်း အံ့ဩနေပုံရသည်။ လင်းလင်းက

"ကိုရဲမိုး သူတို့ပြောတာ မယုံနဲ့။ သမီးပြောပြမယ်။"

ကျွန်တော်က လင်းလင်းဖက်ကိုလှည့်ကာ မျက်စိတစ်ဖက်မှိတ်ပြလိုက်ပါသည်။ သူမငြိမ်သွား၏။

"လင်းလင်းက နောက်မှပြော။ ဒီကညီလေးတွေ အရင်ပြောပါစေ။ ကဲ ညီလေးတို့ပြော . . . . "



ချာတိတ်တွေထဲမှ တစ်ယောက်က မဝံ့မရဲဖြင့် စပြော၏။

"ကျွန်တော်လည်း ဒဂုံတက္ကသိုလ်ကပါ။ အစ်ကို့ကိုလည်း ကျောင်းမှာမြင်ဖူးပါတယ်။ ဒါပေမဲ့ လင်းလင်း အစ်ကိုဆိုတာကိုတော့ မသိပါဘူး။ အခုဟာက ပြဿနာရှိနေတော့ ရှေ့မျက်နှာနောက်ထားပြီး ပြောရတော့မှာပဲ။ ကျွန်တော် အစ်ကို့ ညီမကို Propose လုပ်မိပါတယ်။ ပြီးတော့ အဖြေတောင်းပါတယ်"

ထိုစဉ် ကျန်တစ်ယောက်က ဝင်ပြောသည်။

"ကျွန်တော်ကတော့ လင်းလင်းတို့လမ်းထိပ်ကပါ။ ကျွန်တော်လည်း သူ့အတိုင်းပဲ လင်းလင်းကို သဘောထားရှိပါတယ်"

"အဲဒီတော့"

ကျွန်တော်က စကားဝင်ထောက်ပေးတော့ ပထမတစ်ယောက်က ဆက်ပြောပြန်၏။

"အစ်ကို့ညီမက ကျွန်တော်တို့နှစ်ယောက်စလုံးကို ဒီနေ့ပဲ အဖြေပြန်ပေးမယ်ဆိုပြီး ချိန်းတယ်။ သူဘယ်လိုပဲ အဖြေပြန်ပေးပေး ကျွန်တော်တို့က ကျေနပ်ပါတယ်။ ဒါပေမဲ့ အခုဟာက"

ဆက်မပြောဘဲရပ်ထားသဖြင့် ကျွန်တော်ကမေးရပြန်သည်။

"အခုဟာက ဘယ်လိုဖြစ်လို့လဲ"

"အခု လင်းလင်း ကျွန်တော်တို့ကို ရန်တိုက်ပေးတယ်။ ပထမတော့ ကျွန်တော်တို့မသိဘူးပေါ့။ သူက ကျွန်တော့်ကို ဒီလိုပြောတယ်။ ကျွန်တော်က သူ့ကိုဒီလိုပြောတယ်ဆိုပြီး တကယ်တမ်းကျွန်တော်တို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ဘယ်မှမပြောဘူး။ သူနဲ့ ကျွန်တော်က အရင်တုန်းကမသိပါဘူး။ ဒီနေ့မှ လင်းလင်းက ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ကို တစ်ချိန်တည်း၊ တစ်နေရာတည်း ချိန်းပြီး ရန်ဖြစ်အောင် စီစဉ်ထားတာ။ ကံကောင်းလို့ပေါ့ဗျာ။ ကျွန်တော်တို့ချင်း အကဲခတ်မိပြီး နားလည်မှုရသွားလို့။ မဟုတ်ရင် ဒီနေ့ မိန်းမတစ်ယောက်အတွက် ကျွန်တော်တို့ လက်သီးထိုးနေရလောက်ပြီ''

ထိုအခါ ကျွန်တစ်ယောက်က အခြေအနေကို ဆက်ရှင်းပြသည်။

''ဒီနေ့ လင်းလင်းရောက်လာတဲ့အချိန်မှာ ကျွန်တော်တို့က နားလည်မှုရပြီးနေပြီ။ လင်းလင်းကြားထဲက ကုလားဖန်ထိုး ထားတဲ့ ကိစ္စတွေကိုလည်း သိပြီးနေပြီ။ အဲဒီအချိန်မှာ ရုတ်တရက် လင်းလင်းက ရောက်လာတော့ ကျွန်တော်က ဒေါသနဲ့ဆွဲထိုးမလို့ လက်ရွယ်လိုက် မိတယ်။ ဘာမှ မလုပ်ရသေးပါဘူး။ အဲဒီမှာ လင်းလင်းက အော်ပြီး ထွက်ပြေးတာ အစ်ကိုဆီရောက်တဲ့ အထိပါပဲ''

ချာတိတ်၏ စကားဆုံးသောအခါ ကျွန်တော်က ရယ်ချင်စိတ်ကို မျက်နှာပေါ်ရောက်မလာအောင် မနည်းကြိုးစားလိုက်ရပါသည်။ သူတို့ စကားများသည် အမှန်ဟု ကျွန်တော်ခံစားရ၏။ လင်းလင်းကလည်း ဘာမှပြန်မပြောဘဲ ငြိမ်နေသည်ဖြစ်ရာ ထိုကိစ္စများကို ဝန်ခံရာရောက်စေ၏။

''အေး --- ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ငါ့ညီတို့ရာ။ အစ်ကိုလည်း လူငယ်တစ်ယောက်ပဲ၊ ဒီတော့မင်းတို့ ကိစ္စတွေကို အစ်ကိုနားလည်ပါတယ်။ အစ်ကိုလင်းလင်းကို ဆုံးမပါ့မယ်၊ ညီလေးတို့ အနေနဲ့လည်း ပြဿနာကို ဒီမှာပဲထားလိုက်ကြတော့။ ဘယ်လိုလဲ ဖြစ်ကြရဲ့လား''

''ကျွန်တော်တို့ ကျေနပ်ပါတယ်အစ်ကို တကယ်က အစ်ကို ရှေ့မှာဆိုတော့ ကျွန်တော်တို့က အားနာနေတာ၊ ကျွန်တော်တို့ တောင်းပန်ပါတယ်''



''အား --- ရတယ်။ ရတယ်။ ဒါဆို အိုကေနော်''

''အိုကေ''

''အစ်ကို ကျွန်တော်တို့သွားမယ်။ ခွင့်ပြုပါဦး''

''အေး အေး၊ ကောင်းပါပြီကွာ''

ချာတိတ်နှစ်ယောက်က ကျွန်တော့်ကို ရည်ရည်မွန်မွန်ပဲ နှုတ်ဆက်ပြီး ပြန်သွားကြသည်။ ထိုအခါ လင်းလင်းသည် ချာတိတ်တွေကို မျက်စောင်းလှမ်းထိုးပြီး ကျွန်တော့်ရှေ့ တည့်တည့်နေရာတွင် ဝင်ထိုင်၏။

''ကိုရဲမိုး''

ကျွန်တော်က မျက်ခုံးကို ပင့်ပြလိုက်ပါသည်။

''သမီးကို စိတ်ပျက်သွားပြီလားဟင်''

''မပျက်ပါဘူး ကလေးရဲ့''

''တကယ်နော်''

ကျွန်တော်က သူမ၏စိုးရိမ်နေမှုကို သဘောကျစွာ ရယ်မော လိုက်မိသည်။ ပြီးတော့ ကွာစေ့ထုပ်ကို သူမအတွက် ပေးတော့ တော့တစ်ခါလိုပဲ ကျောပိုးအိတ်ထဲထည့်သိမ်း၏။

''တကယ်ပြောတာပေါ့ကလေးရယ်၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်။ နောက်တစ်ခါဆို ယောက်ျားလေးတွေကို အဲဒီလိုပုံစံမျိုးနဲ့ ဆယ်တော့မှ မတုံ့ပြန်ရဘူး။ ကိုယ့်ကို အဲဒီကတိပေးစမ်း ကလေး''

''ဟုတ်''

''ဘာဟုတ်လဲ။ အဲဒီကတိပေးပါတယ်လို့ပြော''

''ဟုတ်ပါပြီ။ သမီးက ကိုရဲမိုးတောင်းတဲ့ ကတိကို ပေးပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို တစ်ယောက်စေ့စေ့ကြည့်ကာ ကျွန်တော်တို့ ပြုံးဖြစ်ကြ၏။ ထိုအခိုက်အတန့်အတွင်းမှာပင် ကျွန်တော်တို့သည် တစ်ဦးနှင့် တစ်ဦးရင်ထဲအထိ ထိုးဖောက်မြင်နိုင်ခဲ့သည်။

''ကိုရဲမိုးက လူတစ်ယောက်ကို အရမ်းနားလည် ပေးတတ်တာ ပဲနော်''

''အဲဒါကို လူသားဆန်တယ်လို့ခေါ်တယ်။ လူတစ်ယောက်အနေနဲ့ အဲဒီလူသားဆန်မှုဟာ အရေးကြီးတယ်''

ထိုအခါတွင် လင်းလင်းမျက်နှာသည် တကယ့်လူကြီးတစ်ယောက်ကို ရင့်ကျက်တည်ကြည်နေပြန်သည်။ သူမဆီမှ မေးခွန်းတစ်ခု ထွက်လာ၏။

''ကိုရဲမိုး သမီးကို ဘယ်လိုမြင်သလဲဟင်''

''လူတစ်ယောက်ကို မကျေနပ်ရင် ခွေးနဲ့ရှူးတိုက်တတ်တဲ့ ယောက်ျားလေးနှစ်ယောက်ကို ရန်တိုက်ပေးတတ်တဲ့ ကောင်မလေးလို့ မြင်တယ်''

ကျွန်တော့်စကားဆုံးတော့ လင်းလင်းက အားရပါးရအော်ရယ် ပြန်၏။

''ကိုရဲမိုးပဲ အဲဒီနှစ်ကောင်ကို ပညာပေးလိုက်မယ်လို့ သမီး ပြောတုန်းက လုပ်သာလုပ်ကလေးဆို၊ အခုမှ သမီးတစ်ယောက်တည်းကို အပြစ်ပုံချတယ်''

ဗုဒ္ဓေါ ကျွန်တော်က တရားခံပြန်ဖြစ်နေပါရောလား။

''အဲဒီတုန်းက ကလေးပြောတဲ့ ပညာပေးလိုက်မယ်ဆိုတာကို ကိုယ်က ရန်တိုက်ပေးလိမ့်မယ်တော့ ဘယ်ထင်မှာလဲ၊ သူတို့မိဘတွေဆီ



ဖုန်းဆက်တိုင်တာမျိုးလောက်ပဲ ထင်တာပေါ့ကွ။ ဒီလိုမှန်းမှ မသိတာ''

လင်းလင်းသည် ထိုအခါ ဘာမှ ပြန်မပြောတော့ဘဲ ရယ်ကာ ကျွန်တော့်ကို လိုက်ကြည့်နေ၏။ ပြီးတော့ စကားတစ်ခွန်းကို ထပ်ပြော သည်။

''အခုဆို ကိုရဲမိုးက သမီးအကြောင်းတွေကို တော်တော် သိနေပြီနော်''

ကျွန်တော်ကဘာမှ ပြန်မပြောဘဲ ခေါင်းညိတ်ပြသောအခါ သူမကျေနပ်သွားသလို ပြုံးပါသည်။ ထိုကဲ့သို့ပင် လင်းလင်းသည် ဘဝတစ်ခုကို ကျေနပ်စွာပြုံးပြတတ်ရန် လိုအပ်ပါလိမ့်မည်။

''ကလေး''

''ရှင်''

ဒီတစ်ခါတော့ သူမသည် မိန်းမပီသစွာ ပြန်ထူး၏။ ကျွန်တော်က ထိုအသံကို ထူးဆန်းစွာ စွဲမက်သွားခဲ့သည်။

''ချစ်ခြင်းမေတ္တာဆိုတာကို ကလေးယုံသလားဟင်''

''ယုံပါတယ်။ ချစ်ခြင်းမေတ္တာကိုရော၊ ခံစားမှုကိုရော ယုံပါတယ်။ ဒါပေမဲ့ သမီးကအဲဒါတွေကို အမြဲဦးစားမပေးဘူး''

သူမက ထိုစကားကို ပြောပြီးပါးများကို တမင်ဖောင်းထား လိုက်သေးသည်။ ကျွန်တော်သည် နာကျင်သွားသူ တစ်ယောက်လို မျက်နှာလွှဲမိ၏။

တကယ်လို့များ ဖြစ်နိုင်မည်ဆိုလျှင် ကျွန်တော်က အိပ်မွေ့ချ ခြင်း(Hypohsis) ကို လုပ်နိုင်သူ ဖြစ်ချင်သည်။ ဒါမှ ခေါင်းမာလှသော ကောင်မလေးကို အိပ်မွေ့ချပြီး ခံစားမှုအကြောင်း၊ ချစ်ခြင်းမေတ္တာ အကြောင်း သင်ကြားပေးမည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ သိပ်ပြီးသိမ်မွေ့နူးညံ့နေမှာပဲ။

လူသည် တခြားသော ဂုဏ်သိက္ခာနှင့် မြင့်မြတ်ခြင်းကို ရရှိဖို့ မိမိ၏ ခံစားမှုကို စတေးပစ်တတ်ကြသည်။ ကျွန်တော်ကတော့ ထိုကိစ္စမျိုးကို အလဲအလှယ်လုပ်ရလျှင် မထိုက်တန်ဘူးဟု ယုံကြည်ထားမိပါသည်။

ဒါဆိုလင်းလင်းကရော။

ကျွန်တော်သိပ်ချစ်သည့် အရူးမလေးကတော့ ဂုဏ်သိက္ခာနှင့် မြင့်မြတ်ခြင်းကို ဦးစားပေးသူ တစ်ယောက်ဖြစ်နိုင်သည်။

သို့သော် တစ်ပြိုင်တည်းမှာပင် ဂုဏ်သိက္ခာနှင့် မြင့်မြတ်ခြင်းကို ဂရုမစိုက်ဘဲ ထင်ရာလုပ်တတ်သူလည်းဖြစ်၏။

ကျွန်တော် မနက်ဖြန်တွေကို ရောက်ချင်လှပြီ။

မနက်ဖြန်တွင် ပန်းတွေပွင့်မှာလား။ မနက်ဖြန်ဟာ ခရမ်းရောင်လား။ မနက်ဖြန်မှာ ဘယ်လိုရနံ့တွေရှိသလဲ။ မနက်ဖြန် ရောက်ရင် ဘာသီချင်းတွေဖွင့်မလဲ။

ဆရာသစ္စာနီ၏ ကဗျာထဲကအတိုင်းဆိုလျှင် မေးခွန်းများသည် လျှာများကို အယားပြေစေနိုင်ပါသည်။

## အခန်း (၁၂-က)

ကျွန်တော်တို့၏ စာမေးပွဲရက်များမှာ တိတ်ဆိတ်သော ရက်စွဲများသာဖြစ်ခဲ့၏။ ထိုကာလများအတွင်း ကျွန်တော်တို့သည် အဝေးကပဲ၊ ခပ်လှမ်းလှမ်းကပဲ မျက်လုံးချင်း ဆက်ဆံကြရသည်။

အဝေးကဆိုသော်လည်း သူမဘာဖြစ်သည်၊ ဘာလိုချင်သည် သဖြင့် ကျွန်တော်က သိသူဖြစ်ပါသည်။ လင်းလင်းသည် စာမေးပွဲကို အလေးအနက်ထားသူ တစ်ယောက်ဖြစ်သောကြောင့် ကျွန်တော်က စာမေးပွဲရက်တွေအတွင်း သူမဆီ ဖုန်းပင်မဆက်ဖြစ်ပေ။

မေဂျာချင်းမတူသဖြင့် ကျွန်တော်တို့နှစ်ယောက်၏ စာမေးပွဲ နောက်ဆုံးနေ့ချင်းလည်းမတူကြ။ ကျွန်တော်တို့က တစ်ရက်စော၍ ပြီး၏။ လင်းလင်းတို့ စာမေးပွဲနောက်ဆုံးနေ့တွင် ကျွန်တော်က ချမ်းမင်းနှင့် ဉာဏ်စိန်ကို အကြောင်းပြုပြီး စာမေးပွဲခန်းရှေ့တွင် ရောက်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာကောင်းသည်မှာ သူမသည် ဆံပင်အရှေ့ပိုင်းကို ကျစ်ဆံမြီးများကျစ်ထားခြင်းဖြစ်သည်။ ကျွန်တော်လည်း ကျိတ်ပြီး ဝမ်းသာသွား၏။ လင်းလင်းက ကျွန်တော့်ကို ညကျရင် ဖုန်းဆက်ဖို့ အချက်ပြသည်။

သူမသည် ကျွန်တော်တို့နှစ်ယောက်၏ သီးသန့်အမှတ်တရများကို မမေ့လျော့သူဖြစ်ပါသည်။

## အခန်း (၁၂-ခ)

ကျွန်တော်လင်းလင်းဆီ ဖုန်းဆက်တော့ ညဆယ်နာရီပင် ခွဲနေပြီ။ ဖုန်းကို တော်တော်နှင့် လာမကိုင်သဖြင့် လူမရှိဘူးလားဟု ကျွန်တော်က ထင်မိသေးသည်။ ထိုစဉ်မှာပင် တစ်ယောက်က ဖုန်းကို ကိုင်လိုက်ပါသည်။

''ဟဲလို''

''လင်းလင်းလားဟင်''

''ဟုတ်''

ကျွန်တော်က သူမကို လင်းလင်းဆိုတာ သေချာမှ ကလေးဟု ခေါ်ရသည်။

''ကလေး ဘာလုပ်နေတာလဲ''

''ကိုရဲမိုး ဖုန်းကို စောင့်ရင်းအိပ်ပျော်သွားတာ''

''ဩော် Is From is get air''

ထိုအခါ သူမဆီမှ ရယ်သံတွေ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲမိုးကြီးက သမီးအတုလိုက်နိုးတယ်။"

"ထားပါတော့ --- ကဲ၊ ထုံးစံအတိုင်းပြောပါဦး အင်္ကျီဘာရောင် ဝတ်ထားသလဲ"

"အပြာ"

"ဘောင်းဘီကရော"

ကျွန်တော်က သူမညအိပ်လျှင် ဘောင်းဘီဝတ်အိပ်မှန်း သိနေပြီ။

"ဘောင်းဘီကလည်း အပြာပဲ။ ဆံပင်တွေကတော့ မနက်တုန်းက ကျောင်းမှာတွေ့ခဲ့တဲ့အတိုင်းပဲ"

သူမသည် ကျွန်တော်ထပ်မေးစရာမရှိအောင် ပြည့်စုံစွာ ဖြေလိုက်သည်။

"ကလေးက ဖုန်းမလာခင်က ညေ့ခန်းထဲမှာ အိပ်ပျော်နေတာပေါ့"

"မဟုတ်ဘူး။ အိပ်ခန်းထဲမှာလည်း ဖုန်းရှိတယ်။ သမီးက ညေ့ခန်းထဲက ဖုန်းကို ကြိုးဖြုတ်ထားတာ လူကြီးတွေ နိုးကုန်မှာစိုးလို့"

ကျွန်တော်သည် သူမ၏ အကြံအစည်ကို သဘောကျပြီး ခပ်ဟဟ ရယ်မိ၏။

"ကဲ ပြောလေ။ မနက်တုန်းက ဖုန်းဆက်နိုင်းတဲ့ကိစ္စ"

"ဩော် --- ခဏနေဦး။ မေးဦးမယ်။ ကိုရဲမိုး စာမေးပွဲ ဖြေနိုင်လား။ သမီးကတော့ အားလုံးဖြေနိုင်တယ်"

"ဖြေနိုင်ပါတယ်"

လင်းလင်းသည် ထိုကဲ့သို့သော မေးခွန်းမျိုးကိုလည်း တာဝန်အရ



"ကိုရဲမိုး"

"ခင်ဗျာ"

"မနက်ဖြန်အားသလား"

"အင်း၊ အားပါတယ်"

"ဒါဆို မနက်ဖြန်မနက် ဆယ်နာရီခွဲမှာ Main ထဲက Libiary ရှေ့မှာ စောင့်နေ။ သမီး ကိုရဲမိုးကို လက်ဆောင် ပေးစရာရှိတယ်။ ပြောပြစရာတချို့လည်းရှိတယ်"

ကျွန်တော့်စိတ်ထဲတွင် ဘာမှန်းမသိသေးသော်လည်း လေးလံမိသွား၏။ မမြင်ရသေးသော တစ်စုံတစ်ရာကိုလည်း တုန်လှုပ်လာသည်။

"ကလေး"

ကျွန်တော့်အသံတွင် နာကျင်မှုတွေရောစွက်နေတယ်ဆိုတာ သူမသိနိုင်ပါလိမ့်မည်။ ဒီထက်ပါးနပ်ဦးမည်ဆိုလျှင်တော့ ကျွန်တော့်ရင်ထဲက အချစ်များကိုလည်း သူမအကဲခတ်ကြည့်နိုင်လိမ့်မည်။

"ကိုရဲမိုး ဘာပြောမှာလဲ။ ပြောလေ"

လင်းလင်းသည် ဘာကိုမှ နားမလည်သူတစ်ယောက်၏ အံ့ဩတွေဝေမှုကို အသံဖြင့် ဖော်ပြနေပြန်သည်။

"ကလေး မင်းကိုယ့်ကို ခွဲမသွားပါနဲ့နော်"

တစ်ဖက်မှ ဘာစကားသံမှ တုံ့ပြန်မှုမရှိဘဲ အကြာကြီး ငြိမ်သက်နေ၏။ ကျွန်တော်တော်နည်းနည်းစိုးရိမ်သွားသည်။

"ကလေး --- ကလေး"

နှစ်ခွန်းဆင့်ခေါ်လိုက်တော့ လင်းလင်းဆီမှ အသံထွက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



''သမီး နားထောင်နေပါတယ်''

ထိုစဉ်မှာ မမျှော်လင့်သော အခြေအနေတစ်ရပ်အဖြစ် ဖုန်းလိုင်းကျသွားလေသည်။ ကျွန်တော်လည်း အံ့သြနေကာ ဖုန်းကိုပဲ စိုက်ကြည့်နေမိ၏။ ဖုန်းထပ်ခေါ်ဖို့တော့ မကြိုးစားမိချေ။

ဒီလိုနှင့်ပင် ထိုနေ့က ကျွန်တော်တို့၏ ဖုန်းပြောခြင်းကိစ္စမှာ ပြီးဆုံးသွားခဲ့သည်။

မနက်ဖြန်ကျရင် တွေ့ဦးမှာပဲဆိုသည့်အသိကြောင့် စိတ်က နည်းနည်းပေါ့သွား၏။ ဘဝ၏ အဆုံးအရှုံးများကို ရေတွက်ဖို့ ကြိုးစားသူမှာ စိတ်ဓာတ်ခွန်အားနည်းသူတွေသာဖြစ်သည်။

လင်းလင်းသည် မနက်ဖြန်တွင် ခန့်မှန်းမရသည့် အရှိန်အဟုန်များ ကျွန်တော့်ထံ သယ်ဆောင်လာတော့မည်ဟု ကြိုသိနေ၏။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဖက်က ရင်ဆိုင်ရဲဖို့သာ လိုအပ်ပါသည်။

## အခန်း (၁၃–က)

လေထဲမှာ အချစ်သီချင်းများ ပျံ့နှံ့နေ၏။ အများသုံးဘာသာစကားဖြင့် တချို့နွားတွေက အိပ်မက် မက်ကြသည်၊ လင်းလင်းတို့အိမ်က တယ်လီဖုန်းမှာ ကျွန်တော့်မသိစိတ်က နိုးအောင်းနေသည်။ မြောက်ပြန်လေသည် စိမ်းလန်းသော အရာတို့ကို သယ်ဆောင်လာ၏။

ဒဂုံတက္ကသိုလ်၏ ကန်တင်းများ၌ အစားအစာတွေ မနှစ်ကထက် ဈေးတက်လာသည်။

တိတ်ဆိတ်သော ရာသီဉတုကို ကျွန်တော်တို့က ပျော်ရွှင်စွာ ဖြတ်သန်းဖို့ဆန္ဒရှိခဲ့၏။ နှင်းဆီပန်းတွေက ပို၍ နီရဲလာပြီ။

အချစ်ကြောင့် ငှက်ကလေးတွေ အမြင့်ကြီးကို ပျံသန်းသွားတယ်ဟု ဖော်ကြီးက ပြောတော့အောင်မြင့်က ရယ်လေသည်။ ထွန်းထွန်းဦးသည် သမိုင်းက ကောင်မလေးတစ်ယောက် နှင့်အဆင်ပြေနေပြီဟု သတင်းကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လင်းလင်း၏ သွားတက်ကလေးများအကြောင်း စဉ်းစားနေချိန်တွင် သူမက ကျွန်တော်ဝယ်ပေးသော ကွာစေ့များကို စားနေလိမ့်မည်။ (လင်းလင်းသည် ကျွန်တော်ဝယ်ပေးခဲ့သမျှ ကွာစေ့ထုပ်များကို ကျောင်းမှာမစားဘဲ အမြဲအိမ်သို့ ယူဆောင်သွားခဲ့၏)

ကောင်းကင်ကို အမှောင်ထဲ၌ မော့ကြည့်မိသောအခါ တိမ်တွေက ဖြူလင်းနေ၏။ လင်းလင်းကိုလည်း တိမ်အဖြူတွေ ကြားမှာ ပြေးလွှား ဆော့ကစားနေတာမြင်ရသည်။

သူမအကြောင်းတွေကို တကယ်တော့ ကျွန်တော် ကကြီးအဆင့် လောက်သာသိသူဖြစ်ပါသည်။

သူစိမ်းယောကျ်ားတစ်ယောက်နှင့် သူစိမ်းမိန်းမတစ်ယောက်၏ ဆက်ဆံရေးတွင် သူမသည် အံ့သြစရာကောင်းလောက်အောင် စဉ်းစားခဲ့သူ ဆိုတာ နောင်မှ ကျွန်တော်သိခဲ့ရသည်။

အမှန်တရားဆိုသည်မှာဖြစ်ရပ်တစ်ခုကို ကြားခံကြေညာပေးရ သော မီဒီယာ (Media) များ၏ အာဘော်သာ ဖြစ်ပါသည်။

လင်းလင်းသည် အဖြစ်အပျက်တစ်ခုတွင် အမြဲတမ်းအဖြစ်ဟု တွေးခဲ့သူဖြစ်ပြီး၊ ကျွန်တော်က အမြဲတမ်းအပျက်ဟု တွေးခဲ့သူ ဖြစ်လေသည်။

## အခန်း (၁၃–ခ)

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ရှေ့ရှိ ဗာဒံပင်များမှာ သကြံန် လက်ဆေးမိုးကြောင့် စိမ်းစိုနေ၏။ မြေကြီးပေါ်တွင် ကြွေကျနေသော သစ်ရွက်ခြောက်များမှာ မြက်များနှင့် ရောနှောသွားကြသည်။

ဒီလိုအချိန်တွင် မိုးတိမ်တွေကို ကျွန်တော်ကချစ်ပါသည်။ မလှမ်းမကမ်းရှိ သစ်ပုပ်ပင်ကြီးမှာ ခံ့ညားထည်ဝါနေဆဲ။ ထိုသစ်ပုပ်ပင် ကြီးသည် ရန်ကုန်တက္ကသိုလ်၏ သမိုင်းတွေကို သိခဲ့သည်၊ ရန်ကုန် တက္ကသိုလ်ထဲက ပုံပြင်များစွာကို သိခဲ့သည်။

ထိုစဉ် ဆူပါဆလွန်း Sunny ကားအဖြူတစ်စီးသည် အဓိပတိလမ်းပေါ်မှ တက္ကသိုလ်စာကြည့်တိုက်ဖက်သို့ ကွေ့ဝင်လာ၏။ လုပ်ခနဲ ကျွန်တော်ဝမ်းသာမိသွားသော်လည်း အလျင်အမြန်ပင် ကျွန်တော်က ထိုခံစားမှုကို ထိန်းချုပ်နိုင်ခဲ့ပါသည်။

လင်းလင်းသည် ကားကိုရပ်လိုက်ပြီး ကျွန်တော်ရှိရာသို့ ခပ်သွက်သွက်လျှောက်လာ၏။ မျက်လုံးတွေကလည်း ကျိုးကန်းတောင်း မှောက် ဟိုဟိုသည်သည် လျှောက်ကြည့်နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲမိုး၊ သမီးတို့ ဒီမှာ ရပ်စကားပြောလို့မဖြစ်ဘူး။ စာကြည့်တိုက်ထဲ ဝင်ပြောကြမယ်"

"ဘာဖြစ်လို့လဲ ကလေးရဲ့"

"ဒီကျောင်းထဲမှာ အဖေတို့ရှိတယ်။ မဲတော်တဆတွေ့သွားမှာစိုးလို့။ အဖေက သူ့သူငယ်ချင်း ပါမောက္ခတစ်ယောက်ဆီ လာတာလေ"

ကျွန်တော်လည်း ဘာမှ ထပ်မပြောတော့ဘဲ စာကြည့်တိုက်ထဲကို ဦးဆောင်၍ ဝင်လိုက်ပါသည်။ သူမက ကျွန်တော့် နောက်မှ ဟိုကွယ်၊ ဒီကွယ်နှင့် စာကြည့်တိုက်ထဲကို လိုက်ပါလာ၏။ လင်းလင်းမျက်နှာသည် တကယ်စိုးရိမ်နေသော ကလေးငယ်တစ်ယောက်၏ စွန့်စားခန်းနှင့် တူနေသည်။

စာကြည့်တိုက်ထဲကို ရောက်တော့လည်း ထောင့်အကျဆုံးနေရာကို သူမကပင် ရွေးချယ်ပါသည်။

ထိုင်ထိုင်ချင်းမှာ ကျွန်တော်က သူမအတွက် ဝယ်လာသော ကွာစေ့ထုပ်ကို ပေးလိုက်၏။ သူမကလည်း သူမ၏ ကျောပိုးအိတ်သေးသေးလေးကို ဖြုတ်၏။ ဖောင်းကားနေသော ကျောပိုးအိတ်ထဲမှာ ဘာတွေထည့်ထားပါလိမ့်ဟု ကျွန်တော် စဉ်းစားနေဆဲ လင်းလင်းက ကျောပိုးအိတ်လေးကို ဖွင့်လိုက်သည်။ အရုပ်လေးတစ်ရုပ်ထွက်လာသည်။ သေသေချာချာ ပြောရမည်ဆိုလျှင် အဖြူအစိမ်းဝတ်ထားသော မိန်းကလေးအရုပ်တစ်ရုပ်ဖြစ်လေသည်။

"ရော့ --- ကိုရဲမိုး အခုချက်ချင်းဖတ်ကြည့်"

သူမက စာတစ်စောင်ကိုလည်း ထုတ်ပေးပြန်သည်။



ကျွန်တော်က စာကိုဖောက်နေစဉ် လင်းလင်းကလည်း ကွာစေ့ထုပ်ကို ဖွင့်ကာ စားနေ၏။ ဒီတစ်ခါသာ လင်းလင်းသည် ကျွန်တော်ဝယ်ကျွေးသော ကွာစေ့ကို ကျွန်တော့်ရှေ့မှာ စားခြင်း ဖြစ်ပါသည်။ သူမက ကွာစေ့ထုပ်တွင် ပါသော တံဆိပ်စာရွက်လေးကို ကျောပိုးအိတ်ထဲ ထည့်သိမ်းလိုက်၏။

ကိုရဲမိုး

သမီး ကိုရဲမိုးကို အစအရာရာတိုင်းအတွက် ကျေးဇူးတင်ပါတယ်။ အခုသမီးက ကိုရဲမိုးဆီမှာ တောင်းဆိုစရာ လေးတွေရှိတယ်။ နောက်နေ့ တွေကျရင် သမီးတို့နှစ်ယောက် အခုလိုရင်းရင်းနှီးနှီးကြီး မဆက်ဆံ ချင်တော့ဘူး။ အဲဒါ ကိုရဲမိုးသဘောတူရဲ့လား။ ကိုရဲမိုးကို သမီးက မခင်လို့ပြောတာမဟုတ်ဘူးနော်။ အခုတလော သမီးစိတ်ထဲမှာ တစ်မျိုးပဲ။ ကိုရဲမိုးနဲ့လျှောက်သွားပြီးပြန်လာရင် သမီးက ဘာကိုမှန်းမသိဘဲ ကြောက်နေရတာ။ အဲဒါမျိုးကြီး သမီးမဖြစ်ချင်ဘူး။ အိမ်က သိမှာ ကြောက်တာလား။ အခြားတစ်ယောက်ယောက်ကသိမှာ ကြောက်တာလား ဘာမှန်းကို မသိပါဘူး ကိုရဲမိုးရယ်။ အခုလိုပြောလို့ စိတ်မဆိုးပါနဲ့နော်။ ကိုရဲမိုးက **Understanding** ရှိတဲ့ လူတစ်ယောက်ဆိုတာ သမီးလုံးဝ ယုံကြည်ပါတယ်။ သမီးတို့နှစ်ယောက်က ရင်းရင်းနှီးနှီးကြီး မဆက်ဆံတော့ ပေမယ့် သမီးက ကိုရဲမိုးရဲ့ **ever pal** ပါပဲ။ အခုသမီးက ကိုရဲမိုးကို အမှတ်တရ ဖြစ်စေမယ့် လက်ဆောင်လေးတစ်ခုပေးခဲ့ချင်တယ်။ လက်ဆောင်က ကလေးပုံအရုပ်လေးပါ။ သဘောက အရုပ်ချစ်တတ်တဲ့ သမီးကို **represents** လုပ်တာရယ်။ ကလေးလို့ခေါ်တဲ့ ကိုရဲမိုးရဲ့

www.burmeseclassic.com



ပညတ်ချက်ကို represents လုပ်တဲ့သဘောပါ။ Ok, အခု သမီး ပြောချင်တာတွေလည်း ပြောပြီးသွားပြီ။ အရုပ်လေးကို သိမ်းထားပါလို့တော့မပြောချင်ဘူး။ ကိုယ့်လက်ထဲရောက်လာတဲ့ ကိုယ်ပိုင်ပစ္စည်းကို ကိုယ့်စိတ်ကြိုက်လုပ်လို့ရတာပဲ။

**Good Bye - Guy . . .**

**From**

**Tamee**

စာဆုံးသွားသောအခါ ကျွန်တော်ကလင်းလင်းကို အံ့သြစွာ မော့ကြည့်လိုက်ပါ၏။ သူမသည် ကွာစေ့များကို ကျွမ်းကျင်စွာ ခွာစားနေသည်။ လင်းလင်းမျက်လုံးတွေက နူးညံ့နေပြီး ကျွန်တော့်ကို ပါးနပ်စွာ အကဲခတ်နေဟန်တူ၏။

ကျွန်တော်က အေးအေးဆေးဆေးပဲ စာကို ခေါက်သိမ်းလိုက်ပါသည်။ ရုတ်တရက် ကျွန်တော်သည် သူမကို ဆူဖို့ အကွက်ရသွား၏။

"ကလေး စာကြည့်တိုက်ထဲမှာ မင်းကွာစေ့ခွံတွေကို လွှင့်မပစ်နဲ့လေ။ အပြောခံနေရဦးမယ်။"

"ဟီး ဟီး --- ဟုတ်သားပဲ"

နောက်တော့ နှစ်ယောက်သား စာကြည့်တိုက်ထဲမှာ ကွာစေ့ခွံတွေကို လိုက်ပြန်ကောက်ကြပြန်၏။ ကွာစေ့ခွံများကို ကောက်ပြီး သွားတော့ ကျွန်တော်က သူမကို စိုက်ကြည့်လိုက်မိသည်။

လင်းလင်းက အရုပ်လေးကို လက်နှင့်ပွတ်သပ်နေ၏။



အရူးမလေးရယ်၊ မင်းကငါနဲ့ပတ်သက်မိလို့ နောင်တတွေရနေသလား။ ငါကတော့ မင်းကို မဆုံးရှုံးရဖို့ ဖြားယောင်း ရတော့မှာပဲ။

"ကလေး"

သူမက ကျွန်တော့်ဆီကို ကြည့်သည်။ လင်းလင်းမျက်လုံးတွင် ကြယ်ပွင့်လေးတွေကို ကျွန်တော်မြင်ရပါသည်။

"ကိုယ်ကလေးကို ချစ်တယ်ဆိုတာ ထပ်ပြောစရာလိုမယ် မထင်ဘူး။ အခုဆို ကိုယ်က သူငယ်ချင်းတစ်ယောက်လိုတောင် နေခွင့် မရတော့ဘူးပေါ့နော်"

"ကိုရဲမိုးကလည်း သမီးကို အဲဒီလိုကြီးမပြောနဲ့လေ။ သမီးကို ကိုရဲမိုးက နားလည်ပေးရလိမ့်မယ်"

"ဒါဆို ကိုယ့်ခံစားမှုကိုတော့ ကလေးက ထည့်မတွက် ပေးတော့ဘူးပေါ့"

ကျွန်တော့်စကားကြောင့် လင်းလင်းသည် တစ်ချက်မျှလှုပ်ရှားသွား၏။ သူမသည် စာကြည့်တိုက်နံရံတွေကို ငေးကြည့်နေပြန်သည်။ လင်းလင်းသည် တစ်ခုခုကို လေးနက်စွာ စဉ်းစားနေဟန်တူ၏။

"ကောင်းပြီလေ၊ သမီးက ကိုရဲမိုးရဲ့ ခံစားမှုကို ထည့်စဉ်းစားပေးမယ်။ အဲဒီအတွက် ကိုရဲမိုးက သမီးဆီက တစ်ခုတောင်းဆိုခွင့်ရှိတယ်"

ကျွန်တော်သည် ထိုင်နေရင်းမှ မောလာ၏။ ရင်ခုန်စရာကောင်းသော အချိန်သည် သူမ၏ ကျစ်ဆံမြီးများမှတစ်ဆင့် ကျွန်တော့်ရင်ဘတ်ပေါ်သို့ ရောက်လာတော့သည်။

"ကိုယ် မင်းကိုချစ်ခဲ့တယ်။ အဲဒီအတွက် အဖြေပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်တောင်းဆိုမှုသည် ကျွန်တော့်အတွက်အတွက် တရားမျှတသော လုပ်ဆောင်ချက်တစ်ခုဆိုတာ သေချာသည်။ သူမသည် ကျွန်တော့်တောင်းဆိုမှုကိုအနည်းငယ်အံ့သြနေသော မျက်ဝန်းများဖြင့် လက်ခံလိုက်ပါသည်။

''ကောင်းပြီ။ သမီး ကိုရဲမိုးအတွက် အကောင်းဆုံး စဉ်းစားပေးပါ့မယ်။ အခုသမီးက ပြောစရာတစ်ခုကျန်သေးတယ်။ ဒါပေမဲ့ ကိုရဲမိုးက ဒီကိစ္စကို တောင်းဆိုလာတဲ့အတွက် မပြောတော့ဘူး။ နောက်တစ်ပတ်ကြာရင် ဒီစာကြည့်တိုက်ရဲ့ ဒီနေရာမှာပဲ ကိုရဲမိုးကို သမီးအဖြေလာပေးမယ်။ အချိန်က မနက်ဆယ်နာရီခွဲ။ တစ်ခုတော့ ရှိတယ်။ ကိုရဲမိုး၊ ဒီနေရာကို ကြိုမလာရဘူး။ ပြီးတော့ ဒီတစ်ပတ်အတွင်း သမီးဆီဖုန်းမဆက်ရဘူး။ ဘာအဆက်အသွယ်မှလည်း မလုပ်ရဘူး။ ဘယ်လိုလဲ သဘောတူရဲ့လား''

ကျွန်တော်သည် ဖျော့တော့ရီဝေစွာ ပြုံး၍ ကောင်မလေးကို ကြည့်လိုက်ပါသည်။

''ရပါတယ်။ မင်းသဘောပါပဲ ကလေးရယ်''

သူမသည် နူးညံ့သော နှုတ်ခမ်းတွေကို ခပ်တင်းတင်း စေ့ထားရင်းမှ ကျွန်တော့်အား ကြည့်နေ၏။ ထိုအကြည့်တွင် သူမအတွက် ကျွန်တော်က ဘာကိုမဆို စွန့်လွှတ်ဖို့ သတ္တိရှိနေလေသည်။

''ကဲ ကိုရဲမိုးဖက်က ဘာမှ ပြောစရာမရှိတော့ဘူးဆိုရင် သမီး ပြန်မယ်''

''ကောင်းပြီ''



တိတ်ဆိတ်နေသော စာကြည့်တိုက်ထဲတွင် လင်းလင်း၏ ခြေသံတွေက ကျွန်တော့်ကို ထားရစ်ခဲ့သည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်က ဒီအခြေအနေကို ကျေနပ်ပါသည်။

တစ်ခါတလေ လူ့ဘဝမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့် ခိုင်မာမှုမျိုးက လိုအပ်သည်။ လင်းလင်းသည် ကျွန်တော်ကို ထိုခိုင်မာမှု မျိုးအား သင်ကြားပေးခဲ့သူလည်းဖြစ်သည်။

သူမထားရစ်ခဲ့သော ကလေးရုပ်ကလေးသည် စားပွဲပေါ်တွင် ငြိမ်သက်နေဆဲ။ လင်းလင်းက စာကြည့်တိုက်ထဲမှ ထွက်သွားခဲ့လေပြီ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄-က)

ကျွန်တော်သည် လေထုထဲကို သူမသတင်းများ လွှင့်ထားလိုက်ချင်ပါသည်။

ညနေခင်းသည် အရောင်များဖြင့် လှပနေ၏။ ကျွန်တော်က လင်းလင်းကို သတိမရအောင် ရုပ်ရှင်တွေ လျှောက်ကြည့်သော်လည်း အဆင်မပြေပါ။ ကျောင်းတွေက ပိတ်ထားသဖြင့် ကျွန်တော်က တစ်ယောက်တည်း ဖြစ်နေ၏။ တစ်ပတ်ဆိုသော အချိန်သည် သူမမပါဘဲ ဖြတ်သန်းရတာ ခြောက်သွေ့လွန်းပါသည်။

လင်းလင်းပေးခဲ့သော အရုပ်လေးကို ကျွန်တော်က ကျောပိုးအိတ်ထဲထည့်ပြီး သွားလေရာခေါ်သွား၏။ ထိုအရုပ်လေးကို ကျွန်တော်က "ကလေး" ဟု နာမည်ပေးထားသည်။

ကျွန်တော်သည် အရုပ်ကလေးကို သူမလိုပဲ သဘောထားကာ ချစ်ရပါသည်။ ဘယ်သူမှမရှိချိန်တွင် အရုပ်ကို "ကလေး" ဟု အိတ်တဆိတ်ခေါ်ကြည့်မိ၏။ ငှက်လေးတွေက အဝေးသို့ ပျံသန်းသွားသည်။ "ပျော်ရွှင်မှုဆိုတာ လှောင်အိမ်ထဲမှာ မမွေးဖွားဘူး" ဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာတစ်ယောက်၏ စာကြောင်းတစ်ကြောင်းကို ကျွန်တော် သတိရ လိုက်သေးသည်။ ကျွန်တော်က လွတ်လပ်စွာ ပျံသန်းသွားသည့် ငှက်ကလေး၏ ပျော်ရွှင်မှုကို အားကျနေမိ၏။

ငှက်ကလေးသည် ခဏတာလွတ်မြောက်သူလား။ သံသရာအထိ လွတ်မြောက်သူလား။

ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိသောအခါ ကျွန်တော်က သံသရာ အထိ လွတ်မြောက်ချင်သူမဟုတ်ပေ။

အမြဲမဟုတ်သော ကျွန်တော်နှင့်သူမ၏ နွေးထွေးသည့်ဆက်ဆံ ရေးတွင် ရိုးသားမှုသည် အရေးကြီးသည်ဟု ကျွန်တော်ယုံကြည်ပါသည်။

လူတစ်ယောက်၏ ဂုဏ်သိက္ခာသည် အချစ်အတွက် သေးငယ်သော ရယ်စရာတွေဖြစ်ကုန်၏။ လင်းလင်းသည် ယဉ်ကျေးသော လူ့တန်ဖိုးကို နားလည်သည့် ချစ်စရာကလေးငယ်တစ်ယောက်ဖြစ်သည်။ ဉာဏ်ပညာနှင့် လူသားဆန်မှုကို အလေးထားတတ်သူဖြစ်သည်။ အချိန်တိုအတွင်းမှာပဲ ကျွန်တော့်စိတ်ကို ကိုးဆယ်ရာခိုင်နှုန်း အကဲဖြတ် နိုင်စွမ်းရှိသူ ဖြစ်သည်။

တစ်ပြိုင်တည်းမှာပင် ကျွန်တော့်တန်ဖိုးများအားလုံးကို အနိုင့် ရရှိခဲ့သူလည်း ဖြစ်လေသည်။

## အခန်း (၁၄-ခ)

သစ်ရွက်တွေက ထို့နေ့တွင် သိပ်မစိမ်းဘူးဟု စိတ်ထဲက ထင်မိ၏။ နေရောင်သည် အမိုးပတ်လမ်း တစ်လျှောက် ခပ်ဖျော့ဖျော့လေး ကျနေသည်။ လင်းလင်းချိန်းထားသော အချိန်က ဆယ်နာရီခွဲ။ နည်းနည်းစောနေသေးသဖြင့် ကျွန်တော်က အေးအေးဆေးဆေး လမ်းလျှောက်ရင်းအချိန်ဖြုန်းနေမိသည်။

ရေတမာကိုင်းများပေါ်တွင် စာကလေးတွေက ဆူညံစွာ အော်မြည်နေကြသည်။ ကျွန်တော်က မြက်ခင်းပေါ်တွင် ကြွေကျနေသော သစ်ရွက်ခြောက်များကို အဓိပ္ပာယ်မဲ့ငေးကြည့်နေမိ၏။

လူဆိုတာ အဓိပ္ပာယ်တစ်ခုခုအတွက် အသက်ရှင်နေကြတာမှ မဟုတ်ဘဲ ကလေးရယ်။ ဒါကြောင့် ငါကလည်းမင်းကို ဘာအဓိပ္ပာယ်မှ ဖွင့်စရာမလိုဘဲ ချစ်ပိုင်ခွင့်ရှိတယ်။ မင်းကလည်း ငါ့ကို ဘာအဓိပ္ပာယ်မှ ဖွင့်စရာမလိုဘဲ ငြင်းဆိုခွင့်ရှိတယ်။ ဒါနှစ်ယောက်စလုံးရဲ့ ကိုယ်ပိုင် အခွင့်အရေးပဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



အတွေးများနှင့် ရှုပ်နေစဉ် အမြန်မောင်းသွားသော ကားတစ်စီးကြောင့် ကျွန်တော်အမှတ်မထင် ထိုကားကို ကြည့်လိုက်မိပါသည်။ ကားက ကျောင်းဝင်းထဲမှ ပြန်ထွက်သောယာဉ်ကြောအတိုင်း မောင်းနှင်သွား၏။ ကားသည် လင်းလင်းစီးနေကျ ဆူပါဆလွန်း Sunny အဖြူရောင်လေး ဖြစ်သည်။

ကျွန်တော်ကြည့်မိတော့ ကားကို ခပ်ပျပျသာမြင်ရပြီး ကားနံပါတ်ကိုတော့ မတွေ့ရပေ။

ဒါကြောင့် သူမကားဟု တပ်အပ်ပြောနိုင်ဖို့ရာ ခဲယဉ်းပါသည်။

ကျွန်တော်က ထိုကိစ္စကို အမှတ်တမဲ့ပဲ သဘောထားလိုက်ပြီး နာရီကိုငုံ့ကြည့်လိုက်၏။ အချိန်က ဆယ်နာရီဆယ့်ငါးမိနစ်ကို ညွှန်ပြနေသည်။ သူမနှင့် ချိန်းထားသော အချိန်ရောက်ဖို့ နောက်ထပ် ဆယ့်ငါးမိနစ်သာလိုတော့၏။

ကျွန်တော်သည် တက္ကသိုလ်စာကြည့်တိုက်ဖက်သို့ ဦးတည်လိုက်ပါသည်။ ရင်တွေက အကြောင်းမဲ့လှုပ်ရှားလာ၏။ ခြေလှမ်းတွေက အနည်းနယ်တွန့်ဆုတ်နေမှန်း ကိုယ့်ကိုယ်ကိုယ် သတိထားမိသည်။

လင်းလင်းသည် ကျွန်တော့်ကို အမြဲစိတ်လှုပ်ရှားစေသော သက်ရှိဗီးနပ်(စ်)လည်း ဖြစ်၏။ မှောင်မိုက်သည့် နေ့စွဲများအတွင်း ကျွန်တော့် အလင်းရောင်တစ်မျိုးလည်းဖြစ်၏။

ရုတ်တရက် လေစိမ်းစိမ်းများက လမ်းတစ်လျှောက် ရှုပ်တိုက်ပြေးဝင်လာကြသည်။ ကျွန်တော်ကောင်းကင်ကို မော့ကြည့်မိတော့ တိမ်များက ပြိုဆင်းလာ၏။ တက္ကသိုလ်စာကြည့်တိုက်မှာ နီးနေပြီ။



ကျွန်တော်က ကုံကော်ပင်တွေအောက်မှ ဖြတ်လျှောက်ကာ စာကြည့်တိုက်ဆီသို့ ရောက်လာသည်။ အပေါက်ဝမှ စာကြည့်တိုက်ထဲကို လှမ်းကြည့်လိုက်သောအခါ စာကြည့်တိုက်ဝန်ထမ်းသုံးယောက်မှအပ အပြင်လူလုံးဝမတွေ့ရချေ။

ကျွန်တော်သည် ပိုမိုသေချာစေရန် စာကြည့်တိုက်အနှံ့ တစ်ပတ်လျှောက်ကြည့်လိုက်သေး၏။ ပြီးမှ ကျွန်တော်တို့နှစ်ယောက်ထိုင်ခဲ့ဖူးသော နေရာလေးကို သေချာကြည့်မိ၏။

ထိုအခိုက်အတန့်မှာပင် ဖျတ်ခနဲ ကျွန်တော်အံ့သြသွားပါသည်။ စာကြည့်စားပွဲပေါ်တွင် ကျွန်တော့်ကို ရည်ရွယ်ထားသော လင်းလင်းပစ္စည်းတချို့ကို မြင်လိုက်ရ၍ဖြစ်သည်။

အစိမ်းရောင် စာအိတ်တအိတ်၊ ကက်ဆက်ခွေတစ်ခွေနှင့် အမှန်တရားကို ငြင်းဆိုထားသော လေဟာနယ်တစ်ခု။

ဘာကိုမဆို ရင်ဆိုင်ဖို့ကျွန်တော်ရဲရင့်နေခဲ့ပြီ။

ကျွန်တော်သည် ပထမဦးစွာ အစိမ်းရောင် စာအိတ်လေးကို ယူကြည့်မိ၏။ စာအိတ်ပေါ်တွင် Forever a friend ဆိုသည့် စာတန်းလေးရေးထိုးထားသည်။ ကက်ဆက်ခွေကာဗာပေါ်တွင်လည်း ထိုကဲ့သို့ပင် ရေးထား၏။ သူမ၏ လက်ရေးခပ်ရှင်းရှင်းလေးကို ကြည့်ပြီး ကျွန်တော်က ဝမ်းနည်းနေ၏။

အမြဲတမ်းသူငယ်ချင်းတဲ့လား ကောင်မလေးရယ်။

စာအိတ်ကို ဖောက်ကြည့်လိုက်တော့ ကျွန်တော်ထပ်မံအံ့သြရပါသည်။ စာအိတ်ထဲတွင် ကျွန်တော်သူမကို ပေးကျွေးခဲ့သော ကွာစေ့ထုပ်မှ တံဆိပ်စာရွက်ကလေးတွေက အထပ်လိုက်ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွေ့ခဲ့စဉ်က သူမသည် ကွာစေ့ထုပ်မှ တံဆိပ်လေးကို သိမ်းလိုက်တာ ကျွန်တော်မှတ်မိသွားသည်။

ထိုတံဆိပ်စာရွက်လေးများ၏ နောက်ကျောတွင် ရက်စွဲများကို လင်းလင်းက ရေးထားသည်။

ဒါဟာ ကျွန်တော့်အတွက် နောက်ဆုံးအဖြေပဲပေါ့။

စောစောကရိပ်ခနဲမြင်လိုက်ရသော ကားလေးသည် လင်းလင်း ကားဆိုတာ သေချာသွားပြီ။ ကျွန်တော်ရင်မောစွာ သက်ပြင်းချဖြစ်သည်။ သူမနှင့် စတွေ့စဉ်က သူမ၏ရှူးကြောင်ကြောင် ဟန်ပန်များအား ပြန်စဉ်းစားမိသောအခါ ကျွန်တော်က မျက်ရည်ဝဲမိသည်။

ရုတ်တရက်နာကျင်မှုသည် လင်းလင်းပေးခဲ့သော လက်ဆောင် များသာ ဖြစ်နေတော့သည်။

ကက်ဆက်ခွေထဲတွင် သူမဘာတွေပြောထားပါလိမ့်၊ ကျွန်တော် သိချင်လာ၏။ ကက်ဆက်ခွေကို ဖွင့်ဖို့ လောလောဆယ် ကျွန်တော် အိမ်ကိုပြန်ရဦးမည်။

လင်းလင်းသည် ကျွန်တော်နှင့် အတူရှိနေစဉ်က ပြောချင်တာကို စကားနဲ့ မပြောဘဲ စာရေးလာပြီး ချက်ချင်းဖတ်ခိုင်းသူ၊ အခုဘေးမှာ မရှိတော့ စာမရေးဘဲ ပြောချင်တာကို ကက်ဆက်နဲ့ အသံသွင်းကာ နားထောင်စေသူ။

ဒီလိုအရှူးမလေးဆီက ကျွန်တော့်မျှော်လင့်ချက်သည် အချစ် ဖြစ်ခဲ့သောအခါ လောကကြီးသည် အရာရာရယ်စရာ ဖြစ်သွားတော့၏။



ကလေးရေ ---

အခုလို ဘာအသံကိုမှမကြားရတော့တဲ့အခါ မင်းနာမည်ဟာ တိတ်ဆိတ်မှုရဲ့အသံတွေ ဖြစ်နေရဲ့။

ငါ့ရဲ့စိတ်ရှုပ်စရာအိပ်မက်တွေ ကျကွဲသွားပြီးနောက် မင်းရယ်သံ တွေကပဲ လွမ်းစရာဖြစ်ခဲ့ပြီ။ တကယ်တော့ အချစ်ဆိုတာ မင်းကို တပ်မက်မိတဲ့ ငါ့ရဲ့လေးနက်မှုပါပဲကွာ ---။

ကျွန်တော်သည် သူမ၏ ထားရစ်ခဲ့ခြင်းတွင် အမှတ်တရ ဖြစ်အောင် ကျောင်းထဲမှ အိမ်အထိ လမ်းလျှောက်ပြန်ခဲ့သည်။ လမ်းတစ်လျှောက် ရှိမြင်ရသော အိမ်များ၊ ကားများ၊ လူများ အားလုံးသည် မှုန်ဝါးဝါးဖြစ်နေ၏။

ကျွန်တော့်ကို အဖြေလာပေးမည်ဆိုသော လင်းလင်းသည် ဘာကြောင့် လူချင်းအတွေ့မခံဘဲ ကက်ဆက်ခွေတစ်ခွေထားခဲ့ကာ ရှောင်ထွက်သွားရသနည်း။ အဖြေသည်သူမပေးခဲ့သော ကက်ဆက်ခွေ ထဲမှာပဲ ရှိပေလိမ့်မည်။

ဘာပဲဖြစ်ဖြစ် လင်းလင်းတွင် လွတ်လပ်သည့် ရွေးချယ်ပိုင်ခွင့် ရှိပါသည်။ ကျွန်တော်က ထိုလွတ်လပ်ခွင့်ကို လေးစားရမည်။

လူတစ်ယောက်၏ တန်ဖိုးဆိုသည်မှာ ထိုလူသည် ဘယ်လောက် လွတ်လပ်ခွင့်ရှိသလဲဆိုသည့်အချက်ပေါ်တွင် မူတည်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅-က,ခ)

ကျွန်တော်သည် ကက်ဆက်ခွေကို ကက်ဆက်ထဲ ထည့်လိုက်ပြီး Play ခလုတ်ကိုခပ်ပြင်းပြင်း ဖိနှိပ်ချလိုက်ပါသည်။ ချက်ချင်းဘာသံမှ ထွက်မလာသေးဘဲ တိပ်သားအနည်းငယ်သည် အလွတ်ဖြစ်နေပုံရသည်။

ခဏကြာမှ ''ကိုရဲမိုး'' ဆိုသည့် ကျွန်တော့်အရှုံးမလေး၏ အသံကို စကြားရပါသည်။

---- သမီးအခုလို လုပ်ခဲ့တာအတွက် ကိုရဲမိုးက သမီးအပေါ် နားလည်ပေးပါ။ သမီးက အခုဆို ဩစတြေးလျကို ထွက်သွားရပြီ။ ကျောင်းသွားတက်ရတာပါ။ ဒီကိစ္စကို သမီးလုပ်နေတာ ကြာလှပြီ။ မသေချာသေးလို့ သမီးက ကိုရဲမိုးကို မပြောပြတာ။ ဟိုတစ်နေ့က သွားဖို့ တကယ်သေချာပြီမို့ ကိုရဲမိုးကို သမီးကပြောပြ မလို့ပဲ။ ဒါပေမဲ့ ကိုရဲမိုးက သမီးဆီက အဲဒီနေ့မှာပဲ အဖြေကောင်း တယ် မဟုတ်လား။ ဒါကြောင့် သမီးက အစီအစဉ်ပြောင်းလိုက် ရတာပါ။ အဲဒီနေ့ကတည်းက သမီးကကိုရဲမိုးအတွက် အရုပ်ကလေး လက်ဆောင်ပေးပြီး တစ်ခါတည်း နှုတ်ဆက်မယ်လို့ စီစဉ်ထားတာ။

www.burmeseclassic.com

www.burmeseclassic.com



ထားပါတော့လေ။ အခုသမီးတို့ နှစ်ယောက်က ဆက်ပြီး ပတ်သက်နေဦးမယ်ဆိုရင် နှစ်ယောက်စလုံးခံစားကြရမှာ မဟုတ်လား။ ဒီတော့ သမီးက သူငယ်ချင်းလိုပါ ရပ်စဲဖို့ ဆုံးဖြတ်ရတာပါ။ ဒီအရွယ်အထိ သမီးဘဝမှာ အချစ်ဆိုတာ သေသေချာချာနား မလည်ခဲ့ပါဘူး။ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ သူစိမ်းမိန်းမ တစ်ယောက် ချစ်ကြတယ်ဆိုတာ သမီးအဖို့ အံ့ဩစရာကောင်းပါ တယ်။ သမီးက ကိုယ်နားမလည်တဲ့ ကိစ္စကြီးကို မလုပ်ချင်တာရယ်၊ သမီးတို့ အဝေးကြီးမှာ ခွဲနေကြရတော့မှာရယ် အဲဒါတွေကြောင့် ခွဲနေကြဖို့ ကိုရဲမိုးကို ပြောရတာ။ အနည်းဆုံး သမီးတို့နှစ်ယောက်က ဆယ်နှစ်လောက်ခွဲနေရဦးမှာ။ သမီးက ကျောင်းပြီး ရင်လည်း ဩစတြေးလျမှာပဲ ဆက်နေဖြစ်လိမ့်မယ်။ ကိုရဲမိုးမှတ်မိဦးမလားတော့ မသိဘူး။ သမီးတစ်ခါတုန်းက နိုင်ငံခြားမှာသွားနေမယ်၊ လိုက်မလား လို့တောင် ကိုရဲမိုးကို ပြောဖူးသေးတယ်လေ။ အဲဒီတုန်းက ကိုရဲမိုးက နောက်တယ်ထင်နေတာ မှတ်လား။ အဲဒါတကယ်ပြောခဲ့တာပဲ။

ကိုရဲမိုးကို သမီးဝန်ခံပါတယ်။ အဲဒါကတော့ သမီးကိုရဲမိုး အပေါ်မှာ ရိုးရိုးသူငယ်ချင်းတစ်ယောက်ထက်တော့ ပိုခဲ့မိတယ်။ ဒီလောက်တော့ ကိုရဲမိုးလည်း သိမှာပဲ။ ဒီလောက်ကိုတော့ အချစ်လို့ နာမည်တပ်ဖို့ သမီးတို့နှစ်ယောက်စလုံး မမိုက်မဲသင့်ဘူးလေ။ ပြီးတော့ ဒီထက်အရေးကြီး တဲ့ အလုပ်တွေကို လူသားတစ်ယောက် အနေနဲ့ သမီးတို့လုပ်စရာရှိ သေးတယ်။ ဖြစ်နိုင်ရင် ကိုရဲမိုးရယ်၊ လင်းလင်းဆိုတာ ဘာမှမဟုတ် လောက်ပါဘူးလို့ သမီးကို သဘောထားပြီး မေ့ပစ်ဖို့ကြိုးစားပါ။



သမီးက မြန်မာပြည်ကို နောက်ထပ် ဆယ်နှစ်အတွင်း ပြန်မရောက်နိုင်တော့ဘူး။ ဒီတော့ ကမ္ဘာကြီးရဲ့ ထောင့်တစ်နေရာမှာ သမီးတို့နှစ်ယောက် မတော်တဆများပြန်တွေ့ခဲ့ကြရင်ပေါ့လေ တစ်ခါမှ မသိကျွမ်းခဲ့ဖူးသလိုပဲ နေကြတာပေါ့။ ဒီလောက်ဆို ကိုရဲမိုး သဘောပေါက် ပြီထင်ပါတယ်။ တော်ပြီနော်။

ကိုရဲမိုးကြီးကံကောင်းပါစေ။

ဂွတ်ဘိုင်

ကျွန်တော်သည် ကက်ဆက်ခလုတ်ကို ပိတ်လိုက်ဖို့ မေ့လျော့ နေပြီး ပြတင်းပေါက်မှ တိမ်တွေကို ငေးနေမိသည်။ တိမ်တွေထဲမှာ လင်းလင်းစီးသွားသော လေယာဉ်ပျံကြီး ရှိမလားဟု ရှာကြည့်မိသေး၏။

ကက်ဆက်သည် ကျန်နေသေးသော တိပ်သားအလွတ်များကို ဆက်လက်ရစ်ပတ်နေဆဲ၊ ကျွန်တော်က အံ့ဖြစ်အပျက်တွေကို မယုံနိုင်စရာ တွေဝေနေမိသည်။ ကက်ဆက်ကို လှမ်းပိတ်လိုက်ပြီး ဆုံးဖြတ်ချက် တစ်ခုကိုချကာ ကျွန်တော်ထိုင်ရာမှ ထလိုက်၏။

ပြီးတော့ လင်းလင်းဖုန်းနံပါတ်ကို နှိပ်လိုက်သည်။ ချမ်းမင်း၊ ပုံ့ပုံ့၊ မေသူအောင် တစ်ယောက်ပြီးတစ်ယောက် ကျွန်တော်ဖုန်းလျှောက် ဆက်ကာ လင်းလင်းသတင်းကို စုံစမ်းသည်။

အဖြေမှာ သူမဩစတြေးလျကို တကယ်ထွက်သွားပြီဆိုသည့် ဝါကျတစ်ကြောင်းတည်းသာ ဖြစ်ပါသည်။

မသွားခင် သူငယ်ချင်းတွေကိုတောင် ရှမ်းကန်မှာ နှုတ်ဆက်ပွဲ တစ်ပွဲလုပ်သွားသေးသည်တဲ့။ ထိုပွဲကို ကျွန်တော် တစ်ယောက်မပြီး သူတို့အားလုံး စုံစုံညီညီတက်ရောက်ခဲ့ကြောင်းကိုပါ ကျွန်တော် သိလိုက်ရ၏။ ကျွန်တော် ဘာတတ်နိုင်ဦးမည်နည်း။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


အားလုံးသည် ရိုးရိုးလေးပဲ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ ကျွန်တော်တို့၏ လမ်းခွဲချိန်တွင် မျက်ရည်များမရှိ၊ နာကျင်ခြင်းများ မရှိ၊ ကြေကွဲမှုများမရှိ၊ ဘာမှ မရှိခြင်းများသာရှိသည်။

မိန်းမတစ်ယောက်အတွက် နူးညံ့သော အပြောင်းအလဲသည် အချစ်ဖြစ်မည်ဆိုလျှင် လင်းလင်းအတွက် ထိုအပြောင်းအလဲကို ကျွန်တော်ဆုတောင်းပေးချင်ပါသည်။

အခုတော့ ကျွန်တော့်တွင် သူမကိုယ်စား အရုပ်လေးတစ်ရုပ်၊ ကက်ဆက်ခွေတစ်ခွေ၊ စာတစ်စောင်နှင့်ကွာစေ့ထုပ် မှ တံဆိပ်လေးများသာ ကျန်တော့၏။ ကျွန်တော်က တံဆိပ်စာရွက်များ၏ နောက်တွင် ရေးထိုးထားသည့် နေ့စွဲတို့ကို ကြည့်ရင်း တစ်ချိန်က သူမနှင့်လျှောက်သွားခဲ့ပုံများကို သတိရနေမိသည်။

လင်းလင်းသည် ဘာပဲဖြစ်ဖြစ် ကျွန်တော့်အပေါ်တစ်ကြိမ်တစ်ခါတော့ စိတ်လှုပ်ရှားခဲ့သည်။

ခံစားမှုများအကြောင်း ပြောရမည်ဆိုလျှင် ကျွန်တော်တို့သည် သေးငယ်ခဲ့သော်လည်း သိမ်ငယ်ခဲ့ကြသူတွေတော့ မဟုတ်ပေ။ ရင့်ကျက်သော သူမ၏ အကြည့်များကို ကျွန်တော်လွမ်းလာ၏။ လင်းလင်း ကျွန်တော့်ကို ချစ်ခဲ့သလားဟု စဉ်းစားကြည့်တော့ အဖြေမရပါ။

ညင်သာသော စကားသံများ၊ ပျော်ရွှင်မှုများ၊ မျက်လုံးချင်းတံတားထိုးထားသည့် ခံစားချက်များ၊ နူးညံ့သော အထိအတွေ့များ၊ သူမ၏ ဆံပင်အရွေ့ပိုင်းက ကျစ်ဆံမြီးများ၊ အပြာရောင်နှင့် အနက်ရောင်များ၊ ကျွန်တော်နားလည်ရန် ခက်ခဲသော မိန်းမတစ်ယောက်၏ ထားရစ်ခဲ့ခြင်းများ။

ကျွန်တော်က ပေါ့ပါးစွာ ရယ်မောဖြစ်သွားသည်။

ရုတ်တရက်ပတ်ဝန်းကျင်တစ်ခုလုံး အေးစက်လာပြီး လေတွေက ခပ်ကြမ်းကြမ်းတစ်ချက်တိုက်၏။

ထိုအခါ စားပွဲပေါ်တွင် တင်ထားသည့် သူမ၏ ကွာစေ့တံဆိပ်များသည် စားပွဲခုံနှင့်တစ်ဆက်တည်းဖြစ်သော ပြတင်းပေါက်ဆီသို့ ရွေ့လျားသွားသည်။ ထို့နောက် ပြတင်းပေါက်မှတစ်ဆင့် အိမ်အပြင်ကို ကျကုန်သည်။

ကျွန်တော်က တံဆိပ်တွေကို ဖမ်းယူဖို့ မကြိုးစားဘဲ ပြတင်းပေါက်သို့ ငုံ့ကြည့်လိုက်ပါသည်။ ကွာစေ့ထုပ်မှ စက္ကူတံဆိပ်လေးများသည် လေထဲတွင် လွင့်နေလေသည် ။ ။

ဝေမှူးသွင်

BURMESE CLASSIC .com
www.burmeseclassic.com